# ပရမတ္ထပကာသနီကျမ်း

ပရမတ်အရာ၊
လိမ္မာတတ်သိ။ဉာဏ်
မျက်စိပွင့်လန်း၍။မဂ်လမ်း
ဖိုလ်လမ်း။ဆုံး[illegible]
တိုင်မြောက်။အပြီးရောက်မြင်နိုင်စေ
ခြင်းအကျိုးငှာ။တောင်ငူမြို့။ကျွန်းတောကုန်းရပ်။
ဓမ္မကထိကဆရာကြီးဦးရှံသည်။
စီမံပြုစုအပ်သော။

# ပရမတ္ထပကာသနီကျမ်း။

ရန်ကုန်မြို့။ဗမ္မာ့မိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်။

1915.

# ပရမတ္ထပကာသနီကျမ်း။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

နမာပဟံသတ္ထုဝါဟဥ္စ၊ပရမတ္ထပကာသကံ။ဓမ္မံနိယျာနပက္ခိယံ၊ နိရင်္ဂဏံဂဏုတ္တမံ။ ။ဓိရံအာစေရဝေပုလ္လံ၊ပရိယတ္တိဝိသာရဒံ။ ယံ သတ္ထုဥ္စ သုဘာသိဿံ၊ ပရမတ္ထပကာသနိံ။ ။တံနိဗ္ဗာနံ့ဂဝေ သန္တာ၊သဒ္ဒါအနုတိမာနိယော။ သာဓဝေါသောတုကာမာစ၊သု ဏာထအာဘိသာရကံ။ ။ပထျာဝတ္တဂါထာ။ ။ပရမတ္ထပကာသ ကံ၊ ပရမတ္ထ။သဘာဝကို။ ကျနသင့်လျော်။ ပြတော်မူတတ်ထ သော။သတ္ထုဝါဟဥ္စ၊လှည်းမှူးပမာ။သတ္တဝါကို။ခေမာသာခေါင်။ ဘေးမဲ့ သောင်သို့။ ပို့ဆောင် တတ်ပြား။ မြတ်ဘုရားကိုလည်း ကောင်း။ နိယျာနပက္ခိယံ၊ တဆယ့်တသိန်း။ ညီးညီး ထိန်ပြောင်။ လောင်၍မတုံး။ဘဝသုံးမှ။အဆုံးလွတ်ကြောင်း။ကောင်းသောအ ဘို့လည်းရှိထသော။ဓမ္မဥ္စ၊မဂ်လေးတန်၊ ဖိုလ်လေးတန်၊နိဗ္ဗာန်ပရိ ယတ်။အထွတ်ဆယ်ပါး။မြတ်တရားကိုလည်းကောင်း။ နိရင်္ဂဏံ၊ အပါယ်လားကြောင်း။ မကောင်းမှုမှ။ ကင်းလွတ်တော်မူပြီးထ သော။ဥတ္တမံ၊ အဝိဇ္ဇာပိတ်ဆိုး။ မှောင်ရိပ်ကြီးကို။ အပြီးပယ်ခွါ။ နှုတ်ပြီးစွာထသော။ ဂဏာဥ္စ၊မဂ္ဂဋ္ဌာန်လေးယောက်၊ဖလဋ္ဌာန်လေး ယောက်ဟုဆိုအပ်သော၊ ရှစ်ယောက်အရိယာ၊ မြတ်သံဃာကို

လည်းကောင်း။ပရိယတ္တိဝိသာရဒ၊ပရိယတ်အရာ၌ ဟောမဝါမြိုင်။ဦးခိုင်ထွတ်ရှိန်။ကေသရိန်ထပ်ဆင့်။ပမာမြှင့်လျက်။ရဲရင့်သောပညာလည်းရှိတော်မူထသော။ဝေပုလ္လ၊ဝိပဿနာ။ဂန္ထဓုရ။နှစ်ဝတိုးပွါး။ကြိုးစားအားထုတ်သဖြင့်။ မယုတ်ပြန့်ပြောဗွာထသော။ဓိရုံ၊ကျောက်တိုင်ကြီးပုံ။ကိလေသာဟုန်ဖြင့်။မတုန်လှုပ်နိုင်။မယိုင်မစောင်း။ကောင်းစွာတေ့ညကြည်သောသမာဓိလည်းရှိထသော။အာစေရဥ္စ၊ဆရာသခင် ကျေးဇူးရှင်ကိုလည်းကောင်း။အဟံ၊ငါးပါးရုပ်နာမ်။ပဥ္စက္ခန္ဓကို။အဟံသမုတ်။အကျွန်ုပ်သည်။ နမေ-နမာမိ၊သုံးဖြာဒွါရ။ကာရိုဏ်းပြုလျက်။ကြည်ဆွသဒ္ဓါ။ရှိခိုးပါ၏။နမော-နမဿိတွာ၊ရှိခိုးပြီး၍။ပရမတ္ထပကာသနီ၊ပရမတ္ထ။သဘာဝကို။ပြရာပြကြောင်းဖြစ်၍၊ပရမတ္ထပကာသနီအမည်ရှိသော။ယံသတ္ထံ၊အကြင်ကျမ်းကို။ဘာသိဿံ၊ရေးသားပြုပြင်။စီရင်ပေအံ့။နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ဂဝေသန္တာ၊မယုတ်မလွန်။အားကုန်သွန်၍။လွန်စွာရှာမှီးကြကုန်သော။သဒ္ဓါ၊လေးပါးဣရိယာ။အခါခပ်သိမ်း။အနုတ်မာန်ယော၊ပျင်းရိတွန့်တို့။ငြင်ငြိုယုတ်လျော့ခြင်းမရှိကုန်သော။သောတုကာမာ၊ကမ္ဘာအသင်္ချေ။လွန်လေငြားလည်း။ကြားရခဲစွာ။မြိုက်ရသာကို။နာခြင်းငှါအလိုရှိကုန်သော။သာဓဝေါ၊သူတော်ကောင်းတို့သည်။အဘိသာရကံ၊အလွန်ကောင်းမွန်ရိုသေစွာ။ တံသတ္ထံ၊ထိုပရမတ္ထပကာသနီအမည်ရှိသောကျမ်းကို။သုဏာထ၊ သောတဒွါရ။ ကာရိုဏ်းပြုလျက်။ လုံ့လသည်းစွာ။ နာလိုက်ကြပါကုန်လော့။

ခန္ဓာနဥ္စပဒိပါဒိနံ၊ဓာတုအာယတနာနဥ္စ။အဇ္ဈတ္တိကန္တံ ဝတ္တမာနာ၊သံသာရောတိပဝုစ္စတိ။ ။ခန္ဓာနဥ္စ၊ ခန္ဓာငါးပါးတို့၏လည်းကောင်း။ ဓာတုအာယတနာနဥ္စ၊ ဓာတ်အာယတနတို့၏ လည်းကောင်း။အဇ္ဈတ္တိကန္တံ၊မပြတ်။ဝတ္တမာနာ၊လည်၍ဖြစ်သော။ပဒိပါဒိ၊အစဉ်ကို။သံသာရောတိ၊သံသရာဟူ၍။ပဝုစ္စတိ၊ဆိုအပ်၏။ ။ဤပါဠိ၏အနက်အရ။ပိဋကတ္တအလို။ ဖွင့်ပြ၍ဆိုလိုက်လျှင်။ ခန္ဓာငါးပါး။အာယတနတဆယ့်နှစ်ပါး။ဓာတ်တဆယ့်ရှစ်ပါးတို့၏။မပြတ်

လည်၍ဖြစ်သောအစဉ်ကို။သံသရာဟူ၍ဆိုသည်။အဘယ်ကဲ့သို့ ခန္ဓာ၊အာယတန၊ ဓာတ်တို့မပြတ်လည်၍ဖြစ်ပါသနည်း။ ရှေးအ တိတ်ဘဝ၌ရအပ်သောအဝိဇ္ဇာ၊သင်္ခါရ။ထိုနှစ်ပါးနှင့်လသဘောတူ ဖြစ်သောတဏှာ၊ဥပါဒါန်၊ကမ္မဘဝ။ ဤအကြောင်းတရားငါးပါး တို့သည်။ရုံးပေါင်းဆုံလျက်။ဖြစ်ပျက်ခဲ့ကြခြင်းကြောင့်။ ယခု ပစ္စုပ္ပန်ဘဝ၌။ဝိညာဏ်၊နာမ်ရုပ်၊ သဠာယတန၊ဖဿ၊ဝေဒနာဟူ သောအကျိုးတရားငါးပါးတို့သည်။ ထင်ရှားစွာဖြစ်လာပေါ်လာ ကြပြန်ကုန်သည်။ထိုအကျိုးတရားငါးပါးတို့တွင်။အဆုံးဖြစ်သော ဝိပါက်ဝေဒနာသည်။ပကတူပနိဿယပစ္စယသတ္တိဖြင့်၊ကျေးဇူး ပြု၍ပေးပြန်သောကြောင့်။ ယခုပစ္စုပ္ပန်ဘဝ၌ပင်။ တဏှာ၊ဥပါ ဒါန်၊ကမ္မဘဝ။ ထိုသုံးပါးနှင့်အလားတူသဘောတူဖြစ်သော အ ဝိဇ္ဇာ၊သင်္ခါရ။ဤအကြောင်းတရားငါးပါးတို့သည်။ ရုံးပေါင်းဆုံ လျက်။ဖြစ်လာပေါ်လာကြပြန်ကုန်သည်။ဤယခုပစ္စုပ္ပန်ဘဝ၌၊အ ကြောင်းတရားငါးပါးတို့၏၊ရုံးပေါင်းဆုံလျက်၊ ဖြစ်ပျက်ကြပြန် ခြင်းကြောင့်။နောင်အနာဂတ်ဘဝ၌၊ဇာတိ၊ဇရာ၊မရဏဟူသော အကျိုးတရားတို့သည်။ထင်ရှားစွာဖြစ်ပေါ်လာကြပြန်ကုန်သည်။ ဤဇာတိ၊ဇရာ၊မရဏဟူသည်ကား၊တရားကိုယ်အသီးအခြားမ ရှိ။ ဝိညာဏ်၊နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟူသောအ ကျိုးတရားငါးပါးတို့၏၊ ဖြစ်ပေါ်ခြင်း ဥပါဒ်သည်ပင်ဇာတိ၊ ရင့် ခြင်းဌီသည်ပင်ဇရာ၊ ပျက်ခြင်းဘင်သည်ပင်မရဏ။ဤသို့လျှင်၊ မျိုးစေ့နှင့်သစ်ပင်ကဲ့သို့၊ အစဉ်မပြတ်၊ အကြောင်း အကျိုးဆက် စပ်၍၊တပတ်ဝတ်တလည်လည်၊မြင့်ရှည်စွာလာခဲ့ရသောပဋိစ္စသ မုပ္ပါဒ်၊ခန္ဓာ၊အာယတန၊ဓာတ်၊စက်ရဟတ်တို့၏အစဉ်ကိုပင်၊သံ သရာဆိုသည်။ ။အဘယ်ကဲ့သို့၊ရှေးအတိတ်ဘဝက။အကြောင်း တရားငါးပါးတို့၊ရုံးပေါင်းဆုံလျက်၊ဖြစ်ပျက်ခဲ့ကြခြင်းကြောင့်၊ ယခုပစ္စုပ္ပန်ဘဝ၌၊ဝိညာဏ်စသောအကျိုးတရားငါးပါးတို့၊ ဖြစ် ပေါ်လာရပြန်ပါသနည်းဟူမူ။ ။မောဟဟူသောအဝိဇ္ဇာသည်။ သတ္တဝါတို့၏သန္တာန်၌၊ဇောဝိထိကျရောက်၍၊အဘန်ဘန်ဥပါဒ်။

ကိန်းဝင်လျက်ရှိသောကြောင့်။ ကိုးလိုဏ်ချောင်၊ ဥမင်တွင်းသို့၊
သက်ဆင်းကျရောက်ရသောယောကျ်ားဖြံပမာ။မသာယာမတောင့်
တအပ်သော၊ အဇ္ဈတ္တကိုယ်ခန္ဓာနှင့်တကွ။ ဗဟိဒ္ဓအာရုံ၊ ကာမ
ဂုဏ်ဝတ္ထု၊မီးစာရတို့ကို၊အပူဟုမထင်။အမှားကိုအမှန် အမှန်ကို
အမှား၊အသုဘကိုသုဘ။အနိစ္စကိုနိစ္စ။ဒုက္ခကိုသုခ။အနတ္တကိုအတ္တ
ဟု၊ဖေါက်ပြန်မှားယွင်း၊ဝိပ္လာ၏ဖောက်တွင်း၌၊ထင်မြင်ခြင်းဟူသ
မျှသည်။မြွေးရှက်ကာသန်း၊အမြင်ကန်းအောင်၊ ဖုံးလွှမ်းပိတ်ကာ
သောအဝိဇ္ဇာမောဟ၏ သဘောကြိယာပေတည်း။ ။ယင်းကဲ့
သို့၊မောဟအဝိဇ္ဇာ၊ ဖုံးအုပ်လျက်ရှိသောသတ္တဝါတို့၏သန္တာန်၌
သာလျှင်၊တဏှာဟူသောလောဘသည်၊၎င်းမောဟနှင့်တကွနက်။
ဖြစ်ပျက်ဥပါဒ်၍။ကိန်းဝပ်လျက်ရှိပြန်သောကြောင့်။ ၎င်းမသာ
ယာ မတောင့်တအပ်သော။ အဇ္ဈတ္တကိုယ်ခန္ဓာနှင့်တကွ၊ ဗဟိဒ္ဓ
အာရုံ၊ကာမဂုဏ်ဝတ္ထု။ မီးစာရတို့ကို၊မှုမှုရရ။ တောင့်တတွယ်
တာ၊ သာယာနှစ်ခြိုက်၊အလိုလိုက်၍။ သိမ်းပိုက်စုံမက်၊နှစ်သက်
မြတ်နိုးခြင်းဟူသမျှသည်။တဏှာလောဘ၏သဘောကြိယာပေ
တည်း။ ။ယင်းကဲ့သို့၊တဏှာသည်၊အလိုရှိအပ်သောအာရုံ၊ကာ
မဂုဏ်တို့ကို၊အာရုံပြု၍။အဘန်ဘန်တောင့်တ၊သာယာတပ်မက်
၍၊နှစ်သက်ဥပါဒ်ခြင်းများသဖြင့်၊အားရှိ၍လာပြန်လျှင်။၎င်းတဏှာ
သည်ပင်၊စွဲလမ်းခြင်းဥပါဒါန်ကိစ္စတပ်၍။ဘားကိုငါးစပ်ဖြင့်ဟပ်
ခဲသောမြွေကဲ့သို့၎င်း။ အိမ်တွင်း၌ ဥစ္စာကိုဆွဲ၍၊ မလွှတ်ဘဲထား
သောသူခိုးကဲ့သို့၎င်း။ မိမိလက်တွင်းသို့ရောက်ပြီးသော ရွှေငွေစ
သောပစ္စည်းဥစ္စာ၊ဘဏ္ဍာပရိကံ၊သုံးဆောင်ရန်နှင့်တကွ။ သား၊
မယား၊အိုး၊အိမ်၊ဥယျာဉ်၊မြေခြံဟူသမျှတို့ကို၊တနေ့တည့၊ မလပ်
ရအောင်၊ ငါ့ဟာ ငါ့ဟာ ဟုခဲမဲစွဲလမ်းခြင်းဟူသမျှသည်လည်း
ကောင်း။ မိမိလက်တွင်းသို့မရောက်သေးသောအာရုံကာမဂုဏ်
တို့ကို၊ရပါလိုခြင်းအကျိုးငှာ၊အဘန်ဘန်ဥပါဒ်စွဲလမ်း၍၊ဘရမ်း
ဘတာ။ခွေးဦးခေါင်း၌၊လောက်ကိုက်သောပမာကဲ့သို့၊နေရာထိုင်
ရာမတတ်။ငတ်မွတ်ဆာလောင်၊ တောင်ရောက်မြောက်ရောက်၊

ကဘောက်ကဘက်၊ရပ်လျက်မတည်။တလည်လည်ရှာဘွေပင်ပန်းလျက်စွဲလမ်းခြင်းဟူသမျှတို့သည်လည်းကောင်း။ ဥပါဒါန်၏သဘောကြီးယာပေတည်း။ ။ဤကဲ့သို့၊အဝိဇ္ဇာ၊တဏှာ၊ဥပါဒါန်တို့က၊ဖြင်းထန်စွာနှက်ရိုက်၊ရှူးရှူးတိုက်၍၊ မိုက်လှသောသတ္တဝါသည်။ ဒေါသတိုက်၍၊ ကိုက်သောခွေးကဲ့သို့ရင်း။ မူဆိုးတိုက်၍ကိုက်သော ခွေးကဲ့သို့ရင်း၊ အတွေးအဆမရှိ။ ပါဏာတိပါတစသော ကာယဒုစ္စရိုက်သုံးပါး။ မုသာဝါဒစသောဝစီဒုစ္စရိုက်လေးပါး။အဘိဇ္ဈာစသောမနောဒုစ္စရိုက်သုံးပါး။ ဤသို့အားဖြင့်၊ဆယ်ပါးသောဒုစ္စရိုက်တို့ကို။ ပြုလုပ်အားထုတ်မှားသဖြင့်၊ လိုက်စားကျင့်ကြံပြန်၍။အကုသိုလ်စေတနာဟူသောသင်္ခါရ၊ အကုသိုလ်ကမ္မဘဝတို့၏၊ဖြစ်ပေါ်ပြည့်စုံ၍လာခြင်းပင်တည်း။ ။ယင်းကဲ့သို့၊ဆိုအပ်ခဲ့ပြီးသောအဝိဇ္ဇာ၊တဏှာ၊ဥပါဒါန်၊ကမ္မဘဝ၊သင်္ခါရဟူသောအကြောင်းတရား၊ငါးပါးတို့သည်။ရှေးရှေးသောဘဝတို့က။လုံးထွေးစုံ၊ပေါင်းဆုံဥပါဒ်၍၊ခုတ်ရိုက်ခဲ့ခြင်းကြောင့်။ယခုပစ္စုပ္ပန်၊အပါယ်လေးဘုံဟူသောဘဝ၌။ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေစိတ်ဝိညာဏ်ဟူသောအကျိုးဆက်သည်။အသစ်စက်စက်၊ဒိုင်းအမာပေါက်သကဲ့သို့။ဖြစ်ပေါ်လာပြန်သည်ကို။ သင်္ခါရပစ္စယာဝိညာဏံဟူ၍ဆိုသည်။ ။ယင်းကဲ့သို့၊ပဋိသန္ဓေဝိညာဏ်အသစ်၊အကျိုးဆက်ဖြစ်လေလျှင်။၎င်းဝိညာဏ်နှင့်တွဲယှဉ်လျက်ပါသောဖဿဝေဒနာစသောစေတသိက်တရားတို့သည်ကားနာမ်။ ပထဝီ၊အာပေါ၊တေဇော၊ ဝါယောဟူသောမဟာဘုတ်ရုပ်လေးပါး။ဝဏ္ဏ၊ဂန္ဓ၊ရသ၊ဩဇာဟူသောရုပ်လေးပါး။ဇီဝိတရုပ်တပါး။၎င်းရုပ်ကိုးပါးတွင်၊စိတ်၊စေတသိက်တို့၏မှီရာ၊ဟဒယဝတ္ထုရုပ်တပါးကိုထည့်၍၊ ဝတ္ထုဒသကရုပ်ကလာပ်တစည်း။ ၎င်းဟဒယဝတ္ထုရုပ်ကိုနုတ်၍။ မိန်းမဖြစ်ရန်ဣတ္ထိဘာဝရုပ်၊ ယောကျ်ားဖြစ်ရန်ပုရိသဘာဝရုပ်တခုကို ထည့်ပြန်သဖြင့်၊ ဘာဝဒသကရုပ်ကလာပ်တစည်း။၎င်းဘာဝရုပ်ကိုနုတ်၍၊ ကိုယ်ဖြစ်ရန် ကာယပသာဒဝတ္ထုရုပ်ကိုထည့်ပြန်သဖြင့်၊ ကာယဒသကရုပ်ကလာပ်တ

စည်း။ ဤကမ္မဇရုပ်ကလာပ် သုံးစည်းတို့သည်ကား ရုပ်။ ဤရုပ်၊ နာမ်နှစ်ပါးတို့သည်။ပဋိသန္ဓေစိတ်ဝိညာဏ်နှင့်ယှဉ်တွဲ၍၊ ၎င်း ပဋိသန္ဓေစိတ်ဝိညာဏ်က၊ သဟဇာတပစ္စယသတ္တိဖြင့်၊ ကျေးဇူး ပြု၍ပေးမှုဖြစ်ပေါ်လာရသည်ဖြစ်၍၊အမိုင်းအမာသည်၊ပေါင်းပွကြီး ပွါး၍လာသကဲ့သို့၊ ဝိညာဏ်ကြောင့်နာမ်၊ ရုပ်နှစ်ပါးကြီးပွါးရင့် မာ။ တခဲနက်ဖြစ်လာသည်ကို။ ဝိညာဏပစ္စယာ နာမရူပံ၊ ဟုဆို သည်။ယင်းကဲ့သို့၊နာမ်၊ရုပ်နှစ်ပါး၊ကြီးပွါးရင့်မာ၊တခဲနက်ဖြစ်လာ လျှင်၊ ၎င်းနာမ်၊ရုပ်နှစ်ပါးကိုမှီ၍၊ မျက်လုံးအိမ်၏အတွင်း၌။ စက္ခု ပသာဒဟူသောစက္ခာယတနမျက်စိအကြည်တပေါက်။နား၏အ တွင်း၌။သောတပသာဒဟူသော သောတာယတန၊နားအကြည် တပေါက်။နှာခေါင်း၏အတွင်း၌။ဃာနပသာဒဟူသောဃာနာယ တန၊နှာခေါင်းအကြည်တပေါက်။ လျှာ၏အလယ်၌။ ဇိဝှါပသာဒ ဟူသောဇိဝှါယတန၊ လျှာအကြည်တပေါက်။ ဆံပင်ဖျား၊ ခြေ သည်းလက်သည်းဖျား၊အသားခြောက်အသားမာတို့ကိုလွှတ်၍။ တွေ့ ထိ၍ သိကောင်းသမျှသော အရပ်၌၊ နှံ့လျက်တည်သောကာယပ သာဒဟူသောကာယာယတန၊ကိုယ်အကြည်တပေါက်။ပဋိသန္ဓေ စိတ်ဝိညာဏ်နောင် ဖြစ်ပေါ်လာသော၊ ပဉ္စမဘဝင်စိတ်မှ စ၍။ စိတ်တည်းဟူသော မနာယတန၊ အကြည်တပေါက်။ ဤသို့အား ဖြင့်၊အဇ္ဈတ္တိကာယတနခြောက်ပါးတံခါးခြောက်ပေါက်တို့သည်။အမိုင်း အမာသည်ကြီးပွါးရင့်မာ၍၊ ပြည့်ပေါက်ရန် အပေါက် ခြောက် ပေါက် ဖြစ်သကဲ့သို့။ နာမ်၊ရုပ်နှစ်ပါးကိုမှီ၍၊ အဇ္ဈတ္တိကာယတန ခြောက်ပါး၊တံခါးခြောက်ပေါက်ဖြစ်ပေါ်လာသည်ကို။နာမရူပပစ္စယာ သဠာယတနံ၊ ဟုဆိုသည်။ အမိုင်းအမာအပေါက်မှ၊ သွေးပြည်တို့ သည်၊ တစိုစိုတရိုရို၊ယိုစီး၍ ထွက်သကဲ့သို့။ အဇ္ဈတ္တိကာယတ နခြောက်ပါး၊တံခါးခြောက်ပေါက်မှထွက်၍၊အာရုံခြောက်ပါးကို၊ ထိပါး ခြင်းကြီယာဟူသောဖဿစေတသိက်ပေါ်လာရပြန်သည်ကို။သဠာယ တနပစ္စယာဖဿော၊ဟုဆိုသည်။ ။ယင်းကဲ့သို့ဖဿသထိပါးသော အာရုံခြောက်ပါးကို။ လိုက်၍လိုက်၍ ခံစားသောဝေဒနာစေတသိက်ဖြစ်

ပေါ်လာသည်ကို။ဖဿပစ္စယာဝေဒနာ၊ဟုဆိုသည်။ ။ဤသို့လျှင်။
ဝိညာဏ်၊ နာမ်ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ၊ဟူသောအကျိုး
တရားငါးပါးတို့သည်၊ ထင်ရှားစွာဖြစ်ပေါ်လာကြကုန်သည်။ထို
အကျိုးတရားငါးပါးတို့တွင်၊ ဝေဒနာဟူသောအကျိုးတရား၊ ခံ
စားအပ်သော အာရုံကို၊ သာယာ နှစ်သက်တတ်သော တဏှာ
သည်လည်းကောင်း။ သုခဝေဒနာ ခံစားပြီးသော အာရုံကို၊ ပြန်
၍ပြန်၍ တောင့်တသောအခါ၊ ဖြစ်ပေါ်လာသော တဏှာ သည်
လည်းကောင်း။ ဒုက္ခဝေဒနာခံစားပြီးသောအခါ။ချမ်းသာခြင်းသု
ခကိုတောင့်တသောတဏှာသည်လည်းကောင်း။အကျိုးဖြစ်သော
ဝိပါက်ဝေဒနာကျေးဇူးပြုသဖြင့်။ ယခုပစ္စုပ္ပန်ဘဝ၌၊အကြောင်း
ဖြစ်သောတဏှာပေါ်လာရပြန်သည်ကို။ဝေဒနာပစ္စယာတဏှာ၊
ဟုဆိုသည်။ ။အဝိဇ္ဇာသည်၊ အဖြစ်ကိုမမြင်အောင်ဖုံးအုပ်သ
ဖြင့်။ဝတ္ထုအာရုံကာမဂုဏ်တို့ကို၊ ရုံမက်တောင့်တသောတဏှာ
သည်အားကြီး၍လာပြန်လျှင်။ဥပါဒါန်ကိစ္စတပ်၍။ ၎င်းဝတ္ထုအာ
ရုံကာမဂုဏ်တို့ကို၊ ပြင်းထန်စွာစွဲလမ်းတောင့်တ၍လာသည်ကို၊
တဏှာပစ္စယာဥပါဒါန်၊ဟုဆိုသည်။ဤသို့လျှင်ယခုပစ္စုပ္ပန်ဘဝ
၌၊အလိုရှိအပ်တောင့်တအပ်သောအာရုံကာမဂုဏ်တို့ကို၊ခိုမင်စွဲ
လမ်းသဖြင့်၎င်း။နှောင်အနာဂတ်၌၊ရလတ္တံ့သောအာရုံ၊ကာမဂုဏ်
တို့ကို၊ခိုမင်စွဲလမ်းသဖြင့်၎င်း။ ၎င်းအာရုံကာမဂုဏ်တို့ကို၊ပြည့်စုံ
ပါစေခြင်းအကျိုးငှါ။ ဒါန၊သီလ၊ဘာဝနာစသောပုညာဘိသင်္ခါ
ရကုသိုလ်။ ပါဏာတိပါတ စသော အပုညာဘိသင်္ခါရ အကု
သိုလ် ကံတရားတို့ကို၊ အားထုတ်ပြန်သဖြင့်၊ ကုသိုလ်စေတနာ၊
အကုသိုလ်စေတနာ ဟူသော ကမ္မဘဝ၊ သင်္ခါရ ဟူသောအ
ကြောင်းတရားတို့လည်း ထင်ရှားစွာ ဖြစ်ပေါ်လာပြန်ကုန်သည်။
ယခင်ပြဆိုခဲ့ပြီးသည့်အတိုင်း၊ ဒိုင်းအမာသည်။ ကြီးပွါးရင့်မာ၊
ငန်းမန်းလိုက်၍လာသည်ကို။ မသင့်သော အညှော်ကိုခံ။ မသင့်
သောအစာကို စားမိပြန်သဖြင့်၊ တနေ့ရာ၌၊ အမာတလုံး တိုး၍
ပေါက်ပြန်သကဲ့သို့။အတိတ်ဘဝက၊အဝိဇ္ဇာ၊ သင်္ခါရ၊တဏှာ၊ဥ

ပါဒါန်၊ဘဝဟူသောအကြောင်းတရားငါးပါးတို့ကို၊ အားထုတ်ခဲ့ခြင်းကြောင့်။ယခုပစ္စုပ္ပန်ဘဝ၌။ ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ ဝေဒနာ ဟူသောအကျိုးတရား။ ခန္ဓာငါးပါး၊ ဒုက္ခတုံးကြီးကို၊ ရပြီးဖြစ်ပါလျက်၊ ၎င်းဒုက္ခတုံး၊ ဆုံးကုန်ရန်ကိုမကြံ၊ မသင့်သောအသြော်ကိုခံ၍၊အနာပွါးပြန်သကဲ့သို့။ ယခုပစ္စုပ္ပန်ဘဝ၌။ တဏှာ၊ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ ဟူသောအကြောင်းမျိုးတို့ကို၊ကုန်ခန်းအောင်၊ဖုတ်ဖြိုက်ရန်ကိုအားမထုတ်ဘဲ။ စည်ကားအောင်ကိုသာ ဝိုက်ပျိုးပွါးများအားထုတ်ပြန်ခြင်းကြောင့်။ နောင်အနာဂတ်၌၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ဖဿ၊ ဝေဒနာဟူသောအကျိုးတရား၊ငါးပါးတို့သည်။ ပစ္စည်း၊ပစ္စယုပ္ပန်အစဉ်ဖြင့်၊ ခန္ဓာတပင် ပေါက်ရပြန်လေသည်။ ဤသို့သောနည်းအားဖြင့်။ ဝဋ္ဋသမုပ္ပါဒ် စက်ကို-၇-ပါးသော အခြင်းအရာအားဖြင့်၊ ဝေဘန်၍သိရမည်။၇- ပါးသောအခြင်းအရာဟူသည်ကား။ အင်္ဂါအားဖြင့် ၁၂-ပါး။ မူလအားဖြင့်-၂-ပါး။ အဓွန့်ကာလ အားဖြင့်-၃-ပါး။ အစပ်အားဖြင့်-၃-ပါး။ ဝဋ် အားဖြင့်-၃-ပါး။ အလွှာအားဖြင့်-၄-ပါး။ အခြင်းအရာ အားဖြင့်-၂၀-ဟူ၍။ ၇-ပါးသောအခြင်းအရာတို့တည်း။

။ထို-၇-ပါးတို့တွင်။အင်္ဂါ-၁၂-ပါးဟူသည်မှာ။ အဝိဇ္ဇာအစ၊ ဇရာမရဏ အဆုံးအားဖြင့်-၁၂-ပါး။ ထင်ရှား သိလွယ်ပြီ။ အဓွန့်ကာလ-၃-ပါး ဟူသည်ကား။ အင်္ဂါ-၁၂-ပါးတို့တွင်၊ ရှေးဖြစ်သော အဝိဇ္ဇာ၊သင်္ခါရ၊ အင်္ဂါ-၂-ပါးတို့သည်။ အတိတ်ကာလအဓွန့်မည်ကုန်၏။ နောင်ဖြစ်သောဇာတိ၊ ဇရာမရဏ၊အင်္ဂါ-၂-ပါးတို့သည်။ အနာဂတ်ကာလအဓွန့်မည်ကုန်၏။ အလယ်၌။ ဝိညာဏ်အစ၊ဘဝအဆုံးရှိသောအင်္ဂါရှစ်ပါးတို့သည်၊ပစ္စုပ္ပန်ကာလအဓွန့်မည်ကုန်၏။ ။

အလွှာ-၄-လွှာ ဟူသည်ကား။ ရှေးအတိတ်ဘဝက ဖြစ်ခဲ့ကြပြီးသော အဝိဇ္ဇာ၊သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ ဟူသော၊ အကြောင်းငါးပါးတလွှာ။ ၎င်းအကြောင်းငါးပါးကြောင့်။ ယခုပစ္စုပ္ပန်ဘဝ၌။ ပေါ်လာရသော၊ ဝိညာဏ်၊နာမ်ရုပ်၊ သဠာယတန၊ ဖ

ဿ၊ ဝေဒနာ ဟူသောအကျိုးငါးပါးတလွှာ။ ၎င်းပစ္စုပ္ပန်အကျိုးငါးပါးကိုမှီ၍။ ယခုပစ္စုပ္ပန်ဘဝ၌ပင်၊ပေါ်လာရပြန်သောတဏှာ၊ ဥပါဒါန်၊ကမ္မဘဝ၊အဝိဇ္ဇာ၊ သင်္ခါရဟူသော ပစ္စုပ္ပန်အကြောင်းငါးပါးတလွှာ။ ဤပစ္စုပ္ပန်အကြောင်းငါးပါးကြောင့်။ နောင်အနာဂတ်ဘဝ၌။ ဖြစ်ပေါ်လာရပြန်သောဝိညာဏ်၊နာမ်ရုပ်၊ သဠာယတန၊ဖဿ၊ဝေဒနာဟူသော အနာဂတ်အကျိုးငါးပါးတလွှာ။ဤသို့အားဖြင့်။အလွှာ-၄-လွှာတည်း။ ။ခြင်းရာ-၂၀-ဟူသည်မှာလည်း။၎င်းအလွှာ-၄-လွှာကိုပေါင်း၍။ခြင်းရာ-၂၀-ဖြစ်သည်။ ။မူလ-၂-ပါးဟူသည်ကား။အဝိဇ္ဇာ၊တဏှာ၊ ဟူသောအမြစ်ကြီး၂-ပါးတည်း။ ။ဝဋ်-၃-ပါး ဟူသည်ကား။ အင်္ဂါ-၁၂-ပါးတို့တွင်။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ဟူသောအင်္ဂါ-၃-ပါးတို့သည်။ ကိလေသဝဋ်မည်ကုန်၏။ကုသိုလ်စေတနာ၊ အကုသိုလ်စေတနာ ဟူသော ကမ္မဘဝ၊ သင်္ခါရဟူသောအင်္ဂါ-၂-ပါးတို့သည်ကမ္မဝဋ်မည်ကုန်၏။ ကြွင်းသောအင်္ဂါ၇စ်ပါးတို့သည် ဝိပါကဝဋ်မည်ကုန်၏။ ။အစပ်-၃-ပါးဟူသည်ကား။အင်္ဂါ-၁၂ပါးတို့တွင်။ သင်္ခါရနှင့်၊ဝိညာဏ်၏စပ်ကြားတစပ်။ဝေဒနာနှင့်တဏှာ၏ စပ်ကြားတစပ်။ ဘဝနှင့် ဇာတိ၏စပ်ကြားတစပ်။ ဤသို့အားဖြင့်အစပ်-၃-ပါးတည်း။ ဤသို့သော နည်းအားဖြင့်။-၇-ပါးသောအခြင်းအရာဖြင့်ဝေဘန်၍၊ဟောတော်မူအပ်သောဤပဋိစ္စသမုပ္ပါဒ်စက်ကွင်းသည်။အလွန်ပူပြင်း၍၊လတ်တလောသေခြင်းသို့ ရောက်စေတတ်သော မီးလျှံကြီး စက်ကွင်းထက် ဆတက်ထောင်ရာ၊ မကသောအောင်၊ကြောက် ရွံ့ထိတ်လန့်ဘွယ်ကောင်းလှ၏။အဘယ့်ကြောင့်နည်းဟုဆိုလျှင်။မီးလျှံကြီးစက်ကွင်းမိ၍၊သေရသောသတ္တဝါတို့မှာ။ယခုတဘဝ၌သေခြင်းဟူသောဒုက္ခတခုကိုသာခံကြရကုန်သည်။သေခြင်းဒုက္ခမှတပါးအခြားသောဒုက္ခကိုမခံကြရ။သေခြင်းဟူသောဒုက္ခကိုလည်း ယခုတဘဝ၌သာခံကြရသည်။ နောက်ဘဝသို့လိုက်၍မခံရ။ ။ဤပဋိစ္စသမုပ္ပါဒ်၊စက်ကွင်းမိသောသတ္တဝါတို့သည်။ အစမရှိသောအနမတဂ္ဂသံ

သရာမှစ၍။ယခုဘဝသို့ထိအောင်။ ဤစက်ကွင်းဖြင့်၊တဝင်းဝင်း
လှည့်သည်၍၊အပါယ်သို့ရောက်လိုရောက်။ မြော်မြောက်လှန်လှန်။
ဆန်တုန့်ဗန်တုန်။ဥုံတလဲလဲဖွတလဲလဲ။ ခန္ဓာသာပြောင်းလဲ၍၊အ
နဲနဲသောအမိဝမ်းခေါင်းနှင့် ကျဉ်းမြောင်းစွာ ပဋိသန္ဓေတည်နေ
ရခြင်းဟူသောဇာတိဒုက္ခ၊ ဆံဖြူသွားကျိုး၊နားလေထိုးနှင့်၊ အဘိုး
အို၊ အမယ်အိုဖြစ်ရသဖြင့်၊ ထိုင်းမှိုင်းကုန်းကွ၊ ခံနေရသောဇရာ
ဒုက္ခ။ ရုတ်ဖြတ်ကြွေ၍၊သေရခြင်းဟူသောမရဏဒုက္ခ။ ဖွဲမီးညှဉ်း
သကဲ့သို့ တငွေ့ငွေ့ပူပြင်းရသော သောကဒုက္ခ။ သက်ကြီးရှိုက်
ဖို၊ငိုကြွေးမြည်တမ်းရခြင်းဟူသောပရိဒေဝဒုက္ခ။အာပေါပထဝီ၊
ဓာတ်-၄-လီတို့၊မညီဖေါက်ပြန်သဖြင့်။ကိုယ်၌ကျင်နာရခြင်း။အ
ဝီစိ အစရှိသော ငရဲသို့ကျရောက်၍၊ မီးတုံးကြီးဖြစ်သဖြင့်။ကိုယ်
၌ကျင်နာရခြင်းဟူသောဒုက္ခဒုက္ခ။ အလိုဆန္ဒမပြည့်ဝသဖြင့်၊မ
သာမယာ၊စိတ်၌ကျင်နာရခြင်းဟူသောဒေါမနဿဒုက္ခ။ငိုကြွေး
မြည်တမ်းဘန်များသဖြင့်အားကုန်ခန်း၍။ သက်ကြီးရှိုက်ငင်၊ပင်
ပန်းရခြင်းဟူသောဥပါယာသဒုက္ခ။ချစ်ခင်နှစ်သက်အပ်သောသူ
တို့နှင့်သေ၍ကွေကွင်းရခြင်း။ရှင်စဉ်ကွေကွင်းရခြင်းကြောင့်ဖြစ်
သောပိယေဟိဝိပ္ပယောဂဒုက္ခ။ မချစ်ခင်မနှစ်သက်အပ်သောသူ
တို့နှင့်၊အတူတကွ၊ပေါင်းယှဉ်၍ နေရခြင်းကြောင့်ဖြစ်သောအပိ
ယေဟိသမ္ပယောဂဒုက္ခ။ လိုအပ်သည်ကိုမရခြင်းကြောင့်ဆင်းရဲ
ရခြင်းဟူသောဣစ္ဆိတာလာဘဒုက္ခ။ ဥပါဒါန်၏ အာရုံဖြစ်သော
ဤခန္ဓာငါးပါးကြီးကိုလွယ်ပိုးလျက် နေရခြင်းကြောင့်ဖြစ်သော
ဥပါဒါနက္ခန္ဓဒုက္ခ။ ဤဆိုအပ်ခဲ့ပြီးသောဒုက္ခ-၁၂-ပါးတို့ကို။စက်
ကွင်းမှမလွတ်ကင်းသေးသမျှကာလပတ်လုံး၊ တဝင်းဝင်းခံကြရ
ကုန်သည်။ ထိုဆိုခဲ့ပြီးသောဒုက္ခ-၁၂-ပါးတို့တွင်။ဇာတိဒုက္ခတ
ခုတည်း၌။ဤသည်ကားဇာတိဒုက္ခတခု။ ဤသည်ကားဇာတိဒုက္ခ
တခုတည်းဟု။ နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီ
မြေကြီး၌ရှိသော မြေမှုန့်မှုန်လုံးဖြင့် ချ၍ချ၍ ရေတွက် ငြားသော်
လည်း။မဟာပထဝီမြေကြီး၌ ရှိသောမြေမှုန့်မှုန်လုံးသာကုန်ရာ၏။

သတ္တဝါတယောက်ခံခဲ့ရသောဇာတိဒုက္ခအလုံးပေါင်းမကုန်နိုင်ရေ။ ဇရာစသော-၁၁-ပါးသော ဒုက္ခတို့ကို၊ ဤနည်းအတိုင်း ရေတွက်သော်လည်း၊ မကုန်နိုင်အောင် ခံခဲ့ကြရလှကုန်ပြီ။ သို့ဖြစ်သောကြောင့်၊ မိုဃ်းကြိုးစက်ကွင်းထက်။ ဆတက် ထောင်ရာမက သာ၍၊ လွန်စွာပင် ကြောက် ရွံ့ ထိတ်လန့်ဘွယ် ကောင်းလှသောဤပဋိစ္စသမုပ္ပါဒ်စက်ကွင်းမှလွတ်ကင်း၍။ ချမ်းသာခြင်းသုခကို၊ အကယ်၍ အလိုရှိကြပါလျှင်။ ဤစက်ကွင်း၌-၇-ပါးသော အခြင်းအရာအားဖြင့်၊ဟောတော်မူအပ်သော၊အကြောင်းအကျိုးဖြစ်သောသဘာဝဓမ္မတို့ကို။ စေ့စေ့ငုငု။ အနုလုံ၊ပဋိလုံ၊ အထက်အောက် အဘန်ဘန်၊ ပြန်လှန်၍ရှုကြပါလျှင်။ ဤစက်ကွင်း၌ ရှိသောသဘာဝဓမ္မတို့ကို။ အဆစ်ဆစ်၊ အကန့်အကန့်၊ အပိုင်းအပိုင်း။ အခြား၊အခြား၊ အကြောင်းအကျိုးအားဖြင့် ထင်ရှားစွာမြင်လာလိမ့်မည်။ယင်းကဲ့သို့ထင်မြင်လာသောအခါ။လူ၊နတ်၊ဗြဟ္မာ၊ငါ၊သူ တပါး၊မိန်းမ၊ ယောက်ျားဟူသောအမှတ်များတွေပျောက်ကွာ၍ပဋိစ္စသမုပ္ပါဒ်စက်ကွင်း။အကြောင်းအကျိုးသဘာဝဓမ္မအရမျှသာဟု ဟုတ်မှန်တိုင်း ထင်မြင်သော ယထာဘူတဉာဏ်ကို။ အမြင်စင်ကြယ်သောဉာဏ်ဖြစ်ခြင်းကြောင့်။ နာမရူပ ပရိစ္ဆေဒဉာဏ်ဟူ၍၎င်း။ ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်ဟူ၍၎င်းဆိုသည်။ထို့နောင်။ ဤစက်ကွင်း၌ရှိသောအကြောင်းတရားတို့ကိုအစုအစု၊ မြင်အောင်ရှု၍၊အကြောင်းတရားတို့ကို။ ထင်ရှားစွာသိမြင်လာသောယထာဘူတဉာဏ်ကို။ ပစ္စယပရိဂ္ဂဟဉာဏ်ဟူ၍၎င်း။ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်ဟူ၍၎င်းဆိုသည်။ ဤကဲ့သို့ပဋိစ္စသမုပ္ပါဒ် စက်ကွင်း၌ရှိသော အဝိဇ္ဇာအစရှိသော သဘာဝဓမ္မတို့ကို။ ကြေကြေမွမွ၊ ထင်ထင်ရှားရှားသိမြင်သောဒိဋ္ဌိဝိသုဒ္ဓိဉာဏ်။အကြောင်းအကျိုးတို့ကိုသိမြင်သော ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်။ ဤဉာဏ်နှစ်ပါးတို့ထင်ရှားစွာဖြစ်ပေါ်လာပြီးမှ။မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြင့်။ ဤပဋိစ္စသမုပ္ပါဒ်စက်ကွင်း၌ရှိသောသဘာဝဓမ္မတို့ကို။အနိစ္စဒုက္ခအနတ္တဟူလက္ခဏာရေးသုံးပါးတင်၍၊ သုံးသပ်ဆင်ခြင်ရမည်။အ

ဘယ်ကဲ့သို့သုံးသပ်ဆင်ခြင်ရာသနည်းဟူမူကား။ ဤပဋိစ္စသမုပ္ပါဒ်စက်ကွင်း၌ပါရှိသောအဝိဇ္ဇာသည်။ သတ္တဝါတို့သန္တာန်၌ဇောဝိထိကျရောက်၍။ ဥပါဒ်၊ ဌီ၊ ဘင်၊ အစဉ်အားဖြင့်ထင်ရှားရှိနေသောအခါ။ သတ္တဝါတို့သည်။ လွှန်စွာဖုံးလွှမ်း၊ ရုံလုံးကန်း၍။ လမ်းရှိသမျှသဘာဝတို့ကို မှန်ကန်စွာမသိနိုင်ကြခြင်းသည်။ အဝိဇ္ဇာဥပါဒ်လျက်ရှိနေသောကြောင့်ဖြစ်ချေသည်။ တခုသောတရားကိုအာရုံပြု၍ရှုစိုက်သိမြင်၍၊ ဝိဇ္ဇာဉာဏ်အလင်းဘောက်ထွင်းပေါ်ပေါက်၍၊ ဇောဝိထိကျရောက်လာသောအခါ၊ အဝိဇ္ဇာသည်ချုပ်ပျောက်လေပြီဟု။ စေ့စေ့ငုငု၊ မြင်အောင်ရှုလျက်။ အဝိဇ္ဇာအနိစ္စာ။ အဝိဇ္ဇာအနိစ္စာဟု၊ အဘန်ဘန်သုံးသပ် ဆင်ခြင်ရမည်။ အဝိဇ္ဇာကို အကြောင်းခံ၍ ဖြစ်ပေါ်လာရသောကုသိုလ် အကုသိုလ်သင်္ခါရနှစ်ပါးတို့တွင်။ ကုသိုလ် သင်္ခါရ၌။ လှူလိုသည်ဖြစ်၍၊ ထင်ရှားရှိသောလှူဘွယ်ဝတ္ထုကို အလှူခံပုဂ္ဂိုလ်အား လှူပါ၏ဟု သုံးဖြတ်သောသန္နိဋ္ဌာပိကစေတနာသင်္ခါရသည်။ မလှူလိုသောအခါ၊ ချုပ်ပျောက်လေပြီဟုပုညာဘိသင်္ခါရခေါ်သောကုသိုလ်စေတနာကိုအာရုံပြု၍။ သင်္ခါရာအနိစ္စာ၊ သင်္ခါရာအနိစ္စာဟု၊ အဘန်ဘန်သုံးသပ်ပွါးများအောင်အားထုတ်ရမည်။ သီလဆောက်တည်သောအခါ၊ လွန်ကျူးလိုသောဒုစ္စရိတ်စေတနာကိုအာရုံပြုလျက်။ ငါမပြုမလုပ်ပါပြီဟု၊ ကြဉ်လိုသောစိတ်ဖြင့်၊ ကြဉ်လိုက်သောအခါ။ ၎င်းစိတ်၌ပါသောသီလဟုခေါ်သောဝိရတီစေတနာသည်။ ကြဉ်လိုသောစိတ်ကင်းပျောက်က။ ချုပ်ပျောက်လေပြီဟု။ သီလစေတနာသင်္ခါရကိုအာရုံပြုလျက်၊ သင်္ခါရာအနိစ္စာ၊ သင်္ခါရာအနိစ္စာဟု၊ အဘန်ဘန်သုံးသပ်ပွါးများအောင်အားထုတ်ရမည်။ ၎င်းဆိုခဲ့ပြီးသောအဝိဇ္ဇာ၊ သင်္ခါရတို့၌။ မမြဲသောအနိစ္စတရားသာတည်းဟု။ သေသေချာချာသိမြင်တတ်သော ဘာဝနာဉာဏ်နှင့်တကွဖြစ်သော ကုသိုလ်စေတနာသည်၊ မသိမြင်သောအခါ၊ ချုပ်ပျောက်လေပြီဟု။ ဘာဝနာစေတနာသင်္ခါရကိုအာရုံပြုလျက်။ သင်္ခါရာအနိစ္စာ၊ သင်္ခါရာအနိစ္စာဟု၊ အဘန်ဘန်သုံးသပ်ပွါးများအားထုတ်ရမည်။ ။

ဤသို့လျှင်အဝိဇ္ဇာ၊သင်္ခါရဟုဆိုအပ်သောအင်္ဂါနှစ်ပါးတို့၏ဖြစ်ပေါ်ဥပါဒ်၍လာသည်ကိုလည်းကောင်း၊ ချုပ်ကွယ်ဆုံးပျောက်၍သွားသည်ကိုလည်းကောင်း။ စေ့စေ့ငုငု၊မြင်အောင်ရှု၍၊အနိစ္စလက္ခဏာအားဖြင့်၊ ပွါးများ အားထုတ်ရဘိသကဲ့သို့။ ထို့အတူဝိညာဏ်အစရှိသော ဆယ်ပါးသောအင်္ဂါတို့ကိုလည်း။ အသီးအခြားတပါးစီတပါးစီခွဲပြီးလျှင်။ဖြစ်ပေါ်ဥပါဒ်၍လာသည်ကိုလည်းကောင်း၊ချုပ်ကွယ်ဆုံးပျောက်၍သွားသည်ကိုလည်းကောင်း။စေ့စေ့ငုငု၊မြင်အောင်ရှုလျက်။ ဝိညာဏံအနိစ္စံ။ ဝိညာဏံအနိစ္စံဟူ၍လည်းကောင်း။နာမရူပံအနိစ္စံ။ နာမရူပံအနိစ္စံဟူ၍၎င်း။ဤသို့သောနည်းအားဖြင့်အင်္ဂါ-၁၂-ပါးလုံး။အဝိဇ္ဇာကစ၍၊ ဇရာမရဏာဆုံးအောင်၊ ဇရာမရဏာကစ၍အဝိဇ္ဇာဆုံးအောင်။ ဝါဖတ်လေးဖြင့်၊ဝါဂွမ်းကိုအကြိမ်ကြိမ်အဘန်ဘန်ပစ်ဘိသကဲ့သို့၎င်း။ မာခေါင်ကျောခက်၊မြေအချက်၌ ထက်သစ်လက်ဝါး၊ တူးဆွဘန်များသဖြင့်၊ရေဖွါးဖွါးပေါ်ထွက်၍၊နှစ်သက်မြတ်နိုးစွါသုံးဆောင်ရဘိသကဲ့သို့၎င်း။မာန်စောင်ကြီးမား၊မြွေနဂါးကို၊ ပိပြားအောင်အဘန်ဘန် နှိပ်နယ် ခွေပတ်ဘိသကဲ့သို့၎င်း၊ သလေးဆန် မုံ့ညက်ကိုလက်ဖြင့်နယ်ဘိသကဲ့သို့၎င်း။အနုလုံ၊ပဋိလုံအဖြန်ဖြန်အလှန်လှန်၊သုံးသပ်ဘန်များသဖြင့် အနိစ္စတရားထင်ရှား၍လာလိမ့်မည်။ ဤသည်ကားအနိစ္စာနုပဿနာကိုစီးဖြန်းပွါးများအားထုတ်ရသောနည်းတည်း။ ။ဒုက္ခလက္ခဏာကိုအဘယ်ကဲ့သို့ စီးဖြန်းပွါးများအားထုတ်ရသနည်းဟူမူ။ အဝိဇ္ဇာသည်သတ္တဝါတို့၏သန္တာန်၌။လျှပ်စစ်ပြက်သကဲ့သို့၎င်း။ လက်ခနဲလက်ခနဲမှောင်ထဲ၌တောသောပိုးစုန်းကြူးကဲ့သို့၎င်း။ဖြစ်ပေါ်စကိုဥပါဒ်။ပျက်သွားသည်ကိုဘင်။ ဖြစ်ပျက်နှစ်ပါးတို့၏ စပ်ကြား၌ဌီ။ ဤကဲ့သို့တခါဖြစ်တခါချုပ်ရသော ဥပါဒ်၊ဌီ၊ဘင်ပေါင်း မျက်စိတမှိတ်လျှပ်တပြက်အတွင်း၌၊ ကုဋေတသိန်းမကဖြစ်ပျက်၍နေရသော သဘောဝတ္ထုဖြစ်ခြင်းကြောင့်၊ဆင်းရဲသောဒုက္ခတရားသာတည်း။ စင်စစ်သုခမဟုတ်။၎င်းပြင်၊ဤအဝိဇ္ဇာသည်၊သတ္တဝါတို့၏သန္တာန်၌အဘန်

ဘန်ကိန်းလျက်ရှိသေးခြင်းကြောင့်။အဝါယ်ဒုဂ္ဂတိသို့ကျ၍၊ ခန္ဓာ
အတ္တဘောကိုရသဖြင့်၊ ယခင်ဖြခဲ့သော ဇာတိအစရှိသောဒုက္ခ-
၁၂-ပါးတို့ကိုခံစားကြရကုန်သည်၊ရံခါရံခါလည်း၊သုဂတိဘဝ
သို့ကျ၍၊ ခန္ဓာအတ္တဘောကိုရသဖြင့်၊ ဒုက္ခ-၁၂-ပါးတို့ကိုခံစား
ကြရကုန်သည်။ယင်းကဲ့သို့၊ ဒုဂ္ဂတိသုဂတိဘဝတို့၌၊ ခန္ဓာကိုယ်
အတ္တဘောကိုရသည်ဖြစ်၍။၁၂-ပါးသောဒုက္ခတို့ကိုခံစားကြရ
ခြင်း၊အရင်းအမြစ်မူလကိုစစ်လိုက်လျှင်။အဝိဇ္ဇာပင်ဖြစ်ချေသည်။
ဤခန္ဓာကိုယ် အတ္တဘောကြီးတကောင်လုံး၌လည်း သုခမရှိ။ အ
ခေါင်းပိတ်ဒုက္ခတုံးကြီးဖြစ်သည်ကို။ ခန္ဓာကိုယ်တကိုယ်လုံး၌အ
တွင်းပြင်။အပ်သွားဖြင့်တို့၍ကြည့်လျှင်။ တို့သောနေရာ၌ဒုက္ခဝေ
ဒနာပေါ်လာသည်။ သို့ဖြစ်သောကြောင့်။ ၎င်းအဝိဇ္ဇာသည် ခပ်
သိမ်းသောဒုက္ခအပေါင်းတို့၏တည်ရာစင်စစ်ဖြစ်၍၊သုခမရှိ၊ ဒုက္ခ
အတိသာဖြစ်သည်ဟု။အဝိဇ္ဇာ၌ဒုက္ခလက္ခဏာကိုစေ့စေ့ငုငုမြင်
အောင်ရှုလျက်။ အဝိဇ္ဇာဒုက္ခာ။ အဝိဇ္ဇာဒုက္ခာ ဟုအဘန်ဘန်ပွါး
များအောင်အားထုတ်ရမည်။ ။အဝိဇ္ဇာကိုအကြောင်းခံ၍၊ ဖြစ်
ပေါ်လာရသော ကုသိုလ်စေတနာသင်္ခါရ။ အကုသိုလ်စေတနာ
သင်္ခါရတရားနှစ်ပါးတို့သည်လည်း၊အကြောင်းဖြစ်သောအဝိဇ္ဇာ
ကဲ့သို့။ မျက်စိတမှိတ်လျှပ်တပြက်တွင်၊ကုဋေတသိန်းမက၊ ဖြစ်
ပျက်ကြသဖြင့်၊ ဥပါဒ်၊ဌီ၊ ဘင်တို့၏၊ အစဉ်မပြတ် နှိပ်စက်အပ်
သည်ကိုခံရသောတရားဖြစ်၍။စင်စစ်သုခမဟုတ်၊ဒုက္ခအတိသာ
ဖြစ်ချေသည်။၎င်းပြင်။ အကုသိုလ်စေတနာသင်္ခါရသည်။ မျိုးစေ့
သည့်အပင်ကိုဖြစ်စေဘိသကဲ့သို့။ဒိပနသတ္တိ၊ နာနာက္ခဏိကကမ္မ
ပစ္စည်းတပ်၍။ အပါယ်-၄-ဘုံတို့၌ဝိညာဏ်စသောခန္ဓာနာမ်ရုပ်
တို့ကို ဆောက်လုပ်သောအားဖြင့် ရောက်အောင်ပို့လိုက်ပစ်ချ
လိုက်တတ်သောတရားကားအခြားမဟုတ်။ဤအကုသိုလ်စေတ
နာသင်္ခါရတရားတို့ပင် ဖြစ်ချေသည်။ သုဂတိဘုံ၌။ ဝိညာဏ်စ
သော ခန္ဓာနာမ်ရုပ်တို့ကို ဆောက်လုပ်သော အားဖြင့် ရောက်
အောင်ပို့လိုက်ပစ်ချလိုက်တတ်သောတရားကား၊အခြားမဟုတ်။

ကုသိုလ်စေတနာသင်္ခါရတရားတို့ပင်ဖြစ်ချေသည်။သို့ဖြစ်သောကြောင့်။ဤကုသိုလ်စေတနာ၊အကုသိုလ်စေတနာဟူသောသင်္ခါရတရားနှစ်ပါးတို့သည်။ပဋိစ္စသမုပ္ပါဒ်စက်ကွင်းကို။ ဒုဂ္ဂတိသုဂတိတို့၌ ဆောက်လုပ် ဆောင်သွင်းလျက်၊ တဝင်းဝင်းလည်စေတတ်သော တရားဖြစ်၍၊ စင်စစ်သုခမဟုတ်၊ ဒုက္ခတုံးကြီးအတိသာတည်းဟု၊သင်္ခါရစေတနာ၂တရားနှစ်ပါးတို့၌၊ ဒုက္ခလက္ခဏာကိုစေ့စေ့ငှငှ၊ မြင်အောင်ရှုလျက်။သင်္ခါရာဒုက္ခာ။ သင်္ခါရာဒုက္ခာဟု အဘန်ဘန်ပွါးများအောင်အားထုတ်ရမည်။ ။ဤသို့လျှင်၊အဝိဇ္ဇာ၊သင်္ခါရ၊အင်္ဂါနှစ်ပါးတို့၌၊ ဒုက္ခလက္ခဏာကိုမြင်အောင်ရှု၍၊ စီးဖြန်းပွါးများအောင် အားထုတ်ရဘိသကဲ့သို့။ဝိညာဏ်စသောအင်္ဂါဆယ်ပါးတို့၌လည်း၊တပါးစီတပါးစီခွဲခြား၍။ ဝိညာဏံဒုက္ခံ။ ဝိညာဏံဒုက္ခံဟူ၍ရင်း။ နာမရူပံဒုက္ခံ။ နာမရူပံဒုက္ခံဟူ၍ရင်း။အဝိဇ္ဇာကစ၍၊ဇရာမရဏဆုံးအောင်။ဇရာမရဏကစ၍၊အဝိဇ္ဇာဆုံးအောင်။ အနုလုံ၊ပဋိလုံ၊မှောက်မှောက်လှန်လှန်။ အဘန်ဘန်ယခင်ပြခဲ့သောပမာကဲ့သို့စီးဖြန်းပွါးများအောင် အားထုတ်ကြပါလျှင်။ဤပဋိစ္စသမုပ္ပါဒ်စက်အင်္ဂါ-၁၂-ပါးတို့၌ ချမ်းသာဟူ၍မရှိ၊ဒုက္ခအတိသာတည်းဟု၊ဒုက္ခတရားထင်ရှားစွာမြင်လာလိမ့်မည်။ဤသည်ကား၊ ဒုက္ခာနုပဿနာကိုစီးဖြန်းပွါးများအားထုတ်ရာသောနည်းတည်း။ ။အနတ္တလက္ခဏာကိုအဘယ်ကဲ့သို့စီးဖြန်းပွါးများအောင် အားထုတ်ရာသနည်းဟူမူ။ ။အဝိဇ္ဇာသည်အကြောင်း၊သင်္ခါရသည်အကျိုး။ဤကဲ့သို့အကြောင်းအကျိုးဖြစ်ကြသော်လည်း။အဝိဇ္ဇာကလည်း။ မိမိအကြောင်းဖြစ်သည်ကိုမသိ။သင်္ခါရကလည်း။မိမိအကျိုးဖြစ်သည်ကိုမသိ။ အဝိဇ္ဇာကလည်း။ငါအကြောင်းလုပ်မည်၊ မောင်မင်းသင်္ခါရက၊ အကျိုးလုပ်ဟူ၍ရင်း။သင်္ခါရကလည်း။ငါအကျိုးလုပ်မည်။မောင်မင်းအဝိဇ္ဇာကအကြောင်းလုပ်ဟူ၍ရင်း၊ အချင်းချင်းစေခိုင်းတိုက်တွန်းတတ်သောပယောဇကဗျာပါရသတ္တိမရှိ။ မိမိတို့သဘာဝဓမ္မနိယာမအတိုင်းသာဖြစ်ပျက်၍နေကြသည်ကိုလည်းသိရမည်။ ထိုအဝိဇ္ဇာအစရှိ

သောအကြောင်းအကျိုးဆက်၍၊ ဖြစ်တုံပျက်တုံနေကြသော တ
ရားတို့၏အပေါ်၌ ကပ်ငြောင်၍၊ ဖြစ်ခြင်းပျက်ခြင်းမြင်ခြင်းကြား
ခြင်းစသည့်တို့ကိုဧခိုင်းတိုက်တွန်းတတ်သောမိစ္ဆာဒိဋ္ဌိတို့ကြီးဆ
အုပ်သောငါပဟူ၍အစိုးရ၊အတ္တအနှစ်ပဟူ၍မရှိ။ မိမိတို့သဘာဝအ
တိုင်းသာဖြစ်ပျက်၍နေကြသည်။အကယ်၍၊ အစိုးရအတ္တတခုရှိ
သည်ဧကန်မှန်ပါမူ၊ မောင်မင်းအဝိဇ္ဇာကအကြောင်းမလုပ်လင့်၊
အကျိုးလုပ်ဟူ၍၎င်း။သင်္ခါရကလည်းအကျိုးမလုပ်လင့်၊အကြောင်း
လုပ်ဟူ၍၎င်း။ မောင်မင်းအဝိဇ္ဇာမဖြစ်လင့်၊ ဖြစ်ပြီးလျှင်လည်း မ
ပျက်လင့်ဆိုင်းဦးဟူ၍၎င်း။တားမြစ်၍ရနိုင်ကောင်းရာ၏။ယင်းကဲ့
သို့ကားမရအပ်။ အကြောင်းအကျိုးဖြစ်ကြသော အရာတို့၌၎င်း။
ဖြစ်ပျက်ကြသောအရာတို့၌၎င်း။အဝိဇ္ဇာအစရှိသောတရားတို့အ
ပေါ်၌၊တစုံတယောက်မျှအတ္တဟူသောငါနှင့်တကွအစိုးရမရှိ။ဘုရား
လည်းအစိုးမရ။သိကြားလည်းအစိုးမရ။တလောကလုံးသင်္ခတဓမ္မ
တို့၏အပေါ်၌၊ငါ၊သူတပါး၊ယောကျ်ား၊မိန်းမ၊အစိုးရ၊ အတ္တမရှိ။
ပဋိစ္စသမုပ္ပါဒ်စက်ကွင်းသို့ဝင်ပါသောသင်္ခတဓမ္မအလုံး။အနတ္တတုံး
တို့သာတည်းဟု။ပညာစက္ခုဖြင့်စေ့စေ့ငုငု မြင်အောင်ရှုလျက်။အ
ဝိဇ္ဇာအနတ္တာ။ အဝိဇ္ဇာအနတ္တာဟူ၍၎င်း။သင်္ခါရာအနတ္တာ။ သင်္ခါ
ရာအနတ္တာဟူ၍၎င်း။ ဝိညာဏံအနတ္တာ။ ဝိညာဏံအနတ္တာဟူ၍
၎င်း။ကြိမ်ဖန်များစွာ။အဝိဇ္ဇာက၊ဇရာမရဏဆုံးအောင်၊ဇရာမရ
ဏက၊ အဝိဇ္ဇာဆုံးအောင်၊ အနုလုံ၊ ပဋိလုံအားဖြင့်ပွါးများအား
ထုတ်ကြပါလျှင်၊အနတ္တလက္ခဏာသည်၊'ထင်ရှားစွာ သိမြင်လာ
လိမ့်မည်။ ။ယင်းကဲ့သို့ပဋိစ္စသမုပ္ပါဒ်တရားအင်္ဂါ-၁၂-ပါးတို့ကို
လက္ခဏာရေးသုံးပါးသို့တင်၍ သုံးသပ်ဆင်ခြင်ကြပါလျှင်။ ၎င်း
တရားတို့၌ လက္ခဏာသုံးပါးထင်ရှားသဖြင့်၊ သမ္မသနဉာဏ်ရင့်
သန်ထက်မြက်၍၊ အဆက်ဆက်ပွါးများ၍သွားပါလျှင်၊ ဥဒယဗ္ဗ
ယဉာဏ်မှစ၍ဝိပဿနာဉာဏ်အဆင့်ဆင့်ပေါက်၍၊ သင်္ခါရုပေ
က္ခာဉာဏ်သို့ ရောက်လေလျှင်။ ၎င်းသင်္ခါရုပေက္ခာဉာဏ်သည်
ရင့်သန်ထက်မြက်၍၊ နိဗ္ဗာန်ဟူသောကမ်းသို့ ဝင်လောက်သည်

ဖြစ်အံ့၊ ထိုသင်္ခါရုပေက္ခာ ဉာဏ်သည်ပင်လျှင်။ ဂေါတြဘု ဟူသောအမည်ထူးကို ယူ၍၊ လောကုတ္တရာပဌမသောတာပတ္တိမဂ္ဂဝိထိကျလိုလတ်သည်ရှိသော်။ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ဟူဆိုအပ်သော ဘဝင်နှစ်ကြိမ်ချုပ်၍ပြတ်လေ၏။ ထို့နောင်၊ရင်းပဋိစ္စသမုပ္ပါဒ်စက်၌ရှိသော တရားသဘာဝ ခပ်သိမ်းသင်္ခါရတို့ကိုအာရုံပြု၍၊ ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းစိတ် တကြိမ်ဖြစ်၍ချုပ်လေ၏။ ထို့နောင်၊ ကာမကုသိုလ်ဉာဏသမ္ပယုတ်စိတ်-၄-ခုတို့တွင်၊ တခုခုသောစိတ်သည်၊ ပရိကံကိစ္စတပ်၍တကြိမ်။ ဥပစာကိစ္စတပ်၍တကြိမ်။ အနုလုံကိစ္စတပ်၍တကြိမ်။ ဂေါတြဘုကိစ္စတပ်၍ တကြိမ်-၄-ကြိမ်ဖြစ်၍ချုပ်လေ၏။ ထို့နောင်။ ဂေါတြဘု၏အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ဝိဂတ၊ အာသေဝန။ ငါးပါးသော ပစ္စည်းကျေးဇူးပြုကိုရသဖြင့်။အနုမတင်္ဂသံသရာမှစ၍။ တကြိမ်တခါမျှ မဖြစ်မပေါ်လာဘူးသော လောကုတ္တရာပဌမသောတာပတ္တိမဂ်စိတ် ဟူသော ဝိဇ္ဇာနေမင်း တကြိမ်တည်းထွန်းလင်းဆိုက်ရောက်လာလေလျှင်။ ထိုဆိုက်ရောက်သောခဏ၌။ ပဋိစ္စသမုပ္ပါဒ်စက်၌ပါရှိသော အဝိဇ္ဇာအစရှိသော ဒုက္ခသစ္စာသဘာဝတို့ကို။ထင်ထင်ရှားရှားပိုင်းခြား၍သိခြင်းဟူသောပရိညာကိစ္စ။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်-၄-ခု။ဝိစိကိစ္ဆာသဟဂုတ်စိတ်-၁-ခု။ဤငါးခုနှင့်တကွ။သမုဒယသစ္စာလောဘကို၊နောင်တဘန်၊သန္တာန်၌၊ မကိန်းလာရအောင်၊ အနုသယနှင့်တကွ ပယ်ခြင်းဟူသောပဟာနကိစ္စ။ ကြည်ခြင်းကြီးသော၊ သန္တိလက္ခဏာရှိသောနိဗ္ဗာန်သည်၊ ထင်ထင်ရှားရှား၊အသစ်စက်စက်အားဖြင့် ဆိုက်ရောက်၍၊ မျက်မှောက်ထင်ထင်မြင်ရခြင်းဟူသော သစ္ဆိကာတဗ္ဗကိစ္စ။ နေမင်းသည်၊အရောင်အလင်းကိုပွါးစေလျက်ထွက်သကဲ့သို့။မိမိ၌၊ တွဲယှဉ်လျက်ပါသောသမ္မာဒိဋ္ဌိအစရှိသော မဂ္ဂင်တရားကိုယ်ရှစ်ပါးကိုပွါးစေခြင်းဟူသော ဘာဝေတဗ္ဗကိစ္စ။ ဤကိစ္စ-၄-ပါးတပြိုင်နက် တချက်တည်းပြီးစေလျက် တကြိမ်ဖြစ်၍ချုပ်လေ၏။ ထို့နောင်၊ ထိုမဂ်၏ အကျိုးဖြစ်သော သောတာပတ္တိဖိုလ် စိတ်

သည်၊ နှစ်ကြိမ်သုံးကြိမ်ဖြစ်၍ချုပ်လေ၏။ ထို့နောင် ဘဝင်ဖြစ်
ထိုက်သမျှဖြစ်၍၊ သောတာပန် ပုဂ္ဂိုလ်အဖြစ်သို့ ရောက်လေ၏။
ယင်းကဲ့သို့၊သောတာပန်ပုဂ္ဂိုလ်အဖြစ်သို့ရောက်ရလေလျှင်၊ အ
ပါယ်-၄-ပါးတံခါးပိတ်ခြင်း။ သုဂတိဘုံ၌ဖြစ်သေးသော်လည်း၊
တဆင့်တဆင့်၊မြင့်ထက်မြင့်၍အလွန်အားဖြင့်-၇-ကြိမ်မျှသာဖြစ်
ပြီးမှ၊အနုပါဒိသေသနိဗ္ဗာနဓာတ်သို့၊ဆိုက်ကပ်ကြရကုန်သည်။ ။
ဤသို့သောနည်းအစဉ်အားဖြင့်၊ပြဆိုအပ်ခဲ့ပြီးသောပဋိပတ္တိသမ္ပါဒ်
စက်လည်ပုံကိုရင်း၊ထွက်ပုံကိုရင်း။ ရုံရုံစေ့စေ့၊မမေ့မလပ်၊ မပြတ်
အောင်ပွါးများအားထုတ်ကြပါလျှင်။ ယခုဘဝ၌ပင်ပြခဲ့ပြီးသော
သောတာပတ္တိမဂ်ကိုမရမီဆိုသာ။ အကယ်၍ပါရမီမလောက်သ
ဖြင့်၊မရောက်ကြရှုပြန်လျှင်လည်း၊ နောင်ဘဝ နောင်ဘဝတို့၌ဘု
ရားတဆူဆူနှင့်တွေ့ကြုံလျှင်၊ အလျင်အမြန်ပင်၊ ရောက်ကြရန်ရှိ
ကြောင်းကို၊ အောက်မေ့စင်စားလျက်၊ ပွါးများအားထုတ်ရန်အ
လွန်ပင်သင့်လျော်လှပေသည်ဖြစ်၍။ ပွါးများအားထုတ်ကြပါလေ
ကုန်။

ဤသို့ပြဆိုအပ်ခဲ့ပြီးသောပဋိပတ္တိသမ္ပါဒ်စက်၌ပါရှိသောတ
ရားတို့သည်ကား ပရမတ္ထတရားတို့ပင် ဖြစ်ခြင်းကြောင့်၎င်း။ပရ
မတ္ထတရား-၄-ပါးတို့ကို၊ ထင်လျားစွာသိမြင်ကြစိမ့်သောငှာ။ သ
ရုပ်သဘောနှင့်တကွ၊ အကျဉ်းသင်္ခေပ၊ အနက်မျှကို၊ပြဆိုရေး
သားဦးမည်။ ။မိမိတို့၏သဘောလက္ခဏာကိုမစွန့်သည်ဖြစ်၍မ
ဖေါက်မပြန်မှန်ကန်သော သဘောကြိယာဖြစ်ခြင်းကြောင့်၊ ပရ
မတ်ခေါ်သောတရားတို့သည်-၄-ပါးအပြားရှိကုန်၏။ ၄-ပါးတို့ဟူ
သည်အဘယ်နည်း။ အာရုံကိုသိခြင်းကြံခြင်း၊ငြိတွယ်ခြင်းသဘော
ကြိယာဖြစ်၍၊ စိတ်ဟုခေါ် သောပရမတ်လည်းတပါး။ စိတ်နှင့်မှီ
တွယ်ရမှ၊ဖြစ်ပေါ် လာရသည်ဖြစ်၍၊စေတသိက်ဟုခေါ်သောပရ
မတ်လည်းတပါး။ ဖေါက်ပြန်ကွဲပြို၊ ဖရိုဖရဲကြဲခြင်းသဘောကြိ
ယာဖြစ်၍၊ရုပ်ဟုခေါ်သောပရမတ်လည်းတပါး။ ဝါနတဏှါမှလွန်
မြောက်ရာ၊၎င်းစိတ်၊စေတသိက်၊ရုပ်ပရမတ်တို့၏ကုန်ဆုံးချုပ်ငြိမ်း

ရာဖြစ်၍။နိဗ္ဗာန်ခေါ်သောပရမတ်လည်းတပါး။ဤသို့အားဖြင့်-၄-ပါးတို့ဘည်း။ ။ထို-၄-ပါးတို့တွင်။ စိတ်ပရမတ်ဟူသည်အဘယ်နည်း။အကုသိုလ်စိတ်-၁၂-ပါး။အဟိတ်စိတ်-၁၈-ပါး။ကာမာဝစရသောဘဏစိတ်-၂၄-ပါး။ရူပါဝစရစိတ်-၁၅-ပါး။အရူပါဝစရစိတ်-၁၂-ပါး။လောကုတ္တရာစိတ်-၈-ပါး။ဤသို့အားဖြင့်စိတ်ပရမတ်သည်-၈၉-ပါးရှိကုန်၏။ထို-၈၉-ပါးတို့တွင်။အကုသိုလ်စိတ်-၁၂-ပါးဟူသည်၊အဘယ်နည်း။လောဘမူစိတ်-၈-ပါး။ ဒေါသမူစိတ်-၂-ပါး။မောဟမူစိတ်-၂-ပါးအားဖြင့်-၁၂-ပါးတို့တည်း။ထို-၁၂-ပါးတို့တွင်၊လောဘမူစိတ်-၈-ပါးတို့ဟူသည်အဘယ်နည်း။(၁)ဝမ်းမြော်ဝမ်းသာခံစားခြင်းသဘောကြိယာဟူသောသောမနဿဝေဒနာစေတသိက်နှင့်တကွဖြစ်၍ သောမနဿသဟဂုတ်စိတ်။ ဤအာရုံကာမဂုဏ်တို့ကို ခံစားပျော်ပါးခြင်း၌ အပြစ်မရှိဟု၊ မှားသောအားဖြင့်၊ သိမြင်ခြင်းသဘော ကြိယာဟူသောဒိဋ္ဌိစေတသိက်နှင့်ယှဉ်သည်ဖြစ်၍။ဒိဋ္ဌိဂတသမ္ပယုတ်စိတ်။ မိမိသူတပါးတိုက်တွန်းထောက်ပံ့ခြင်း လုံ့လပယောဂ သင်္ခါရကင်းလျက်အလိုအလျောက်သဘောအားဖြင့်ထက်သန်ဖြစ်ပေါ်လာသည်ဖြစ်၍ အသင်္ခါရိကစိတ်ဟူ၍၊ သုံးပါးသော အမည်ဖြင့်မှတ်၍၊ ခေါ်ဆိုအပ်သော စိတ်လည်းတခု။ (၂)ဝမ်းမြောက်ဝမ်းသာခံစားခြင်းသဘောကြိယာဟူသော သောမနဿဝေဒနာစေတသိက်နှင့်တကွဖြစ်၍၊ သောမနဿသဟဂုတ် စိတ်။ ဤအာရုံကာမဂုဏ်တို့ကို၊ခံစားပျော်ပါးခြင်း၌အပြစ်မရှိဟုမှားသောအားဖြင့်မြင်ခြင်းဟူသောဒိဋ္ဌိစေတသိက်နှင့်ယှဉ်သည်ဖြစ်၍ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်။ မိမိသူတပါးတိုက်တွန်းထောက်ပံ့ခြင်းလုံ့လပယောဂသင်္ခါရနှင့်တကွဖြစ်မှ၊ ပေါ်လာရသည်ဖြစ်၍၊ သသင်္ခါရိကစိတ်ဟူ၍၊ သုံးပါးသော အမည်ဖြင့်မှတ်၍၊ ခေါ်ဆိုအပ်သော စိတ်လည်းတခု။ (၃)ဝမ်းမြောက်ဝမ်းသာခံစားခြင်း ကြိယာဟူသော သောမနဿဝေဒနာစေတသိက်နှင့်တကွဖြစ်၍၊ သောမနဿသဟဂုတ်စိတ်။ဤအာရုံကာမဂုဏ်တို့ကိုခံစားပျော်ပါးခြင်း

နွှ၊အပြစ်မရှိဟု၊ မှားသောအားဖြင့် မြင်ခြင်းကြီးယာဟူသောဒိဋ္ဌိ စေတသိက်နှင့်၊ မယှဉ်သည်ဖြစ်၍။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်။မိမိသူ တပါး၊ တိုက်တွန်းထောက်ပံ့ခြင်း၊ လုံ့လ ပယောဂသင်္ခါရကင်း လျက်အလိုအလျောက်ထက်သန်ဖြစ်ပေါ်လာသည်ဖြစ်၍၊အသင်္ခါ ရိကစိတ်ဟူ၍၊ သုံးပါးသောအမည်ဖြင့်မှတ်၍ ခေါ်ဆိုအပ်သော စိတ်လည်းတခု။(၄)ဝမ်းမြောက်ဝမ်းသာ၊ ခံစားခြင်းကြီးယာဟူ သော သောမနဿဝေဒနာစေတသိက်နှင့်တကွဖြစ်၍။ သောမန ဿသဟဂုတ်စိတ်။ ဤအာရုံကာမဂုဏ်တို့ကိုခံစားပျော်ပါးခြင်း၌အပြစ်မရှိဟု၊ မှားသောအားဖြင့်၊ မြင်ခြင်းကြီးယာဟူသောဒိဋ္ဌိ စေတသိက်နှင့်မယှဉ်သည်ဖြစ်၍။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်။ မိမိသူ တပါးတိုက်တွန်းထောက်ပံ့ခြင်းလုံ့လပယောဂသင်္ခါရနှင့်တကွ ဖြစ်မှ၊ပေါ် လာရသည်ဖြစ်၍။သသင်္ခါရိကစိတ်ဟူ၍၊သုံးပါးသော အမည်ဖြင့်မှတ်၍ခေါ်ဆိုအပ်သောစိတ်လည်းတခု။(၅)လျစ်လျူ ဖြင့်သာခံစားခြင်းကြီးယာဟူသော ဥပေက္ခာဝေဒနာစေတသိက် နှင့်တကွဖြစ်၍၊ ဥပေက္ခာသဟဂုတ်စိတ်။ ဤအာရုံကာမဂုဏ်တို့ ကိုခံစားပျော်ပါးခြင်း၌၊အပြစ်မရှိဟုမှားသောအားဖြင့်၊ မြင်ခြင်း ကြီးယာဟူသောဒိဋ္ဌိစေတသိက်နှင့်ယှဉ်သည်ဖြစ်၍။ဒိဋ္ဌိဂတသမ္ပ ယုတ်စိတ်။ မိမိသူတပါးတိုက်တွန်းထောက်ပံ့ခြင်း လုံ့လပယော ဂသင်္ခါရမှကင်းလျက်အလိုအလျောက်သဘောအားဖြင့် ထက် သန်ဖြစ်ပေါ် လာသည်ဖြစ်၍၊အသင်္ခါရိကစိတ်ဟူ၍၊သုံးပါးသော အမည်ဖြင့်မှတ်၍ခေါ်ဆိုအပ်သောစိတ်လည်းတခု။(၆)လျစ်လျူ ဖြင့်သာခံစားခြင်းကြီးယာဟူသော ဥပေက္ခာဝေဒနာစေတသိက် နှင့်တကွဖြစ်၍၊ဥပေက္ခာသဟဂုတ်စိတ်။ ဤအာရုံကာမဂုဏ်တို့ ကို၊ခံစားပျော်ပါးခြင်း၌အပြစ်မရှိဟုမှားသောအားဖြင့်၊ မြင်ခြင်း ကြီးယာဟူသောဒိဋ္ဌိစေတသိက်နှင့်ယှဉ်သည်ဖြစ်၍ ဒိဋ္ဌိဂတသမ္ပ ယုတ်စိတ်။ မိမိသူတပါးတိုက်တွန်းထောက်ပံ့ခြင်း၊လုံ့လပယော ဂသင်္ခါရနှင့်တကွဖြစ်မှ၊ ပေါ်လာရသည်ဖြစ်၍။ သသင်္ခါရိကစိတ် ဟူ၍၊ သုံးပါးသောအမည်ဖြင့်မှတ်၍ခေါ်ဆိုအပ်သောစိတ်လည်း

တခု။ (၇)လျစ်လျူဖြင့်သာခံစားခြင်းကြိယာဟူသော ဥပေက္ခာဝေဒနာစေတသိက်နှင့်တကွဖြစ်၍၊ ဥပေက္ခာသဟဂုတ်စိတ်။ ဤအာရုံကာမဂုဏ်တို့ကို ခံစားပျော်ပါးခြင်း၌၊ အဖြစ်မရှိဟု။ မှားသောအားဖြင့်မြင်ခြင်းကြိယာဟူသောဒိဋ္ဌိစေတသိက်နှင့် မယှဉ်သည်ဖြစ်၍။ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်။ မိမိသူတပါးတိုက်တွန်းခြင်း၊လုံ့လပယောဂသင်္ခါရကင်းလျက်၊ အလိုအလျောက်သဘောအားဖြင့်ထက်သန်ဖြစ်ပေါ်လာသည်ဖြစ်၍၊အသင်္ခါရိကစိတ်ဟူ၍၊သုံးပါးသောအမည်ဖြင့် မှတ်၍ ခေါ်ဆိုအပ်သော စိတ်လည်းတခု။ (၈)လျစ်လျူဖြင့်သာခံစားခြင်းကြိယာဟူသောဥပေက္ခာဝေဒနာစေတသိက်နှင့်တကွ ဖြစ်၍၊ ဥပေက္ခာသဟဂုတ်စိတ်။ ဤအာရုံကာမဂုဏ်တို့ကို ခံစားခြင်း၌အဖြစ်မရှိဟု၊ မှားသောအားဖြင့်၊မြင်ခြင်းကြိယာဟူသောဒိဋ္ဌိစေတသိက်နှင့်မယှဉ်သည်ဖြစ်၍ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်။ မိမိသူတပါးတိုက်တွန်းထောက်ပံ့ခြင်းလုံ့လပယောဂသင်္ခါရနှင့်တကွဖြစ်မှ ပေါ်လာရသည်ဖြစ်၍၊ သသင်္ခါရိကစိတ်ဟူ၍၊သုံးပါးသောအမည်ဖြင့်မှတ်၍ ခေါ်ဆိုအပ်သောစိတ်လည်းတခု။ ။ဤသို့အားဖြင့် ရှစ်ပါးသောစိတ်တို့သည် ကာမဘုံ၊ရူပဘုံ၌ဖြစ်သောအခါ ရင်ချိုင့်၏အလယ်၊နှလုံးသား၏အတွင်းတလက်ဆွမ်းလောက်သောသွေး၌တည်ရှိသောဟဒယဝတ္ထုရုပ်ကိုမှီတွယ်ပြီးမှ၊အရူပဘုံ၌ဖြစ်သောအခါ ၎င်းဟဒယဝတ္ထုကိုမမှီဘဲ။ စက္ခုဒွါရဟူသောမျက်စိတံခါးမှထွက်၍၊ ပစ္စုပ္ပန် ရူပါရုံ။ သောတဒွါရဟူသောနားတံခါးမှထွက်၍၊ ပစ္စုပ္ပန်သဒ္ဒါရုံ။ဃာနဒွါရဟူသောနှာခေါင်းတံခါးမှထွက်၍၊ ပစ္စုပ္ပန်ဂန္ဓာရုံ။ ဇိဝှါဒွါရဟူသောလျှာတံခါးမှထွက်၍၊ပစ္စုပ္ပန်ရသာရုံ။ကာယဒွါရဟူသောကိုယ်တံခါးမှထွက်၍၊ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ၊မနောဒွါရဟူသောစိတ်တံခါးမှထွက်၍။ပစ္စုပ္ပန်အတိတ်အနာဂတ်ကာလသုံးရပ်၌တည်သောဓမ္မာရုံတခုကိုထည့်၍။ ၎င်းအာရုံခြောက်ပါးကိုအာရုံပြုသဖြင့်။ငါးကြိမ်၊ခြောက်ကြိမ်၊ ခုနစ်ကြိမ်၊အလွန်အားဖြင့်စောကောင်းသောဇောကိစ္စ၊တကိစ္စသာတဝ်လျက်။ ကာ ။ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်

-၄-ခုဖြစ်လျှင်၊အသညသတ်ဘုံ။ သုဒ္ဓါဝါသငါးဘုံကိုချန်လှပ်၍၊ ကြွင်းသော-၂၅-ဘုံတို့၌၊ပုထုဇန်-၄ ယောက်တို့သန္တာန်၌သာ ဖြစ်ကောင်းသော။ ။ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်-၄-ခုဖြစ်လျှင်၊အသညသတ်တဘုံကိုချန်လှပ်၍။ကြွင်းသောဘုံသုံးဆယ်တို့၌။ပုထုဇန်-၄-ယောက်၊သောတာပန်၊သကဒါဂါမ်၊ အနာဂါမ်ဟူသောအောံဖိုလ်-၃-ယောံ။ ပေါင်း-၇-ယောက်တို့သန္တာန်၌သာဖြစ်ကောင်းသော။ ။အပါယ်-၄-ဘုံတို့၌၊ခန္ဓာနာမ်ရုပ်ကိုဆောက်လုပ်သောအားဖြင့်၊ ဒုဂ္ဂတိ အဟိတ်ပဋိသန္ဓေဟူသော အကျိုးရင်း၊ ၎င်းအပါယ်ဘုံ၊သုဂတိဘုံ၌ ဖျားနာခြင်းစသော ပဝတ္တိကျိုးဟူသော အကျိုးဖျားအကျိုးဆက်တို့ကိုဖြင်စေတတ်သော။ ။အာရုံကိုညွတ်တတ်သောနမနသတ္တိရှိခြင်းကြောင့်နာမ်ဟူ၍ခေါ်ဆိုအပ်သော။ ။လောကုတ္တရာတရား-၉-ပါးကိုချန်လှပ်၍၊ကြွင်းသမျှအာရုံ၊အလုံးစုံကိုအာရုံပြုတတ်သော။ ။လောဘစေတသိက်တည်းဟူသောမူလရေသောံမြစ်ကြီးကိုမှီတွယ်ရမှ၊ ဖြစ်ပေါ်လာရခြင်းကြောင့်လောဘမူစိတ်ဟူ၍ခေါ်ဆိုအပ်သော။ အကြောင်းဖြစ်သော အကုသိုလ်စိတ်ရှစ်ပါး။ထို-၈-ပါးသောစိတ်တို့တွင်။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်-၄-ခုသည်။ ပဉ္စမဖြစ်သောသောတာပတ္တိမဂ် ခဏ၌၊ အနုသယနှင့်တကွ၊အကြွင်းမဲ့၊ကုန်ဆုံးကွယ်ပျောက်ကြ၏။ ။ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်-၄-ခုသည် စတုတ္ထဖြစ်သောအရဟတ္တမဂ်ခဏ၌၊အနုသယနှင့်တကွကုန်ဆုံးကွယ်ပျောက်ကြ၏။ ။နှလုံးမသာမယာခံစားခြင်းကြိယာဟူသော ဒေါမနဿဝေဒနာစေတသိက်နှင့်တကွဖြင်၍ ဒေါမနဿသဟဂုတ်စိတ်။ ထိပါးခြင်းဖြစ်မှားခြင်းကြမ်းထမ်းခြင်းအမျက်ထွက်ခြင်း ကြိယာဟူသော ဒေါသစေတသိက်နှင့်ယှဉ်သည်ဖြစ်၍ ပဋိဃသမ္ပယုတ်စိတ်။ မိမိသူတပါးတိုက်တွန်းဆောက်ပံ့ခြင်း လုံ့လပယောဂသင်္ခါရမှ ကင်းလျက်၊အလိုအလျောက်သဘောအားဖြင့်၊ထက်သန်ဖြစ်ပေါ်လာသည်ဖြစ်၍။အသင်္ခါရိကစိတ်ဟူ၍၊သုံးပါးသောအမည်ဖြင့်မှတ်၍ခေါ်ဆိုအပ်သောစိတ်လည်းတခု။ ။နှလုံးမသာမယာခံစားခြင်း

ကြိယာဟူသော ဒေါမနဿဝေဒနာစေတသိက်နှင့်တကွဖြစ်၍၊ ဒေါမနဿသဟဂုတ်စိတ်။ ထိုပါးဖြစ်မှားခြင်းကြိယာဟူသော ဒေါသစေတသိက်နှင့်ယှဉ်သည်ဖြစ်၍၊ပဋိဃသမ္ပယုတ်စိတ်။ မိမိသူတပါးတိုက်တွန်းထောက်ပံ့ခြင်းလုံ့လပယောဂသင်္ခါရနှင့်တကွဖြစ်မှု၊ပေါ်လာရသည်ဖြစ်၍၊ သသင်္ခါရိကစိတ်ဟူ၍။ သုံးပါးသောအမည်ဖြင့်မှတ်၍ခေါ်ဆိုအပ်သောစိတ်လည်းတခု။ ။ဤသို့အားဖြင့်နှစ်ပါးသောစိတ်တို့သည်။ဟဒယဝတ္ထုရုပ်ကိုမှီတွယ်ပြီးမှ၊စက္ခုဒွါရမှထွက်၍၊ပစ္စုပ္ပန်ရူပါရုံ။သောတဒွါရမှထွက်၍၊ပစ္စုပ္ပန်သဒ္ဒါရုံ။ဃာနဒွါရမှထွက်၍၊ပစ္စုပ္ပန်ဂန္ဓာရုံ။ဇိဝှါဒွါရမှထွက်၍၊ပစ္စုပ္ပန်ရသာရုံ။ကာယဒွါရမှထွက်၍၊ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ။မနောဒွါရမှထွက်၍၊ဓမ္မာရုံတခုကိုထည့်၍၊ကာလသုံးပါး၌တည်သော၊ ၎င်းအာရုံခြောက်ပါးကိုအာရုံပြုသဖြင့်။ ငါးကြိမ်၊ ၆-ကြိမ်၊၇-ကြိမ်၊အလွန်အားဖြင့်စောကောင်းသောဇောကိစ္စ၊ တကိစ္စသာတပ်လျက်။ ။ပြဟ္မာ-၂၀-ကိုချန်လှပ်၍၊ကာမ-၁၁-ဘုံ၌။ပုထုဇန်-၄-ယောက်၊ သောတာပန်၊သကဒါဂါမ်ဟူသောအရိယာ-၂-ယောက်အားဖြင့်။ ၆-ယောက်သောပုဂ္ဂိုလ်တို့သန္တာန်၌သာဖြစ်ကောင်းသော။ ။အပါယ်-၄-ဘုံ၌၊ခန္ဓာနာမ်ရုပ်ကို၊ဆောက်လုပ်သောအားဖြင့်၊ပဋိသန္ဓေဟူသောအကျိုးရင်း၊၎င်းအပါယ်ဘုံ၊သုဂတိဘုံတို့၌။ပဝတ္တိကျိုးဟူသောအကျိုးဖျား အကျိုးဆက်တို့ကိုဖြစ်စေတတ်သော။ ။အာရုံကိုညွတ်တတ်သောနမနသဘောရှိ၍၊နာမ်ဟူ၍ခေါ်ဆိုအပ်သော။ ။လောကုတ္တရာတရား-၉-ပါးကိုချန်လှပ်၍၊ကြွင်းသမျှအာရုံ၊အလုံးစုံကိုအာရုံပြုတတ်သော။ ။ဒေါသစေတသိက်တည်းဟူသော ရေသောက်မြစ်ကြီးကို မှီတွယ်ရမှုဖြစ်ရခြင်းကြောင့်။ဒေါသမူစိတ်ဟူ၍ခေါ်ဆိုအပ်သော။ ။အာကြောင်းဖြစ်သောအကုသိုလ်စိတ်-၂-ပါး။ ။ထို-၂-ပါးသောစိတ်တို့သည်။တတိယဖြစ်သောအနာဂါမိမဂ်ဉာဏ်၌။အနုသယနှင့်တကွအကြွင်းမဲ့ကုန်ဆုံးကွယ်ပျောက်ကြ၏။ ။လျစ်လျူဖြင့်သာခံစားခြင်းကြိယာဟူသော ဥပေက္ခာဝေဒနာစေတသိက်နှင့်တကွဖြစ်

၍။ဥပေက္ခာသဟဂုတ်စိတ်။ သို့လောသို့လော၊ ယုံမှားခြင်းကြိယာ ဟူသောဝိစိကိစ္ဆာစေတသိက်နှင့်ယှဉ်သည်ဖြစ်၍။ဝိစိကိစ္ဆာသမ္ပယုတ်စိတ်ဟူ၍၊နှစ်ပါးသောအမည်ဖြင့်မှတ်၍ခေါ်ဆိုအပ်သော စိတ်လည်းတခု။ ။လျစ်လျူဖြင့်သာခံစားခြင်းကြိယာဟူသောဥပေက္ခာဝေဒနာစေတသိက်နှင့်တကွဖြစ်၍။ ဥပေက္ခာသဟဂုတ်စိတ်။ ပြန့်လွင့်ဝေတက်ခြင်းကြိယာဟူသော ဥဒ္ဓစ္စစေတသိက်နှင့်ယှဉ်သည်ဖြစ်၍။ဥဒ္ဓစ္စသမ္ပယုတ်စိတ်ဟူ၍။နှစ်ပါးသောအမည်ဖြင့်မှတ်၍ခေါ်ဆိုအပ်သောစိတ်လည်းတခု။ ။ဤသို့အားဖြင့်-၂-ပါးသော စိတ်တို့သည်။ ကာမဘုံ၊ရူပဘုံ၌ဖြစ်သောအခါ၊ဟဒယဝတ္ထုရုပ်ကိုမှီတွယ်ပြီးမှ။အရူပဘုံ၌ဖြစ်သောအခါ၊၎င်းဟဒယဝတ္ထုရုပ်ကို မမှီဘဲ၊ စက္ခုဒွါရမှထွက်၍၊ ပစ္စုပ္ပန်ရူပါရုံ။ သောတဒွါရမှထွက်၍ပစ္စုပ္ပန်သဒ္ဒါရုံ။ ဃာနဒွါရမှထွက်၍ ပစ္စုပ္ပန်ဂန္ဓာရုံ။ ဇိဝှါဒွါရမှထွက်၍၊ပစ္စုပ္ပန်ရသာရုံ။ကာယဒွါရမှထွက်၍၊ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ။ မနောဒွါရမှထွက်၍ ဓမ္မာရုံတခုကိုထည့်၍ကာလ-၃-ပါး၌တည်သော၊၎င်းအာရုံ-၆-ပါးတို့ကိုအာရုံပြုသဖြင့်။ငါးကြိမ်-၆-ကြိမ် ၇ ကြိမ်အားဖြင့်စောကောင်းသောဇောကိစ္စ၊ တကိစ္စသာတပ်လျက်။ ။ဝိစိကိစ္ဆာသမ္ပယုတ်စိတ်ဖြစ်လျှင်၊ အသညာသတ်ဘုံ၊ သုဒ္ဓါဝါသငါးဘုံတို့ကိုချန်လှပ်၍၊ကြွင်းသော-၂၅-ဘုံတို့၌။ပုထုဇန်-၄-ယောက်တို့သန္တာန်၌သာလျှင်ဖြစ်ကောင်းသော။ ။ဥဒ္ဓစ္စသမ္ပယုတ်စိတ်ဖြစ်လျှင်။အသညာသတ်တဘုံကိုချန်လှပ်၍။ကြွင်းသောဘုံ-၃၀-တို့၌၊ပုထုဇန်၊သောတာပန်၊သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့သန္တာန်၌သာဖြစ်ကောင်းသော။ ။အပါယ်-၄-ဘုံတို့၌၊ခန္ဓာနာမ်ရုပ်ကိုဆောက်လုပ်သောအားဖြင့်၊ပဋိသန္ဓေဟူသောအကျိုးရင်း၊ ၎င်းအပါယ်ဘုံ၊ သုဂတိဘုံတို့၌ပဝတ္တိကျိုးဟူသောအကျိုးများအကျိုးဆက်တို့ကိုဖြစ်စေတတ်သော။ ။အာရုံကိုညွတ်တတ်သောနမနသတ္တိရှိ၍နာမ်ဟူ၍ခေါ်ဆိုအပ်သော။ ။လောကုတ္တရာတရား-၉-ပါးကိုချန်လှပ်၍၊ကြွင်းသမျှအာရုံ၊အလုံးစုံကို၊အာရုံပြုတတ်သော။ ။မောဟစေတသိက်တည်းဟူသော

မူလရေသောက်မြစ်ကြီးကိုမှီတွယ်ရမှ ဖြစ်ရခြင်းကြောင့်။ မော
ဟမူစိတ်ဟူ၍ ခေါ်ဆိုအပ်သော။ ။အကြောင်းဖြစ်သောအကု
သိုလ်စိတ်-၂-ပါး၊ထို-၂-ပါးသောစိတ်တို့တွင်။ဝိစိကိစ္ဆာသမ္ပ
ယုတ်စိတ်သည်။ပဌမဖြစ်သောသောတာပတ္တိမဂ်ခဏာ၌။အနုသ
ယနှင့်တကွ၊ အကြွင်းမဲ့ကုန်ဆုံးကွယ်ပျောက်ကြ၏။ ။ဥဒ္ဓစ္စသ
မ္ပယုတ်စိတ်သည်။စတုတ္ထဖြစ်သောအရဟတ္တမဂ်ခဏာ၌။အနုသ
ယနှင့်တကွ၊အကြွင်းမဲ့ကုန်ဆုံးကွယ်ပျောက်ကြ၏။ဤသို့ဆိုအပ်
ခဲ့ပြီးသော-၁၂-ပါးသောစိတ်တို့သည်။ကုသိုလ်၏ဆန့်ကျင်ဘက်
ဖြစ်သောကြောင့်အကုသိုလ်စိတ်မည်ကုန်၏။ ။အကုသိုလ်-၁၂-
ပါးပြီး၏။ ။အလိုမရှိအပ်သောအနိဋ္ဌရူပါရုံနှင့်တွေ့ကြုံသောအ
ခါ၊ လျစ်လျူဖြင့်သာခံစားခြင်းကြိယာဟူသောဥပေက္ခာဝေဒနာ
စေတသိက်နှင့်တကွဖြစ်၍၊ဥပေက္ခာသဟဂုတ်စိတ်။ စက္ခုပသာ
ဒဝတ္ထုရုပ်ကိုမှီတွယ်ပြီးမှ၊ရူပါရုံကိုသိခြင်းကြောင့်။စက္ခုဝိညာဏ်
စိတ်ဟူ၍ခေါ်ဆိုအပ်သော။ ။စက္ခုဒွါရမှထွက်၍၊ ပစ္စုပ္ပန်ရူပါရုံ
ကိုအာရုံပြုသဖြင့်။ ၎င်းရူပါရုံကိုမြင်တတ်သောဒဿနကိစ္စ၊ တ
ကိစ္စသာတပ်လျက်။ ။၎င်းရူပါရုံကိုညွတ်တတ်သောနမနသတ္တိ
ရှိ၍နာမ်ဟုခေါ်ဆိုအပ်သော။ ။အသညသတ်တဘုံ။အရူပလေး
ဘုံကိုချန်လှပ်၍၊ကြွင်းသော-၂၆-ဘုံတို့၌။ပုထုဇန်-၄-ယောက်၊
ဖိုလ်ပုဂ္ဂိုလ်-၄-ယောက်ဟုဆိုအပ်သော။ရှစ်ယောက်သောပုဂ္ဂိုလ်
တို့သန္တာန်၌သာ ဖြစ်ကောင်းသော။ ။ရှေးကပြုခဲ့သော အကု
သိုလ်ကံကြောင့်၊ ယခုပစ္စုပ္ပန်ဘဝ၌အနိဋ္ဌရူပါရုံကို မြင်ရန်ပေါ်
လာရသည်ဖြစ်၍၊ အကျိုးဖြစ်သောအကုသလဝိပါက်စိတ်သည်း
တခု။ ။၎င်းအနိဋ္ဌသဒ္ဒါရုံနှင့်တွေ့ကြုံသောအခါ၊ လျစ်လျူဖြင့်
သာခံစားခြင်းကြိယာဟူသော ဥပေက္ခာဝေဒနာစေတသိက်နှင့်
တကွဖြစ်၍၊ဥပေက္ခာသဟဂုတ်စိတ်။ သောတပသာဒဝတ္ထုရုပ်
ကိုမှီတွယ်ပြီးမှ၊သဒ္ဒါရုံကိုသိခြင်းကြောင့်။ သောတဝိညာဏ်စိတ်
ဟုခေါ်ဆိုအပ်သော။ ။သောတဒွါရမှထွက်၍၊ ပစ္စုပ္ပန်သဒ္ဒါရုံ
ကိုအာရုံပြုသဖြင့်။၎င်းသဒ္ဒါရုံကိုကြားတတ်သောသဝနကိစ္စ၊ တ

ကိစ္စသာတပ်လျက်။ ။ငင်းသဒ္ဒါရုံကိုညွတ်တတ်သောနမနသတ္တိ
ရှိ၍နာမ်ဟုခေါ်ဆိုအပ်သော။ ။အသညသတ်တဘုံ။အရူပလေး
ဘုံကိုချန်လှပ်၍၊ ကြွင်းသော-၂၆-ဘုံတို့၌။ ပုထုဇန်-၄-ယောက်၊
ဖိုလ်ပုဂ္ဂိုလ်-၄-ယောက်ဟုဆိုအပ်သောပုဂ္ဂိုလ်တို့သန္တာန်၌သာ
လျှင်ဖြစ်ကောင်းသော။ ။ရှေးကပြုခဲ့သောအကုသိုလ်ကံကြောင့်၊
ယခုပစ္စုပ္ပန်ဘဝ၌အနိဋ္ဌသဒ္ဒါရုံကိုကြားရန် ပေါ်လာရသည့်ဖြစ်
၍။အကျိုးဖြစ်သောအကုသလဝိပါက်စိတ်လည်းတခု။ ။ငင်းအ
နိဋ္ဌဂန္ဓာရုံနှင့်တွေ့ကြုံသောအခါ။ လျစ်လျူဖြင့်သာခံစားခြင်းကြံ
ယာဟူသော ဥပေက္ခာဝေဒနာစေတသိက်နှင့်တကွဖြစ်၍ ဥပေ
က္ခာသဟဂုတ်စိတ်။ဃာနပသာဒဝတ္ထုရုပ်ကိုမှီတွယ်ပြီးမှ။ ဂန္ဓာ
ရုံကိုသိခြင်းကြောင့်။ဃာနဝိညာဏ်စိတ်ဟုခေါ်ဆိုအပ်သော။ ။
ဃာနဒွါရမှထွက်၍။ပစ္စုပ္ပန်ဂန္ဓာရုံကိုအာရုံပြုသဖြင့်။ ငင်းဂန္ဓာရုံ
ကိုနံတတ်သောဃာယနကိစ္စ၊တကိစ္စသာတပ်လျက်၊ ငင်းဂန္ဓာရုံ
ကိုညွတ်တတ်သောနမနသတ္တိရှိ၍နာမ်ဟုခေါ်ဆိုအပ်သော။ ။
ဗြဟ္မာပြည်-၂၀-ကိုချန်လှပ်၍။ ကြွင်းသောကာမ-၁၁-ဘုံတို့၌
ပုထုဇန်-၄-ယောက်။ ဖိုလ်ပုဂ္ဂိုလ်-၄-ယောက်တို့သန္တာန်၌ သာ
ဖြစ်ကောင်းသော။ ။ရှေးကပြုခဲ့သောအကုသိုလ်ကံကြောင့်။ယ
ခုဘဝ၌ပစ္စုပ္ပန်အနိဋ္ဌဂန္ဓာရုံကိုနံရန်ပေါ်လာရသည်ဖြစ်၍၊အကျိုး
ဖြစ်သောအကုသလဝိပါက်စိတ်လည်းတခု။ ။ငင်းအနိဋ္ဌရသာ
ရုံနှင့်တွေ့ကြုံသောအခါ။ လျစ်လျူဖြင့်သာခံစားခြင်း ကြံယာဟူ
သောဥပေက္ခာဝေဒနာ စေတသိက်နှင့်တကွဖြစ်၍၊ ဥပေက္ခာသ
ဟဂုတ်စိတ်။ဇိဝှါပသာဒဝတ္ထုရုပ်ကို မှီတွယ်ပြီးမှ၊ရသာရုံကိုသိ
ခြင်းကြောင့်၊ဇိဝှါဝိညာဏ်စိတ်ဟုခေါ်ဆိုအပ်သော။ ။ဇိဝှါဒွါရမှ
ထွက်၍။ ပစ္စုပ္ပန်ရသာရုံကိုအာရုံပြုသဖြင့်။ ငင်းရသာရုံကိုလျက်
တတ်သောသာယနကိစ္စ၊တကိစ္စသာတပ်လျက်။ ။ငင်းရသာရုံ
ကိုညွတ်တတ်သောနမနသတ္တိရှိ၍၊နာမ်ဟုခေါ်ဆိုအပ်သော။ ။
ဗြဟ္မာပြည်-၂၀-ကိုချန်လှပ်၍။ ကာမ-၁၁-ဘုံ၌။ ပုထုဇန်-၄-
ယောက်။ ဖိုလ်ပုဂ္ဂိုလ်-၄-ယောက်တို့သန္တာန်၌သာ ဖြစ်ကောင်း

သော။ ။ရှေးကပြုခဲ့သောအကုသိုလ်ကံကြောင့်။ ယခုပစ္စုပ္ပန်
ဘဝ၌အနိဋ္ဌရသာရုံကို လျက်ရန်ပေါ်လာရသည်ဖြစ်၍။ အကျိုး
ဖြစ်သောအကုသလဝိပါက်စိတ်လည်းတခု။ ။၎င်းအနိဋ္ဌဖေါဋ္ဌ
ဗ္ဗာရုံနှင့်တွေ့ကြုံသောအခါ။ ကိုယ်၌ကျင်နာသဖြင့်ခံစားခြင်းကြိ
ယာဟူသောဒုက္ခဝေဒနာစေတသိက်နှင့်တကွဖြစ်၍၊ ဒုက္ခသဟ
ဂုတ်စိတ်။ကာယပသာဒဝတ္ထုရုပ်ကိုမှီတွယ်ပြီးမှ၊ ဖေါဋ္ဌဗ္ဗာရုံကို
သိခြင်းကြောင့်၊ ကာယဝိညာဏ်စိတ်ဟုခေါ်ဆိုအပ်သော။ ။
ကာယဒွါရမှထွက်၍။ ပစ္စုပ္ပန်ဖေါဋ္ဌဗ္ဗာရုံကိုအာရုံပြုသဖြင့်။ ၎င်း
ဖေါဋ္ဌဗ္ဗာရုံကို တွေ့ထိတတ်သော ဖုသနကိစ္စ၊ တကိစ္စသာတပ်
လျက်။ ။၎င်းဖေါဋ္ဌဗ္ဗာရုံကိုညွတ်တတ်သောနမနသတ္တိရှိ၍၊နာမ်
ဟုခေါ်ဆိုအပ်သော။ ။ဗြဟ္မာပြည်-၂၀-ကိုချန်လှပ်၍၊ ကြွင်း
သောကာမ-၁၁-ဘုံ၌။ပုထုဇဉ်-၄-ယောက်၊ဖိုလ်ပုဂ္ဂိုလ်-၄-ယောက်
တို့သန္တာန်၌သာ ဖြစ်ကောင်းသော။ ။ရှေးကပြုခဲ့သော အကု
သိုလ်ကံကြောင့်၊ အနိဋ္ဌဖေါဋ္ဌဗ္ဗာရုံကို။ ယခုပစ္စုပ္ပန်ဘဝ၌၊တွေ့
ထိရန်ပေါ်လာရသည်ဖြစ်၍။ အကျိုးဖြစ်သောအကုသလဝိပါက်
စိတ်လည်းတခု။ ။အလိုမရှိအပ်သောအနိဋ္ဌရူပါရုံ၊အနိဋ္ဌသဒ္ဒါ
ရုံ၊အနိဋ္ဌဂန္ဓာရုံ၊အနိဋ္ဌရသာရုံ၊ အနိဋ္ဌဖေါဋ္ဌဗ္ဗာရုံတို့နှင့်၊ တွေ့ကြုံ
သောအခါ။လျစ်လျူဖြင့်သာခံစားခြင်းကြိယာဟူသော၊ဥပေက္ခာ
ဝေဒနာစေတသိက်နှင့်တကွဖြစ်၍၊ဥပေက္ခာသဟဂုတ်စိတ်။ ပဉ္စ
ဝိညာဏ်သည် ယူခဲ့ပြီးသော ပစ္စုပ္ပန်အာရုံငါးပါးတို့ကို အသီး
အသီးမပျောက်မပျက်ရအောင်ခံလင့်သိမ်းပိုက်သကဲ့သို့ဖြစ်ခြင်း
ကြောင့်၊ သမ္ပဋိစ္ဆိုင်းစိတ်ဟူ၍ ခေါ်ဆိုအပ်သော။ ။ဟဒယ
ဝတ္ထုရုပ်ကိုမှီတွယ်ပြီးမှ။စက္ခုဒွါရမှထွက်၍၊ပစ္စုပ္ပန်ရူပါရုံ။သော
တဒွါရမှထွက်၍၊ပစ္စုပ္ပန်သဒ္ဒါရုံ။ဃာနဒွါရမှထွက်၍၊ပစ္စုပ္ပန်ဂန္ဓာ
ရုံ။ဇိဝှါဒွါရမှထွက်၍၊ပစ္စုပ္ပန်ရသာရုံ။ကာယဒွါရမှထွက်၍၊ ပစ္စု
ပ္ပန်ဖေါဋ္ဌဗ္ဗာရုံတို့ကို၊အသီးအသီးအာရုံပြုသဖြင့်။၎င်းအာရုံငါးပါး
တို့ကိုခံလင့်သိမ်းပိုက်သကဲ့သို့ဖြစ်ခြင်းဟူသောသမ္ပဋိစ္ဆိုင်းကိစ္စ၊
တကိစ္စသာတပ်လျက်။ ။၎င်းအာရုံငါးပါးကိုညွတ်တတ်သောန

မနသတ္တိရှိ၍၊နာမ်ဟုခေါ်ဆိုအပ်သော။ ။အသညသတ်တဘုံ၊ အရူပလေးဘုံတို့ကိုချန်လှပ်၍။ကြွင်းသော-၂၆-ဘုံတို့၌ပုထုဇန်-၄-ယောက်။ ဖိုလ်ပုဂ္ဂိုလ်-၄-ယောက်ဟုဆိုအပ်သောရှစ်ယောက်ဖြစ်သောပုဂ္ဂိုလ်တို့သန္တာန်၌သာ ဖြစ်ကောင်းသော။ ။ရှေးကပြုခဲ့သောအကုသိုလ်ကံကြောင့်၊ယခုပစ္စုပ္ပန်ဘဝ၌ ပဉ္စဝိညာဏ်တို့သည်ယူအပ်ပြီးသောအနိဋ္ဌဖြစ်ထသော အာရုံငါးပါးတို့ကို ခံလင့်ဆိမ်းပိုက်ရန် ဖြစ်ပေါ်လာရသည်ဖြစ်၍၊ အကျိုးဖြစ်သောအကုသလ ဝိပါက်စိတ်လည်းတခု။ ။၎င်းအလိုမရှိအပ်သော အနိဋ္ဌအာရုံငါးပါးတို့နှင့်တွေ့ကြုံသောအခါ။လျစ်လျူဖြင့်သာခံစားခြင်းကြီယာဟုသော ဥပေက္ခာဝေဒနာစေတသိက်နှင့်တကွဖြစ်၍။ ဥပေက္ခာသဟဂုတ်စိတ်။၎င်းသမ္ပဋိစ္ဆိုင်းသည်ခံလင့်ပြီးသောအနိဋ္ဌပစ္စုပ္ပန်အာရုံငါးပါးတို့ကိုစုံစမ်းသကဲ့သို့ဖြစ်ခြင်းကြောင့်၊သန္တီရဏစိတ်ဟုခေါ်ဆိုအပ်သော။ ။ဟာဒယဝတ္ထုရုပ်ကိုမှီတွယ်ပြီးမှ။စက္ခုဒွါရမှထွက်၍၊ပစ္စုပ္ပန်ရူပါရုံ။ သောတဒွါရမှထွက်၍၊ ပစ္စုပ္ပန်သဒ္ဒါရုံ၊ဃာနဒွါရမှထွက်၍၊ပစ္စုပ္ပန်ဂန္ဓာရုံ။ဇိဝှါဒွါရမှထွက်၍၊ပစ္စုပ္ပန်ရသာရုံ။ကာယဒွါရမှထွက်၍၊ပစ္စုပ္ပန်ဖေါဋ္ဌဗ္ဗာရုံတို့ကိုအာရုံပြုသဖြင့်။ ၎င်းအာရုံငါးပါးတို့ကိုစုံစမ်းခြင်း ကြီယာဟုသော၊သန္တီရဏကိစ္စ၊တကိစ္စသာတပ်လျက်။ ။၎င်းအာရုံငါးပါးတို့ကိုညွတ်တတ်သောနမနသတ္တိရှိ၍၊နာမ်ဟုခေါ်ဆိုအပ်သော။ ။အသညသတ်တဘုံ၊ အရူပ-၄-ဘုံတို့ကိုချန်လှပ်၍။ကြွင်းသော-၂၆-ဘုံတို့၌။ ပုထုဇန်-၄-ယောက်။ ဖိုလ်ပုဂ္ဂိုလ်-၄-ယောက်တို့သန္တာန်၌သာဖြစ်ကောင်းသော။ ။ရှေးကပြုခဲ့သောအကုသိုလ်ကံကြောင့်၊ယခုပစ္စုပ္ပန်ဘဝ၌၊သမ္ပဋိစ္ဆိုင်းခံလင့်ပြီးသောအနိဋ္ဌပစ္စုပ္ပန်အာရုံငါးပါးတို့ကို၊အသီးအသီးစုံစမ်းရန်ဖြစ်ပေါ်လာရသည်ဖြစ်၍၊အကျိုးဖြစ်သောအကုသလဝိပါက်စိတ်လည်းတခု။ ။ဤသို့အားဖြင့်-၇-ပါးသော စိတ်တို့သည်။ ရှေးကပြုခဲ့သောအကုသိုလ်ကံကြောင့်၊ယခုပစ္စုပ္ပန်ဘဝ၌၊အနိဋ္ဌဖြစ်သောအာရုံငါးပါးတို့ကိုမြင်ရန်ကြားရန်နံရန်လျက်ရန်တွေ့ထိရန် ခံလင့်ဆိမ်းပိုက်

ရန်ပုံစမ်းရန် ဖြစ်ပေါ်လာရသည်ဖြစ်၍။ အကျိုးသက်သက်ဖြစ်သောအကုသလဝိပါက်စိတ်-၇-ပါး။ ။ယင်း-၇-ပါးသောအကုသလဝိပါက်စိတ်တို့တွင်။ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်တခုသည်။ ငါးဒွါရန္တိဖြစ်၍၊ သမ္ပဋိစ္ဆိုင်းခံလင့်ပြီးသောပစ္စုပ္ပန်အနိဋ္ဌအာရုံငါးပါးတို့ကိုပုံစမ်းသကဲ့သို့ဖြစ်သောအခါ။ သန္တီရဏကိစ္စ။ ။အပါယ်-၄-ဘုံ၌ဖြစ်သောဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တို့ပဋိသန္ဓေတည်နေသောအခါ၊ဘဝင်ကျသောအခါ၊စုတိကျသောအခါတို့၌၊ ယင်းစိတ်ပင်ဖြစ်ခြင်းကြောင့်၊ ပဋိသန္ဓေကိစ္စ၊ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်သောအခါ။ဒွါရ-၆-ပါးမှလွတ်၍ဖြစ်၏။ ။တဒါရုံကိစ္စတပ်သောအခါ-၆-ဒွါရန္တိဖြစ်၍။အာရုံ-၆-ပါးကိုအာရုံပြု၍ဖြစ်၏။ သို့ဖြစ်သောကြောင့်။ယင်းဥပေက္ခာသဟဂုတ်သန္တီရဏစိတ်တခုသည်။သန္တီရဏကိစ္စ၊ပဋိသန္ဓေကိစ္စ၊ဘဝင်ကိစ္စ၊စုတိကိစ္စ၊တဒါရုံကိစ္စအားဖြင့် ငါးကိစ္စတပ်၍၊ ငါးလုပ်ကိုလုပ်သော စိတ်ဟူ၍မှတ်။ ။အကုသလဝိပါက်စိတ်-၇-ပါးပြီး၏။ ။အလိုရှိအပ်သောဣဋ္ဌရူပါရုံနှင့်တွေ့ကြုံသောအခါ။ လျစ်လျူဖြင့်သာခံစားခြင်းကြိုယာဟူသော ဥပေက္ခာဝေဒနာစေတသိက်နှင့်တကွဖြစ်၍။ ဥပေက္ခာသဟဂုတ်စိတ်။ စက္ခုပသာဒဝတ္ထုရုပ်ကိုမှီတွယ်ပြီးမှ၊ ပစ္စုပ္ပန်ဣဋ္ဌရူပါရုံကိုသိခြင်းကြောင့်၊စက္ခုဝိညာဏ်စိတ်ဟုခေါ်ဆိုအပ်သော။ ။စက္ခုဒွါရမှထွက်၍။ပစ္စုပ္ပန်ဣဋ္ဌဖြစ်သောရူပါရုံကိုမြင်တတ်သော ဒဿနကိစ္စ၊ တကိစ္စသာတပ်လျက်။ ယင်းရူပါရုံကိုညွတ်တတ်သောနမနသဘောရှိ၍၊နာမ်ဟုခေါ်ဆိုအပ်သော။ ။အာသညသတ်တဘုံ။အရူပ-၄-ဘုံတို့ကိုချန်လှပ်၍။ ကြွင်းသော-၂၆-ဘုံတို့၌။ပုထုဇန်-၄-ယောက်။ဖိုလ်ပုဂ္ဂိုလ်-၄-ယောက်တို့သန္တာန်၌သာဖြစ်ကောင်းသော။ ။ရှေးကပြုခဲ့သောကုသိုလ်ကံကြောင့်။ ယခုပစ္စုပ္ပန်ဘဝ၌။ ဣဋ္ဌပစ္စုပ္ပန်ရူပါရုံကိုမြင်ရန် ပေါ်လာရသည်ဖြစ်၍။ အကျိုးဖြစ်သောကုသလဝိပါက်စိတ်လည်းတခု။ ။ဣဋ္ဌဖြစ်သောသဒ္ဒါရုံနှင့်တွေ့ကြုံသောအခါ၊လျစ်လျူဖြင့်သာခံစားခြင်းကြိုယာဟူသောဥပေက္ခာဝေဒနာ စေတသိက်နှင့်တကွဖြစ်၍ ဥ

ပေက္ခာသဟဂုတ်စိတ်။သောတပသာဒဝတ္ထုရုပ်ကိုမှီတွယ်ပြီးမှ၊
ဣဋ္ဌပစ္စုပ္ပန်သဒ္ဒါရုံကို သိခြင်းကြောင့်၊ သောတဝိညာဏ်စိတ်ဟု
ခေါ်ဆိုအပ်သော။ ။သောတဒွါရမှထွက်၍၊ဣဋ္ဌဖြစ်သောပစ္စုပ္ပန်
သဒ္ဒါရုံကို၊အာရုံပြုသဖြင့်။၎င်းသဒ္ဒါရုံကိုကြားတတ်သော သဝန
ကိစ္စ၊တကိစ္စသာတပ်လျက်။၎င်းသဒ္ဒါရုံကိုညွှတ်တတ်သောနမန
သတ္တိရှိ၍၊နာမ်ဟုခေါ်ဆိုအပ်သော။ ။အသညသတ်တဘုံ။အရူ
ပလေးဘုံတို့ကိုချန်လှပ်၍။ ကြွင်းသော-၂၆-ဘုံတို့၌ပုထုဇန်-၄-
ယောက်၊ ဖိုလ်ပုဂ္ဂိုလ်-၄-ယောက်တို့သန္တာန်၌သာဖြစ်ကောင်း
သော။ ။ရှေးကပြုခဲ့သောကုသိုလ်ကံကြောင့်။ယခုပစ္စုပ္ပန်ဘဝ၌၊
ဣဋ္ဌဖြစ်သောသဒ္ဒါရုံကိုကြားရန်ပေါ်လာရသည့်ဖြစ်၍။အကျိုးဖြစ်
သောကုသလဝိပါက်စိတ်လည်းတည်း။ ။ဣဋ္ဌဖြစ်သောဂန္ဓာရုံနှင့်
တွေ့ကြုံသောအခါ။ လျစ်လျူဖြင့်သာခံစားခြင်းကြိယာဟူသော
ဥပေက္ခာဝေဒနာစေတသိက်နှင့်တကွဖြစ်၍။ ဥပေက္ခာသဟဂုတ်
စိတ်။ဃာနပသာဒဝတ္ထုရုပ်ကိုမှီတွယ်ပြီးမှ၊ဣဋ္ဌပစ္စုပ္ပန်ဂန္ဓာရုံကို
သိခြင်းကြောင့်၊ဃာနဝိညာဏ်စိတ်ဟုခေါ်ဆိုအပ်သော။ ။ဃာ
နဒွါရမှထွက်၍၊ဣဋ္ဌပစ္စုပ္ပန်ဂန္ဓာရုံကိုအာရုံပြုသဖြင့်၊ ၎င်းဂန္ဓာရုံ
ကိုနံတတ်သောဃာယနကိစ္စ၊တကိစ္စသာတပ်လျက်။ ။၎င်းဂန္ဓာ
ရုံကိုညွှတ်တတ်သောနမနသတ္တိရှိ၍နာမ်ဟုခေါ်ဆိုအပ်သော။ ။
ဗြဟ္မာပြည်-၂၀-ကိုချန်လှပ်၍။ကြွင်းသောကာမ-၁၁-ဘုံတို့၌ပု
ထုဇန်-၄-ယောက်၊ ဖိုလ်ပုဂ္ဂိုလ်-၄-ယောက်တို့ သန္တာန်၌သာ
ဖြစ်ကောင်းသော။ ။ရှေးကပြုခဲ့သောကုသိုလ်ကံကြောင့်။ယခု
ပစ္စုပ္ပန်ဘဝ၌။ဣဋ္ဌဖြစ်သောဂန္ဓာရုံကိုနံရန်ပေါ်လာရသည့်ဖြစ်၍။
အကျိုးဖြစ်သောကုသလဝိပါက်စိတ်လည်းတည်း။ ။ဣဋ္ဌဖြစ်သော
ရသာရုံနှင့်တွေ့ကြုံသောအခါ။လျစ်လျူဖြင့်သာခံစားခြင်းကြိယာ
ဟူသောဥပေက္ခာဝေဒနာ စေတသိက်နှင့်တကွဖြစ်၍၊ ဥပေက္ခာ
သဟဂုတ်စိတ်။ဇိဝှါပသာဒဝတ္ထုရုပ်ကိုမှီတွယ်ပြီးမှ။ဣဋ္ဌပစ္စုပ္ပန်
ရသာရုံကို သိခြင်းကြောင့်၊ ဇိဝှါဝိညာဏ်စိတ်ဟု ခေါ်ဆိုအပ်
သော။ ။ဇိဝှါဒွါရမှထွက်၍။ဣဋ္ဌပစ္စုပ္ပန်ရသာရုံကိုအာရုံပြုသဖြင့်။

၎င်းရသာရုံကိုလျက်တတ်သောသာယနကိစ္စ၊ တကိစ္စသာတပ်လျက်။၎င်းဂန္ဓာရုံကိုညွှတ်တတ်သောနမနသတ္တိရှိ၍ နာမ်ဟုခေါ်ဆိုအပ်သော။ ။ဖြဟ္ဘာပြည့်-၂၀-ကိုချန်လှပ်၍၊ကြွင်းသောကာမ-၁၁-ဘုံတို့၌ပုထုဇန်-၄-ယောက်။မိုလ်ပုဂ္ဂိုလ်-၄-ယောက်တို့သန္တာန်၌သာဖြစ်ကောင်းသော။ ။ရှေးကပြုခဲ့သောကုသိုလ်ကံကြောင့်။ ယခုပစ္စုပ္ပန်ဘဝ၌။ ဇာဋ္ဌဖြစ်သောရသာရုံကို လျက်ရန်ပေါ်လာရသည့်ဖြစ်၍။အကျိုးဖြစ်သောကုသလဝိပါက်စိတ်လည်းတခု။ ။ဇာဋ္ဌဖြစ်သောဖေါဋ္ဌဗ္ဗာရုံနှင့်တွေ့ကြုံသောအခါ။ ကိုယ်၌ချမ်းသာသဖြင့်ခံစားခြင်းကြီးယာဟူသောသုခဝေဒနာစေတသိက်နှင့်တကွဖြစ်၍၊သုခသဟဂုတ်စိတ်။ကာယပသာဒဝတ္ထုရုပ်ကိုမှီတွယ်ပြီးမှ။ ဇာဋ္ဌပစ္စုပ္ပန်ဖေါဋ္ဌဗ္ဗာရုံကိုသိခြင်းကြောင့်။ ကာယဝိညာဏ်စိတ်ဟုခေါ်ဆိုအပ်သော။ ။ကာယဒွါရမှထွက်၍။ ဇာဋ္ဌပစ္စုပ္ပန်ဖေါဋ္ဌဗ္ဗာရုံကိုအာရုံပြုသဖြင့်။ ၎င်းဖေါဋ္ဌဗ္ဗာရုံကို တွေ့ထိတတ်သောဖုသနကိစ္စ၊တကိစ္စသာတပ်လျက်။၎င်းဖေါဋ္ဌဗ္ဗာရုံကိုညွှတ်တတ်သောနမနသတ္တိရှိ၍နာမ်ဟုခေါ်ဆိုအပ်သော။ ။ဖြဟ္ဘာပြည့်-၂၀-ကိုချန်လှပ်၍၊ကြွင်းသောကာမ ၁၁-ဘုံတို့၌ပုထုဇန်-၄-ယောက်။ မိုလ်ပုဂ္ဂိုလ်-၄-ယောက်တို့သန္တာန်၌သာ ဖြစ်ကောင်းသော။ ။ရှေးကပြုခဲ့သောကုသိုလ်ကံကြောင့်၊ယခုပစ္စုပ္ပန်ဘဝ၌။ဇာဋ္ဌဖြစ်သောဖေါဋ္ဌဗ္ဗာရုံကိုတွေ့ထိရန်ပေါ်လာရသည့်ဖြစ်၍၊အကျိုးဖြစ်သောကုသလဝိပါက်စိတ်လည်းတခု။ ။ဇာဋ္ဌဖြစ်သော၊၎င်းအာရုံငါးပါးတို့နှင့်တွေ့ကြုံသောအခါ၊လျစ်လျူဖြင့်သာခံစားခြင်းကြီးယာဟူသော ဥပေက္ခာဝေဒနာစေတသိက်နှင့်တကွဖြစ်၍၊ ဥပေက္ခာသဟဂုတ်စိတ်။ ပဉ္စဝိညာဏ်သည်ယူအပ်ပြီးသော အာရုံငါးပါးတို့ကို ခံလင့်သိမ်းပိုက်သကဲ့သို့ ဖြစ်ခြင်းကြောင့်၊သမ္ပဋိစ္ဆိုင်းဟုခေါ်ဆိုအပ်သော။ ။ဒွါရငါးပါးမှထွက်၍။ ဟာဒယဝတ္ထုရုပ်ကိုမှီတွယ်ပြီးမှ။ဇာဋ္ဌဖြစ်သော၊ ပစ္စုပ္ပန်ရူပါရုံအစရှိသော အာရုံငါးပါးတို့ကိုအာရုံပြုသဖြင့်။ ၎င်းအာရုံငါးပါးတို့ကိုခံထင့်သိမ်းပိုက်ခြင်းဟူသောသမ္ပဋိစ္ဆိုင်းကိစ္စ၊ တကိစ္စသာ

တပ်လျက်။ ။ရူပါရုံအစရှိသောအာရုံငါးပါးတို့ကိုညွတ်တတ်သော နမနသတ္တိရှိ၍နာမ်ဟုခေါ်ဆိုအပ်သော။ ။အသညသတ်တဘုံ။အရူပ-၄-ဘုံကိုချန်လှပ်၍။ကြွင်းသော-၂၆-ဘုံတို့၌။ ပုထုဇန်-၄-ယောက်။ ဖိုလ်ပုဂ္ဂိုလ်-၄-ယောက်တို့သန္တာန်၌သာ ဖြစ်ကောင်းသော။ ။ရှေးကပြုခဲ့သောကုသိုလ်ကံကြောင့်။ယခုပစ္စုပ္ပန်ဘဝ၌။ပဥ္စဝိညာဏ်ဟုဆိုအပ်သောဇာ႑ဖြစ်သောအာရုံငါးပါးတို့ကိုခံလင့်သိမ်းပိုက်ရန်ပေါ်လာရသည်ဖြစ်၍။အကျိုးဖြစ်သောကုသလဝိပါက်စိတ်လည်းတချ။ ။ဇာ႑ဖြစ်သောအာရုံငါးပါးတို့နှင့်တွေ့ကြုံသောအခါ၊ချမ်းချမ်းဖြင့်သာခံစားခြင်းကြီးသာဟူသောဥပေက္ခာဝေဒနာစေတသိက်နှင့်တကွဖြစ်၍၊ ဥပေက္ခာသဟဂုတ်စိတ်။ ၎င်းသမ္ပဋိစ္ဆိုင်းသည်ခံလင့်ပြီးသော ဇာ႑ဖြစ်သောပစ္စုပ္ပန်အာရုံငါးပါးတို့ကိုစုံစမ်းသကဲ့သို့ဖြစ်ခြင်းကြောင့်၊သန္တီရဏစိတ်ဟုခေါ်ဆိုအပ်သော။ ။ဟဒယဝတ္ထုရုပ်ကိုမှီတွယ်ပြီးမှ။ငါးခွါရမှအသီးအသီးထွက်၍ဇာ႑ဖြစ်သောပစ္စုပ္ပန်ရူပါရုံအစရှိသောအာရုံငါးပါးတို့ကို အသီးအသီးအာရုံပြုသဖြင့်။ ၎င်းအာရုံငါးပါးတို့ကိုစုံစမ်းခြင်းကြီးသာဟူသော သန္တီရဏကိစ္စ၊ တကိစ္စသာတပ်လျက်။ ။၎င်းအာရုံငါးပါးတို့ကိုညွတ်တတ်သောနမနသတ္တိရှိ၍နာမ်ဟုခေါ်ဆိုအပ်သော။ ။အသညသတ်တဘုံ။ အရူပ-၄-ဘုံတို့ကိုချန်လှပ်၍၊ကြွင်းသော-၂၆-ဘုံတို့၌။ပုထုဇန်-၄-ယောက်။ ဖိုလ်ပုဂ္ဂိုလ်-၄-ယောက်တို့သန္တာန်၌သာဖြစ်ကောင်းသော။ ။ရှေးကပြုခဲ့သောကုသိုလ်ကံကြောင့်။ ယခုပစ္စုပ္ပန်ဘဝ၌။ သမ္ပဋိစ္ဆိုင်းခံလင့်ပြီးသောဇာ႑ဖြစ်သောအာရုံငါးပါးတို့ကိုအသီးအသီးစုံစမ်းရန် ဖြစ်ပေါ်လာရသည်ဖြစ်၍အကျိုးဖြစ်သော ကုသလဝိပါက်စိတ်လည်းတချ။ ။ရူပါရုံအစရှိသောဇာ႑အာရုံငါးပါးတို့နှင့်တွေ့ကြုံသောအခါ။ဝမ်းမြောက်ဝမ်းသာခံစားခြင်းကြီးသာဟူသောသောမနဿဝေဒနာစေတသိက်နှင့်တကွ ဖြစ်၍၊ သောမနဿသဟဂုတ်စိတ်။ ၎င်းသမ္ပဋိစ္ဆိုင်းသည် ခံလင့်ပြီးသောဇာ႑ဖြစ်သောပစ္စုပ္ပန်အာရုံငါးပါးတို့ကို စုံစမ်းသကဲ့သို့ ဖြစ်ခြင်းကြောင့်

သန္တီရဏကိစ်ဟု ခေါ်ဆိုအပ်သောဟဒယဝတ္ထုရုပ်ကို မှီတွယ်ပြီးမှ။ ငါးဒွါရမှအသီးအသီးထွက်၍၊ ဣဋ္ဌဖြစ်သောပစ္စုပ္ပန်အာရုံငါးပါးတို့ကိုအသီးအသီးအာရုံပြုသဖြင့်။ ၎င်းအာရုံငါးပါးတို့ကို။ ရုံစမ်းခြင်းကြိယာဟူသောသန္တီရဏကိစ္စ၊ တကိစ္စသာတပ်လျက်။ ၎င်းအာရုံငါးပါးတို့ကိုညွတ်တတ်သောနမနသဘောရှိခြင်းကြောင့်၊ နာမ်ဟုခေါ်ဆိုအပ်သော။ ။အသညသတ်တဘုံ။ အရူပလေးဘုံတို့ကိုချန်လှပ်၍ကြွင်းသော–၂၆–ဘုံတို့၌။ ပုထုဇန်–၄–ယောက်။ ဖိုလ်ပုဂ္ဂိုလ်–၄–ယောက်တို့သန္တာန်၌သာဖြစ်ကောင်းသော။ ။ရှေးကပြုခဲ့သော ကုသိုလ်ကံကြောင့်၊ ယခုပစ္စုပ္ပန်ဘဝ၌။ သမ္ပဋိစ္ဆိုင်းခံလင့်ပြီးသော ဣဋ္ဌဖြစ်သော အာရုံငါးပါးတို့ကို။ အသီးအသီးရုံစမ်းရန်ဖြစ်ပေါ်လာရသည်ဖြစ်၍။ အကျိုးဖြစ်သောကုသလဝိပါက်စိတ်လည်းတခု။ ။ဤသို့အားဖြင့် ၇စ်ပါးသောစိတ်တို့သည်။ ။ရှေးကပြုခဲ့သောကုသိုလ်ကံကြောင့်။ ယခုပစ္စုပ္ပန်ဘဝ၌။ ဣဋ္ဌဖြစ်သောအာရုံငါးပါးတို့ကိုမြင်ရန်ကြားရန်နံရန်လျက်ရန်တွေ့ထိရန် ခံလင့်သိမ်းပိုက်ရန်ရုံစမ်းရန် ဖြစ်ပေါ်လာရသည်ဖြစ်၍။ အကျိုးသက်သက်ဖြစ်သောကုသလဝိပါက်စိတ်–၈–ပါး။ ထို–၈–ပါးတို့တွင်။ ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တခုသည်။ ပဉ္စဒွါရဝိထိ၌ပဉ္စဝိညာဏ်သမ္ပဋိစ္ဆိုင်းတို့ယူအပ်သောရူပါရုံအစရှိသောဣဋ္ဌပစ္စုပ္ပန်အာရုံငါးပါးတို့ကို အာရုံပြု၍ဖြစ်သောအခါ၊ ငါးဒွါရ၌ဖြစ်၍။ သန္တီရဏကိစ္စ။ ဇောနောင်မှဖြစ်သောတဒါရုံကိစ္စတပ်လျက်၊ ပစ္စုပ္ပန်အာရုံငါးပါးတို့ကိုအာရုံပြု၍ဖြစ်၏။ မနောဒွါရဝိထိ၌။ ခြောက်ဒွါရ၌ဖြစ်၍။ ကာလ–၃–ပါး၌တည်သော အာရုံခြောက်ပါးတို့ကို အာရုံပြုသဖြင့်။ တဒါရုံကိစ္စတပ်၍ဖြစ်၏။ ။လူ့ဘုံစတုမဟာရာဇ်ဘုံနှစ်ဘုံတို့၌။ အမိဝမ်းတွင်းက၊ ကန်းခြင်းစသောဇစ္စန္ဓသုဂတိအဟိတ်ပုဂ္ဂိုလ်တို့ပဋိသန္ဓေနေသောအခါ၊ ဘဝင်ကျသောအခါ၊ စုတိကျသောအခါတို့၌။ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စဟူ၍–၃–ကိစ္စတပ်လျက် ဒွါရခြောက်ပါးမှလွတ်၍။ အတိတ်ဘဝက၊ မရဏာသန္နဇော ယူခဲ့

သောကံ-ကမ္မနိမိတ်- ဂတိနိမိတ်-၃-ပါးတို့တွင်၊ တပါးပါးကို အာရုံပြု၍ဖြစ်၏။ ။သို့ဖြစ်သောကြောင့်။ ကုသလဝိပါက်ဉပေက္ခာသဟဂုတ်သန္တီရဏစိတ်တခုသည်။ သန္တီရဏကိစ္စ၊တဒါရုံကိစ္စ၊ပဋိသန္ဓေကိစ္စ၊ဘဝင်ကိစ္စ၊စုတိကိစ္စအားဖြင့်၊ ငါးကိစ္စတပ်လျက်၊ငါးလုပ်ကိုလုပ်သောစိတ်ဟူ၍မှတ်။ ။သောမနဿသဟဂုတ်သန္တီရဏစိတ်တခုသည်။ပဉ္စဒွါရဝိထိ၌။ငါးဒွါရမှထွက်၍။ အာရုံငါးပါးကို၊အာရုံပြု၍ဖြစ်သောအခါ။ သန္တီရဏကိစ္စ၊တဒါရုံကိစ္စ၊၂-ကိစ္စတပ်လျက်ဖြစ်၏။မနောဒွါရမှထွက်၍။ ကာလသုံးရပ်၌တည်သောအာရုံခြောက်ပါးကို အာရုံပြု၍ဖြစ်သောအခါ။ တဒါရုံကိစ္စ၊တခုသာတပ်လျက်ဖြစ်၏။ ။သို့ဖြစ်သောကြောင့်၊ သောမနဿသဟဂုတ်သန္တီရဏစိတ်တခုသည်။သန္တီရဏကိစ္စ၊ တဒါရုံကိစ္စအားဖြင့်။၂-ပါးသောကိစ္စတပ်လျက်။၂-ပါးသောအလုပ်ကိုလုပ်သောစိတ်ဟူ၍မှတ်။ ။ဆိုအပ်ခဲ့ပြီးသောအကုသလဝိပါက်စိတ်-၇-ခု၌ပါသော။ ဉပေက္ခာသဟဂုတ် သန္တီရဏစိတ်တခု။ကုသလဝိပါက်၌ပါသော၊ဉပေက္ခာသဟဂုတ်သန္တီရဏစိတ်တခု။ ၎င်းနှစ်ခုသောစိတ်တို့ကို။ အပါယ်၌ပဋိသန္ဓေနေရသောဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ဖြစ်လျှင်။အကုသလဝိပါက်ဉပေက္ခာသဟဂုတ်သန္တီရဏစိတ်။လူ့ဘုံစတုမဟာရာဇ်ဟုဆိုအပ်သော။ နှစ်ဘုံတို့၌ ပဋိသန္ဓေနေရသော၊ ဇစ္စန္ဓစသော သုဂတိအဟိတ်ပုဂ္ဂိုလ်ဖြစ်လျှင်။ ကုသလဝိပါက်၊ ဉပေက္ခာသဟဂုတ် သန္တီရဏစိတ်နှင့်ပဋိသန္ဓေနေကြရသည်ဖြစ်၍။ ၎င်းစိတ်နှစ်ခုကို။အဟိတ်ပဋိသန္ဓေဒွေဟုခေါ်သည်။ ။အကုသလဝိပါက်၌ပါသော၊ ဉပေက္ခာသဟဂုတ်သမ္ပဋိစ္ဆိုင်းစိတ်တခု။ကုသလဝိပါက်၌ပါသောဉပေက္ခာသဟဂုတ်သမ္ပဋိစ္ဆိုင်းစိတ်တခု။၎င်းနှစ်ခုကိုပေါင်း၍။သမ္ပဋိစ္ဆိုင်းဒွေဟုခေါ်သည်။ ။အကုသလဝိပါက်၌ပါသောစက္ခုဝိညာဏ်စိတ်တခု။ ကုသလဝိပါက်၌ပါသောစက္ခုဝိညာဏ်စိတ်တခု။၎င်းနှစ်ခုကိုပေါင်း၍။စက္ခုဝိညာဏ်ဒွေဟုခေါ်သည်။ ။အကုသလဝိပါက်၌ပါသောသောတဝိညာဏ်စိတ်တခု။ကုသလဝိ

ပါကဵခ္ပါသောသောတပိညာဏ်စိတ်တခု။ ၎င်းနှစ်ခုကိုပေါင်း၍ သောတပိညာဏ်နှစ်ပါးဟူခေါ်သည်။ ။အကုသလပိပါကဵခ္ပါသော၊ ဃာနပိညာဏ်စိတ်တခု။ကုသလပိပါကဵခ္ပါသော၊ဃာနပိညာဏ်စိတ်တခု။၎င်းနှစ်ခုကိုပေါင်း၍။ဃာနပိညာဏ်နှစ်ပါးဟူခေါ်သည်။ ။ အကုသလပိပါကဵခ္ပါသောဇိဝှါပိညာဏ်စိတ်တခု။ ကုသလပိ ပါကဵခ္ပါသောဇိဝှါပိညာဏ်စိတ်တခု။၎င်းနှစ်ခုကိုပေါင်း၍။ဇိဝှါ ပိညာဏ်နှစ်ပါးဟူခေါ်သည်။ ။အကုသလပိပါကဵခ္ပါသော ကာ ယပိညာဏ်စိတ်တခု။ကုသလပိပါကဵခ္ပါသော ကာယပိညာဏ် စိတ်တခု။၎င်းနှစ်ခုကိုပေါင်း၍၊ကာယပိညာဏ်နှစ်ပါးဟူခေါ်သည်။ ။ နှစ်-ငါးနှစ်ကိုပေါင်း၍နှစ်ပဉ္စပိညာဏ်တဆယ်ဟူခေါ်သည်။ ။ ဤသို့လျှင် အကုသလပိပါက်-၇-ခု။ ကုသလပိပါက်-၈-ခုအားဖြင့်။၁၅-ပါးသောအဟိတ်ပိပါက်စိတ်ပြီး၏။ ။အဟိတ်ကြိယာ-၃-ခုဟူသည်ကား။ ။လျစ်လျူဖြင့်သာခံစားခြင်းကြိယာဟူသော ဥပေက္ခာဝေဒနာစေတသိက်နှင့်တကွဖြစ်၍ ဥပေက္ခာသဟာဂုတ် စိတ်။ အဟုန်နှင့်တကွလာသောဘဝင်အလျဉ်ကို နစ်စေလျက်။ ပဉ္စုပ္ပန်ငါးခွါရ၌ ထင်လာသော အာရုံသစ်ကို။ စတင်၍ဆင်ခြင် တတ်သောကြောင့်၊ပဉ္စခွါရာဝဇ္ဇန်းစိတ်ဟူခေါ်ဆိုအပ်သော။ ။ ဟာဒယဝတ္ထုရုပ်ကိုမှီတွယ်ပြီးမှ။ငါးခွါရတွင်၊ထင်လာသောပစ္စုပ္ပန်အာရုံငါးပါးတို့ကိုအာရုံပြုသဖြင့်၊၎င်းအာရုံငါးပါးတို့ကို။ဆင်ခြင်ခြင်းဟူသောအာဝဇ္ဇန်းကိစ္စ၊တကိစ္စသာတပ်လျက်။ ။၎င်း အာရုံငါးပါးတို့ကိုညွတ်တတ်သောနမနသတ္တိရှိ၍၊ နာမ်ဟူခေါ် ဆိုအပ်သော။ ။အသညာသတ်တဘုံ။ အရူပ-၄-ဘုံတို့ကိုချန် လှပ်၍။ကြွင်းသော-၂၆-ဘုံတို့၌။ပုထုဇန်-၄ ယောက်။ဖိုလ်ပုဂ္ဂိုလ် ၄-ယောက်တို့သန္တာန်၌သာဖြစ်ကောင်းသော။ ။အကျိုးလည်း မဟုတ်။အကြောင်းလည်းမဟုတ်။ဆင်ခြင်ကာမတ္တ၊ကြိယာမျှဖြစ် ၍ကြိယာစိတ်ဟူခေါ်ဆိုအပ်သောစိတ်လည်းတခု။ ။လျစ်လျူ ဖြင့်သာခံစားခြင်းကြိယာဟူသော ဥပေက္ခာဝေဒနာစေတသိက် နှင့်တကွဖြစ်၍။ ဥပေက္ခာသဟာဂုတ်စိတ်။မနောခွ၌ထင်လာသော

အာရုံ-၆-ပါးတို့ကိုဆင်ခြင်တတ်ခြင်းကြောင့်၊မနောဒွါရာဝဇ္ဇန်း စိတ်ဟုခေါ်ဆိုအပ်သော။ ။ဟာဒယဝတ္ထုရုပ်ကို မှီတွယ်ပြီးမှ။ အရူပ-၄-ဘုံတို့၌ ဖြစ်သောအခါ၊ ဟာဒယဝတ္ထုရုပ်ကို မမှီမူ၍ ငါးဒွါရမှထွက်၍။ပစ္စုပ္ပန်အာရုံငါးပါးတို့ကို၊အာရုံပြုသောအခါ၊ မှတ်တတ်သောဝုဋ္ဌောကိစ္စ။မနောဒွါရမှထွက်၍။ကာလသုံးရပ်၌ တည်သောအာရုံ-၆-ပါးကို။အာရုံပြုသောအခါ။ဆင်ခြင်ခြင်းကြိယာဟူသောအာဝဇ္ဇန်းကိစ္စတပ်လျက်။ ။၎င်းအာရုံ-၆-ပါးကို ညွတ်တတ်သောနမနသတ္တိရှိ၍၊နာမ်ဟုခေါ်ဆိုအပ်သော။ ။အသညသတ်တဘုံကိုချန်လှပ်၍၊ကြွင်းသောဘုံသုံးဆယ်တို့၌။ပုထုဇန်လေးယောက်။ ဖိုလ်ပုဂ္ဂိုလ်-၄-ယောက်တို့သန္တာန်၌သာဖြစ်ကောင်းသော။ ။အကျိုးလည်းမဟုတ်။အကြောင်းလည်းမဟုတ်။ ဆင်ခြင်ကာမတ္တကြိယာမျှဖြစ်၍၊ကြိယာစိတ်ဟုခေါ်ဆိုအပ်သော စိတ်လည်းတခု။ ။ရွှင်ပြဝမ်းမြောက်စွာခံစားခြင်းဟူသောသောမနဿဝေဒနာ စေတသိက်နှင့်တကွဖြစ်၍၊ သောမနဿ သဟဂုတ်စိတ်။ ပြုံးရယ်ခြင်းကို ဖြစ်စေခြင်းကြောင့်၊ ဟသိတုပ္ပါဒ်ဟု ခေါ်ဆိုအပ်သော။ ။ဟာဒယဝတ္ထုရုပ်ကိုမှီတွယ်ပြီးမှ။ဒွါရ-၆-ပါးမှထွက်၍၊ အာရုံ-၆-ပါးတို့ကိုအာရုံပြုသဖြင့်။ ၅-ကြိမ်-၆-ကြိမ်-၇-ကြိမ်-အလွန်အားဖြင့် စောကောင်းသောဇောကိစ္စ၊တကိစ္စသာတပ်လျက်။ ၎င်းအာရုံ-၆-ပါးကို၊ ညွတ်တတ်သောနမနသတ္တိရှိ၍၊နာမ်ဟုခေါ်ဆိုအပ်သော။ ။အသညသတ်ဘုံ။အရူပ-၄-ဘုံတို့ကိုချန်လှပ်၍၊ကြွင်းသော-၂၆-ဘုံတို့၌။ အရဟတ္တဖိုလ်ကိုရပြီးသော ဘုရားရဟန္တာပစ္စေကဗုဒ္ဓါတို့ သန္တာန်၌သာဖြစ်ကောင်းသော။ ။အကျိုးလည်းမဟုတ်။အကြောင်းလည်းမဟုတ်။ ပြုံးရွှင်ခြင်းကြိယာမျှဖြစ်၍ကြိယာစိတ်ဟုခေါ်ဆိုအပ်သောစိတ်လည်းတခု။ ။ဤသို့အားဖြင့်၊ အဟိတ်ကြိယာ စိတ်-၃-ပါးတို့တည်း။ ။အကုသလဝိပါက်စိတ်-၇-ပါး။ကုသလဝိပါက်စိတ်-၈-ပါး။ ကြိယာစိတ်-၃-ပါး။ အပေါင်းအားဖြင့်-၁၈-ပါးသော စိတ်တို့သည်။လောဘ၊ဒေါသ၊မောဟ၊ဟူသောအကုသိုလ်ဟိတ်-

၃-ပါး၊အလောဘ၊အဒေါသ၊အမောဟ၊ဟူသောကုသိုလ်ဟိတ်-၃-ပါး။ဤသို့အားဖြင့်-၆-ပါးသောဟိတ်တို့နှင့်မယှဉ်သည်ဖြစ်၍၊ သမ္ပယုတ်ဟိတ်မှ ကင်းသောကြောင့်၊ အဟိတ်စိတ်ဟုခေါ်သော စိတ်-၁၈-ပါးပြီး၏။

ကာမာဝစရ သောဘဏစိတ်-၂၄-ပါးဟူသည်ကား။ ကာမာဝစရကုသိုလ်-၈-ပါး။ ကာမာဝစရဝိပါက်-၈-ပါး။ ကာမာဝစရကြိယာ-၈-ပါး။ဤသို့အားဖြင့်-၂၄-ပါးတည်း။ ။ထို-၂၄-ပါးတို့တွင်။ကာမာဝစရကုသိုလ်စိတ်-၈-ပါးဟူသည်ကား။ ရွှင်ပြဝမ်းမြောက်စွာ၊ ခံစားခြင်းကြီးသာဟူသောသောမနဿဝေဒနာစေတသိက်နှင့်တကွဖြစ်၍၊သောမနဿသဟဂုတ်စိတ်။သံသရာဝဋ်ကာ၊ကျွတ်လွတ်ရန်ကိုရည်သည်ဖြစ်၍ဧင်း။ နှောင်းအကျိုးဖြစ်လတ္တံ့ဟု၊အကျိုးကိုမြင်သည်ဖြစ်၍ဧင်း။အသိအလိမ္မာဟူသောပညိန္ဒြေစေတသိက်နှင့် ယှဉ်သည်ဖြစ်၍၊ဉာဏသမ္ပယုတ်စိတ်။မိမိသူတပါးတိုက်တွန်းထောက်ပံ့ခြင်း၊ ပယောဂလုံ့လသင်္ခါရကင်းလျက်။အလိုအလျောက်သဘောအားဖြင့်၊ထက်သန်ဖြစ်ပေါ်လာသည့်ဖြစ်၍၊အသင်္ခါရိကစိတ်ဟူ၍သုံးပါးသောအမည်ဖြင့်မှတ်၍ခေါ်ဆိုအပ်သောစိတ်လည်းတခု။ ။ရွှင်ပြဝမ်းမြောက်စွာ၊ ခံစားခြင်းကြီးသာဟူသောသောမနဿဝေဒနာစေတသိက်နှင့်တကွဖြစ်၍၊ သောမနဿသဟဂုတ်စိတ်။ သံသရာဝဋ်ကလွတ်လိုခြင်း၊ အကျိုးကိုမြင်ခြင်း၊ အသိအလိမ္မာ ဟူသောပညိန္ဒြေစေတသိက်နှင့် ယှဉ်သည်ဖြစ်၍၊ ဉာဏသမ္ပယုတ်စိတ်။ မိမိသူတပါးတိုက်တွန်းထောက်ပံ့ခြင်း။လုံ့လပယောဂသင်္ခါရရှိမှ၊ပေါ်လာရသည်ဖြစ်၍၊သသင်္ခါရိကစိတ်ဟူ၍။သုံးပါးသောအမည်ဖြင့်၊မှတ်၍ခေါ်ဆိုအပ်သောစိတ်လည်းတခု။ ။ရွှင်ပြဝမ်းမြောက်စွာခံစားခြင်းဟူသော သောမနဿဝေဒနာစေတသိက်နှင့်ယှဉ်သည်ဖြစ်၍၊ သောမနဿသဟဂုတ်စိတ်။ အသိအလိမ္မာဟူသောပညိန္ဒြေစေတသိက်နှင့် မယှဉ်သည့်ဖြစ်၍၊ဉာဏဝိပ္ပယုတ်စိတ်။မိမိသူတပါး၊ တိုက်တွန်းထောက်ပံ့ခြင်း၊ လုံ့လပယောဂ သင်္ခါရကင်း

လျက်။ အလိုအလျောက်သဘောအားဖြင့်၊ ထက်သန်ဖြစ်ပေါ်လာ
သည်ဖြစ်၍အသင်္ခါရိကစိတ်ဟူ၍၊ သုံးပါးသောအမည်ဖြင့်မှတ်၍
ခေါ်ဆိုအပ်သောစိတ်လည်းတခု။ ။ရွှင်ပြုံးမြောက်ကြွခံစား
ခြင်း ကြိယာဟူသော သောမနဿဝေဒနာစေတသိက်နှင့်တကွ
ဖြစ်၍၊ သောမနဿသဟဂုတ်စိတ်။ အသိအလိမ္မာဟူသောပညိန္ဒြေ
စေတသိက်နှင့် မယှဉ်သည်ဖြစ်၍၊ ဉာဏဝိပ္ပယုတ်စိတ်။ မိမိသူတ
ပါးတိုက်တွန်းထောက်ပံ့ခြင်းပယောဂသင်္ခါရရှိမှ ဖြစ်ပေါ်လာရ
သည့်ဖြစ်၍၊ သသင်္ခါရိကစိတ်ဟူ၍၊ သုံးပါးသောအမည်ဖြင့်မှတ်
၍ခေါ်ဆိုအပ်သောစိတ်လည်းတခု။ ။လျစ်လျူဖြင့်သာခံစားခြင်း
ကြိယာဟူသော ဥပေက္ခာဝေဒနာစေတသိက်နှင့်တကွဖြစ်၍၊ ဥ
ပေက္ခာသဟဂုတ်စိတ်။ သံသရာဝဋ်က၊ လွတ်လိုခြင်းအကျိုးကို
မြင်ခြင်းအသိအလိမ္မာဟူသောပညိန္ဒြေစေတသိက်နှင့်ယှဉ်သည်
ဖြစ်၍၊ ဉာဏသမ္ပယုတ်စိတ်။ မိမိသူတပါးတိုက်တွန်းထောက်ပံ့
ခြင်းပယောဂသင်္ခါရကင်းလျက်။ အလိုအလျောက် ဖြစ်ပေါ်လာ
သည်ဖြစ်၍။ အသင်္ခါရိကစိတ်ဟူ၍၊ သုံးပါးသောအမည်ဖြင့်မှတ်
၍ခေါ်ဆိုအပ်သောစိတ်လည်းတခု။ ။လျစ်လျူဖြင့်သာ ခံစား
ခြင်းကြိယာဟူသော ဥပေက္ခာဝေဒနာစေတသိက်နှင့်တကွဖြစ်
၍၊ ဥပေက္ခာသဟဂုတ်စိတ်။ အသိအလိမ္မာဟူသောပညိန္ဒြေစေ
တသိက်နှင့်ယှဉ်သည်ဖြစ်၍ ဉာဏသမ္ပယုတ်စိတ်။ မိမိ သူတပါး
တိုက်တွန်းထောက်ပံ့ခြင်း ပယောဂသင်္ခါရရှိမှပေါ်လာရသည့်
ဖြစ်၍၊ သသင်္ခါရိကစိတ်ဟူ၍သုံးပါးသောအမည်ဖြင့်မှတ်၍ခေါ်ဆို
အပ်သောစိတ်သည်းတခု။ ။လျစ်လျူဖြင့်သာခံစားခြင်းကြိယာ
ဟူသော ဥပေက္ခာဝေဒနာစေတသိက်နှင့်တကွဖြစ်၍၊ ဥပေက္ခာ
သဟဂုတ်စိတ်။ အသိအလိမ္မာဟူသော ပညိန္ဒြေစေတသိက်နှင့်မ
ယှဉ်သည်ဖြစ်၍။ ဉာဏဝိပ္ပယုတ်စိတ်။ မိမိသူတပါး တိုက်တွန်း
ထောပံ့ခြင်းပယောဂသင်္ခါရကင်းလျက်၊ အလိုအလျော်သဘော
အားဖြင့်၊ ထက်သန်ဖြစ်ပေါ်လာသည့်ဖြစ်၍။ အသင်္ခါရိကစိတ်ဟူ
၍၊ သုံးပါးသောအမည်ဖြင့်မှတ်၍ခေါ်ဆိုအပ်သော စိတ်လည်းတ

ခု။ ။လျစ်လျူဖြင့်သာခံစားခြင်းကြိယာဟူသောဥပေက္ခာဝေဒ
နာစေတသိက်နှင့်တကွဖြစ်၍၊ ဥပေက္ခာသဟဂုတ်စိတ်။ အသိအ
လိမ္မာဟူသောပညိန္ဒြေစေတသိက်နှင့် မယှဉ်သည်ဖြစ်၍၊ ဉာဏ
ဝိပ္ပယုတ်စိတ်။ မိမိသူတပါးတိုက်တွန်းထောက်ပံ့ခြင်း ပယောဂ
သင်္ခါရရှိမှ၊ဖြစ်ပေါ်လာရသည့်ဖြစ်၍ သသင်္ခါရိကစိတ်ဟူ၍၊သုံး
ပါးသော့အမည်ဖြင့်မှတ်၍ခေါ်ဆိုအပ်သောစိတ်လည်းတခု။ ။
ဤသို့အားဖြင့်၊ ရှစ်ပါးသောစိတ်တို့သည်။ ဟဒယဝတ္ထုရုပ်ကိုမှီ
တွယ်ပြီးမှ။ ငါးဒွါရ၌ဖြစ်သောအခါ။ ရူပါရုံအစရှိသော ပစ္စုပ္ပန်
အာရုံငါးပါးတို့ကို အာရုံပြုသဖြင့်။ မနောဒွါရ၌ ဖြစ်သောအခါ။
ပစ္စုပ္ပန်၊အတီတ်၊အနာဂတ်၊ ကာလ-၃-ရပ်၌တည့်သောဝင်းအာ
ရုံ-၆-ပါးတို့ကိုအာရုံပြုသဖြင့်။ ၄-ကြိမ်-၅-ကြိမ်-၆-ကြိမ်-၇-
ကြိမ်-အလွန်အားဖြင့်၊စောကောင်းသောဇောကိစ္စ၊တကိစ္စသာ
တပ်လျက်။ ။အသညသတ်တဘုံကိုချန်လှပ်၍၊ကြွင်းသောဘုံ-
၃၀-တို့၌။ ပုထုဇန်-၄-ယောက်။ အောက် ဖိုလ်-၃-ယောက်တို့
သန္တာန်၌သာ ဖြစ်ကောင်းသော။ ။လူ့ဘုံ၊ နတ်ပြည်-၆-ထပ်
ဟူသော သုဂတိ-၇-ဘုံတို့၌။ ခန္ဓာ၊နာမ်၊ ရုပ်ကို၊ဆောက်လုပ်
သောအားဖြင့်၊ပဋိသန္ဓေဟူသောအကျိုးရင်း။သုဂတိဘုံ၊အပါယ်
ဘုံတို့၌။ ပဝတ္တိကျိုးဟူသောအကျိုးဖျားအကျိုးဆက်တို့ကို ဖြစ်
စေတတ်သော။ ။ဉာဏဝိပ္ပယုတ်ဖြစ်လျှင်။ လောကုတ္တရာတ
ရား-၉-ပါးတို့ကိုချန်လှပ်၍၊ကြွင်းသမျှအာရုံ၊အလုံးစုံကို အာရုံပြု
တတ်သော။ ။ဉာဏသမ္ပယုတ်စိတ်ဖြစ်လျှင်။ အရဟတ္တမဂ်၊
အရဟတ္တဖိုလ်-၂-ပါးကိုချန်လှပ်၍။ကြွင်းသမျှအောက်မဂ်၊အောက်
ဖိုလ်၊ နိဗ္ဗာန်နှင့်တကွ၊ အလုံးစုံသော အာရုံတို့ကိုအာရုံပြုတတ်
သော။ ။အာရုံကိုညွှတ်တတ်သော နမနသဘောရှိ၍ နာမ်ဟုခေါ်
ဆိုအပ်သော။ ။အကုသိုလ်ကိုဖျက်ဆီးတတ်သည်ဖြစ်၍ ကာ
မာဝစရ မဟာကုသိုလ်ဟု ခေါ်ဆိုအပ်သော။ အကြောင်း ဖြစ်
သောစိတ်-၈-ပါး။ ။မဟာဝိပါက်စိတ်-၈-ပါးဟူသည်ကား။
သောမနဿသဟဂုတ်စိတ်စသည့်ဖြင့်ခေါ်ဆိုရသောအဓိပ္ပါယ်

ကို။အောက်ကုသိုလ်က၊ ပြခဲ့သည့်အတိုင်းမှတ်၍။ ။သောမနဿသဟဂုတ်၊ဉာဏသမ္ပယုတ်၊အသင်္ခါရိကဝိပါက်စိတ်တခု။ ။သောမနဿသဟဂုတ်၊ ဉာဏသမ္ပယုတ်၊ သသင်္ခါရိကဝိပါက်စိတ်တခု။ ။သောမနဿသဟဂုတ်၊ဉာဏဝိပ္ပယုတ်၊အသင်္ခါရိက ဝိပါက်စိတ်တခု။ ။သောမနဿသဟဂုတ်၊ ဉာဏဝိပ္ပယုတ်၊ သသင်္ခါရိကစိတ်တခု။ ။ဥပေက္ခာသဟဂုတ်၊ ဉာဏသမ္ပယုတ်၊အသင်္ခါရိကစိတ်တခု။ ။ဥပေက္ခာသဟဂုတ်၊ဉာဏသမ္ပယုတ်၊ သသင်္ခါရိကစိတ်တခု။ ။ဥပေက္ခာ သဟဂုတ်၊ ဉာဏဝိပ္ပယုတ်၊အသင်္ခါရိကစိတ်တခု။ ။ဥပေက္ခာသဟဂုတ်၊ ဉာဏဝိပ္ပယုတ်၊ သသင်္ခါရိကစိတ်တခု။ ။ဤသို့အားဖြင့် ၈စ်ပါးသောစိတ်တို့သည်။ ဟဒယဝတ္ထုရုပ်ကိုမှီတွယ်ပြီးမှ။ ကဒါရုံကိစ္စတပ်သောအခါ။ ဒွါရ-၆-ပါးမှထွက်၍၊ အာရုံ-၆-ပါးတို့ကို အာရုံပြုသဖြင့်။ဝိပ္ပယုတ်ဝိပါက်စိတ် ၄-ခုဖြစ်လျှင်။ဒွိဟိတ်ပုဂ္ဂိုလ်တို့သန္တာန်၌။ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊စုတိကိစ္စ။ သမ္ပယုတ်ဝိပါက်စိတ်-၄-ခုဖြစ်လျှင်။တိဟိတ်ပုဂ္ဂိုလ်တို့သန္တာန်၌။ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊စုတိကိစ္စ၊ အားဖြင့်။ လေးကိစ္စတပ်လျက်။ ။ဖြဟ္မာပြည်-၂၀။ အပါယ်-၄-ဘုံတို့ကို ချန်လှပ်၍၊ ကြွင်းသော ကာမသုဂတိ-၇-ဘုံတို့၌။သုဂတိအဟိတ်ပုဂ္ဂိုလ်။ဒွိဟိတ်ပုဂ္ဂိုလ် ဖြစ်လျှင်။ ဝိပ္ပယုတ်ဝိပါက်-၄-ခုသာဖြစ်ကောင်းသော။ တိဟိတ် ပုဂ္ဂိုလ်ဖြစ်လျှင်။ ၎င်းဝိပ္ပယုတ်ဝိပါက်၊ သမ္ပယုတ်ဝိပါက်-၂-ပါး လုံးဖြစ်ကောင်းသော၊ အာရုံကိုညွတ်တတ်သော နမနသဘောရှိ၍၊ နာမ်ဟုခေါ်ဆိုအပ်သော။ ။ကာမအာရုံကိုသာ၊အာရုံပြုလျက်၊ ဖြစ်ကောင်းသော။ ။ရှေးကပြုခဲ့သောကုသိုလ်ကံကြောင့်။ကာမသုဂတိ-၇-ဘုံတို့၌။ ဒွိဟိတ်ပုဂ္ဂိုလ်၊တိဟိတ်ပုဂ္ဂိုလ်တို့။ ပဋိသန္ဓေနေရန်၊ဘဝင်ဖြစ်ရန်၊စုတိကျရန်ဖြစ်ပေါ်လာရသည်ဖြစ်၍။အကျိုးသက်သက်ဖြစ်သောကြောင့်။ ကာမာဝစရမဟာဝိပါက်ဟုခေါ်ဆိုအပ်သော၊စိတ်-၈-ပါး။ ။ကာမာဝစရ၊ မဟာကြိယာစိတ်-၈-ပါးဟူသည်ကား။ သောမနဿ သဟဂုတ်စသည့်ဖြင့်

ခေါ်ဆိုရခြင်း၏အဓိပ္ပါယ်ကို။ ကုသိုလ်၌ပြခဲ့ပြီးသည့်အတိုင်းမှတ်၍။ သောမနဿသဟဂုတ်၊ ဉာဏသမ္ပယုတ်၊ အသင်္ခါရိကစိတ်လည်းတခု။ ။သောမနဿသဟဂုတ်၊ဉာဏသမ္ပယုတ်၊သသင်္ခါရိကစိတ်လည်းတခု။ ။သောမနဿသဟဂုတ်၊ဉာဏဝိပ္ပယုတ်၊အသင်္ခါရိကစိတ်လည်းတခု။ ။သောမနဿသဟဂုတ်၊ဉာဏဝိပ္ပယုတ်၊ သသင်္ခါရိကစိတ်လည်းတခု။ ။ဥပေက္ခာသဟဂုတ်၊ဉာဏသမ္ပယုတ်၊အသင်္ခါရိကစိတ်လည်းတခု။ ။ဥပေက္ခာသဟဂုတ်၊ ဉာဏသမ္ပယုတ်၊သသင်္ခါရိကစိတ်လည်းတခု။ ။ဥပေက္ခာသဟဂုတ်၊ဉာဏဝိပ္ပယုတ်၊ အသင်္ခါရိကစိတ်လည်းတခု။ ။ဥပေက္ခာသဟဂုတ်၊ ဉာဏဝိပ္ပယုတ်၊သသင်္ခါရိကစိတ်လည်းတခု။ ။ဤသို့အားဖြင့်-၈-ပါးသော စိတ်တို့သည်။ ဟဒယဝတ္ထုရုပ်ကို မှီတွယ်ပြီးမှ။ ဒွါရ-၆-ပါးမှထွက်၍။ အာရုံ-၆-ပါးတို့ကို၊ အာရုံပြုသဖြင့်။ ၄-ကြိမ်-၅-ကြိမ်-၆-ကြိမ်-၇-ကြိမ်-အလွန်အားဖြင့် စောကောင်းသောဇောကိစ္စ၊ တကိစ္စသာတပ်လျက်။ ။အသညသတ်ဘုံ၊ အပါယ်-၄-ဘုံတို့ကိုချန်လှပ်၍၊ ကြွင်းသော-၂၆-ဘုံတို့၌။ ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါတို့သန္တာန်၌သာဖြစ်ကောင်းသော။ ။အာရုံကို ညွတ်တတ်သော နမနသဘောရှိ၍။ နာမ်ဟု ခေါ်ဆိုအပ်သော။ ။ဝိပ္ပယုတ်ကြိယာ-၄-ခုဖြစ်လျှင်။ လောကုတ္တရာတရား ၉-ပါးကိုလွှတ်၍၊ အလုံးစုံသောအာရုံကို။ သမ္ပယုတ်ကြိယာ-၄-ခုဖြစ်လျှင်။ ရှိသမျှအာရုံ၊ အလုံးစုံကို။ အကုန်အာရုံပြုကောင်းသော။ ။အကျိုးလည်းမဟုတ်၊ အကြောင်းလည်းမဟုတ်။ ပြုလုပ်ခါမတ္တမျှဖြစ်၍။ ကာမာဝစရမဟာကြိယာဟုခေါ်ဆိုအပ်သောစိတ်-၈-ပါး။ ။ဤသို့အားဖြင့်၊ ကာမာဝစရသောဘာဏစိတ်-၂၄-ပါးတည်း။ ။ဤသို့ပြခဲ့ပြီးသောအကုသိုလ်-၁၂-ပါး။ အဟိတ်စိတ်-၁၈-ပါး။ ကာမာဝစရသောဘာဏစိတ်-၂၄-ပါးတို့ကိုပေါင်း၍။ ကာမစိတ်-၅၄-ပါးဟုခေါ်သည်။ ။၎င်းကာမစိတ်-၅၄-ပါးတို့၌၊ အကုသိုလ်စိတ်-၁၂-ပါးပါ၏။ မဟာကုသိုလ်စိတ်-၈-ပါးပါ၏။ ကာမဝိပါက်စိတ်-၂၃-ပါးပါ၏။ ကာမကြိယာစိတ်-၁၁-ပါး

ပါ၏။ ကြည့်၍ခွဲယူပါ။ သောမနဿသဟဂုတ်စိတ်ဟု ပါသမျှကိုပေါင်း၍။ သောမနဿ၊ မည်မျှရှိသည်ဟုရေတွက်ပါ။ ဥပေက္ခာသဟဂုတ်စိတ်ဟုပါသမျှကိုပေါင်း၍။ ဥပေက္ခာမည်မျှရှိသည်ဟုရေတွက်ပါ။ သမ္ပယုတ်စိတ်ဟုပါသမျှကိုပေါင်း၍။ သမ္ပယုတ်မည်မျှရှိသည့်ဟုရေတွက်ပါ၊ ဝိပ္ပယုတ်စိတ်ဟု ပါသမျှကိုပေါင်း၍၊ ဝိပ္ပယုတ်မည်မျှရှိသည်ဟုရေတွက်ပါ။ အသင်္ခါရိကစိတ်ဟုပါသမျှကိုပေါင်း၍၊ အသင်္ခါရိကမည်မျှရှိသည်ဟုရေတွက်ပါ။ သသင်္ခါရိကစိတ်ဟုပါသမျှကိုပေါင်း၍၊ သသင်္ခါရိကမည်မျှရှိသည်ဟုရေတွက်ပါ။ ။ကာမစိတ်-၅၄-ပါးပြီး၏။

ရူပါဝစရစိတ်-၁၅-ပါးဟူသည်ကား။ ။ကုသိုလ်စိတ်-၅-ပါး၊ ဝိပါက်စိတ်-၅-ပါး။ ကြိယာစိတ်-၅-ပါးအားဖြင့်-၁၅-ပါးတည်း။ ။ ထို-၁၅-ပါးတို့တွင်။ ကုသိုလ်စိတ်-၅-ပါးဟူသည်ကား။ ။ကသိုဏ်း-၁၀-ပါး။ အသုဘ-၁၀-ပါး။ ကာယဂတာသတိ၊ အာနာပါနဿတိ ဟုဆိုအပ်သော အနုဿတိ-၂-ပါး။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဟုဆိုအပ်သောဗြဟ္မဝိဟာရတရား-၃-ပါး။ ၎င်း-၂၅-ပါးသောကမ္မဋ္ဌာန်းတို့တွင်။ တပါးပါးကိုအာရုံပြု၍၊ စီးဖြန်းပွါးများအားထုတ်သဖြင့် ရအပ်ထင်အပ်သော၊ ပဋိဘာဂနိမိတ်ပညတ်အာရုံကိုအာရုံပြုသဖြင့်။ ပဒုမ္မာကြာတောသို့ရှေးရှုတဟုန်တည်းပျံသွားသောပျားပိတုန်း၏ပမာ။ ၎င်းနိမိတ်အာရုံသို့။ မိမိနှင့်တကွဖြစ်သောသမ္ပယုတ်တရားတို့ကို တင်ပေးခြင်းလက္ခဏာရှိသော၊ ပျင်းရိတွန့်တိုခြင်းဟူသောထိန၊ မိဒ္ဓ၊ နီဝရဏကိုပယ်ဖျက်တတ်သော ဝိတက်စေတသိက်။ ။ပဒုမ္မာကြာတောသို့ရောက်ပြီးသောပျားပိတုန်းသည်။ အခြားတပါး၊ မပျံသွားဘဲ။ ပဒုမ္မာကြာပွင့်၌သာရစ်ဝဲသုံးသပ်၍နေသည့်ပမာ။ ဝိတက်တင်ပေးသော၊ ၎င်းပဋိဘာဂနိမိတ်ပညတ်အာရုံတခုတည်း၌သာ ရစ်ဝဲသုံးသပ်ခြင်းလက္ခဏာရှိသော၊ သို့လော၊ သို့လား၊ ယုံမှားတွေးတောခြင်းဟူသော၊ ဝိစိကိစ္ဆာနီဝရဏကို၊ ပယ်ဖျက်တတ်သောဝိစာရစေတသိက်။ ။ပဒုမ္မာကြာဝတ်ဆံကိုသာနှစ်သက်သာယာသောပျားပိ

တုန်း၏ပမာ။ ဝိတက်တင်ပေးသောပဋိဘာဂနိမိတ်ပညတ်အာရုံ
တခုတည်း၌သာ၊နှစ်သက်ခြင်းလက္ခဏာရှိသော၊နှလုံးမသာယာ
ခြင်းဟူသောဗျာပါဒနီဝရဏကို၊ ပယ်ဖျက်တတ်သော ပီတိစေ
တသိက်။ ။ကြာပျားရည်ကိုသုံးစားရသဖြင့်။ချမ်းသာလှသောပျား
ပိတုန်း၏ပမာ။ဝိတက်တင်ပေးသော ပဋိဘာဂနိမိတ်ပညတ်အာ
ရုံတခုတည်း၌သာချမ်းသာခြင်းလက္ခဏာရှိသော။လိုချင်တောင့်
တခြင်း၊ လောဘဟူသောကာမစ္ဆန္ဒနီဝရဏကိုပယ်ဖျက်တတ်
သော၊စေတသိကသုခဝေဒနာစေတသိက်။ ။ပဒုမ္မာကြာပွင့်မှ
တပါး၊အခြားသို့မပျံသွားဘဲခဲနားသောပျားပိတုန်း၏ပမာ။ဝိတက်
တင်ပေးသောပဋိဘာဂနိမိတ်ပညတ်အာရုံတခုတည်း၌ သာ။ တ
ကွဖြစ်သောသမ္ပယုတ်တရားတို့ကို၊တည်နားနေအောင်ထားခြင်းလ
က္ခဏာရှိသောပြန့်လွင့်ခြင်းပိုးရိမ်ပူပန်ခြင်းဟူသော ဥဒ္ဓစ္စကုက္ကု
စ္စနီဝရဏကိုပယ်ဖျက်တတ်သော။ ဧကဂ္ဂတာစေတသိက်။ ။
၎င်းစေတသိက်ငါးပါးတို့ကို၊ ဆိုခဲ့ပြီးသော၊ နီဝရဏငါးပါးတို့
ကို၊ ဖုတ်ကြည်းပယ်ဖျောက်တတ်သောကြောင့်။ ပဉ္စမဈာန်ဟု
ခေါ်သည်။၎င်းပဉ္စမဈာန်နှင့်ယှဉ်သောစိတ်ဖြစ်ခြင်းကြောင့်။ပဉ္စမ
ဈာန်ကုသိုလ်စိတ်ဟု ခေါ်ဆိုအပ်သော စိတ်လည်းတခု။ ။က
သိုဏ်း-၁၀-ပါး။ အာနာပါနဿတိတပါး။မေတ္တာ၊ ကရုဏာ၊
မုဒိတာ၊ ဟုဆိုအပ်သော ဗြဟ္မဝိဟာရတရား ၃-ပါး။၎င်း-၁၄-
ပါးသော ကမ္မဋ္ဌာန်းတို့တွင်။ တပါးပါးကိုအာရုံပြု၍၊ စီးဖြန်းပွါး
များအားထုတ်သဖြင့်။ ရအပ်ထင်အင်သော ပဋိဘာဂနိမိတ် ပ
ညတ်အာရုံတခုတည်း၌သာ။ရစ်ဝဲသုံးသပ်ခြင်းလက္ခဏာရှိသော
ဝိစာရစေတသိက်။ ။၎င်းနိမိတ်ပညတ်အာရုံတခုတည်း၌သာ
နှစ်သက်ခြင်း လက္ခဏာရှိသော ပီတိစေတသိက်။ ။၎င်းနိမိတ်
ပညတ်အာရုံတခုတည်း၌သာ၊ စိတ်၏ချမ်းသာခြင်း လက္ခဏာရှိ
သောစေတသိကသုခဝေဒနာစေတသိက်။ ။၎င်းနိမိတ်ပညတ်
အာရုံတခုတည်း၌သာ၊ သမ္ပယုတ်တရားတို့ကို၊ ထားခြင်းလက္ခ
ဏာရှိသော ဧကဂ္ဂတာစေတသိက်။ ။၎င်းစေတသိက်-၄-ပါး

တို့ကို။ပြခဲ့ပြီးသော နိဝရဏတို့ကို၊ ဝေးသည့်ထက်ဝေးအောင်။ ငြိမ်းဧ ပယ်ပျောက် တတ်သောကြောင့်၊ ဒုတိယဈာန်ဟု ခေါ်သည်။ ၎င်းဒုတိယဈာန်နှင့်ယှဉ်သော စိတ်ဖြစ်ခြင်းကြောင့်၊ ဒုတိယဈာန်ကုသိုလ်စိတ်ဟု ခေါ်ဆိုအပ်သော စိတ်လည်းတခု။ ။ကသိုဏ်း-၁၀-ပါး။ အာနာပါနဿတိတပါး။ မေတ္တာ၊ ကရုဏာ၊မုဒိတာ၊ ဟုဆိုအပ်သောဗြဟ္မဝိဟာရတရား-၃-ပါး။ ၎င်း ၁၄-ပါးတို့တွင်၊ တပါးပါးကို ပွါးများ၍ရအပ်သော၊ ပဋိဘာဂနိမိတ်ပညတ် အာရုံတခုတည်း၌သာ နှစ်သက်ခြင်း လက္ခဏာရှိသောပီတိစေတသိက်။ ။၎င်းနိမိတ်အာရုံတခုတည်း၌သာ၊ စိတ်၏ချမ်းသာခြင်းလက္ခဏာရှိသော။ စေတသိက သုခဝေဒနာစေတသိက်။ ။၎င်းနိမိတ် အာရုံတခုတည်း၌သာ။ သမ္ပယုတ်တရားတို့ကို၊ ထားခြင်း လက္ခဏာ ရှိသော ဧကဂ္ဂတာ စေတသိက်။ ။၎င်းစေတသိက်-၃-ပါးတို့ကိုပြခဲ့ပြီးသော နိဝရဏတို့ကို။အလွန်ဝေးအောင်ပယ်ပျောက်တတ်သောကြောင့်၊ တတိယဈာန်ဟုခေါ်သည်။ ။၎င်းတတိယဈာန်နှင့် ယှဉ်သော စိတ်ဖြစ်ခြင်းကြောင့်။ တတိယဈာန် ကုသိုလ်စိတ်ဟု ခေါ်ဆိုအပ်သော စိတ်လည်းတခု။ ။ကသိုဏ်း-၁၀-ပါး။ အာနာပါနဿတိတပါး။ မေတ္တာ၊ကရုဏာ၊မုဒိတာ၊ဟုဆိုအပ်သော ဗြဟ္မဝိဟာရတရား-၃ ပါး။၎င်း-၁၄-ပါးသောကမ္မဋ္ဌာန်းတို့တွင်၊တပါးပါးကို ပွါးများ၍၊ ရအပ်သော ပဋိဘာဂနိမိတ်အာရုံ တခုတည်း၌သာ၊ စိတ်၏ချမ်းသာခြင်းလက္ခဏာရှိသော၊ စေတသိက သုခဝေဒနာစေတသိက်။ ။၎င်းနိမိတ် အာရုံတခုတည်း၌သာ သမ္ပယုတ်တရားတို့ကို၊ထားခြင်းလက္ခဏာရှိသောဧကဂ္ဂတာစေတသိက်။ ။၎င်းစေတသိက်-၂-ပါးတို့ကို၊ နိဝရဏတို့ကို၊ ထပ်မံ ငြိမ်းဧစေတတ်သောကြောင့်၊ စတုတ္ထဈာန်ဟုခေါ်သည်။ ။၎င်းစတုတ္ထဈာန်နှင့်ယှဉ်သောစိတ်ဖြစ်ခြင်းကြောင့်၊ စတုတ္ထဈာန် ကုသိုလ်စိတ်ဟုခေါ်ဆိုအပ်သောစိတ်လည်းတခု။ ။ကသိုဏ်း-၁၀-ပါး။ အာနာပါနဿတိတပါး။ ဥပေက္ခာဗြဟ္မဝိဟာရတပါး။ ၎င်း-

၁၂-ပါးသောကမ္မဋ္ဌာန်းတို့တွင်။တပါးပါးကို၊ပွါးများအားထုတ်သဖြင့်၊ရအပ်သောပဋိဘာဂနိမိတ်ပညတ်အာရုံတခုတည်း၌သာ၊လျစ်လျူ၊ရှုခြင်းလက္ခဏာရှိသောဥပေက္ခာဝေဒနာစေတသိက်။ ။ငင်းနိမိတ်အာရုံတခုတည်း၌သာ၊ သမ္ပယုတ်တရားတို့ကို ထားခြင်းလက္ခဏာရှိသောဧကဂ္ဂတာစေတသိက်၊ ။ငင်းစေတသိက် ၂-ပါးတို့ကို၊ နီဝရဏတို့ကို အစာန်ဘန်တွန်းလှန်ပယ်ဖျောက်၍၊ငြိမ်းခြေင်းသို့ရောက်သောကြောင့်။ပဥ္စမဈာန်ဟုခေါ်သည်။ ။ငင်း ပဥ္စမဈာန်နှင့်ယှဉ်သော စိတ်ဖြစ်ခြင်းကြောင့်၊ ပဥ္စမဈာန်ကုသိုလ်စိတ်ဟု ခေါ်ဆိုအပ်သောစိတ်လည်းတခု။ ။ဤသို့အားဖြင့်။ ငါးပါးသောကုသိုလ်စိတ်တို့သည်။ ဟာဒယဝတ္ထုရုပ်ကိုမှီတွယ်ပြီးလျှင်။ မနောဒွါရတခုမှထွက်၍။ ပြဆိုခဲ့ပြီးသောပဋိဘာဂနိမိတ်ပညတ်အာရုံကို အသီးအသီးထိုက်သည်အား လျော်စွာအာရုံပြုသဖြင့်၊အာဒိကမ္မိက။ ရသစ်စ၌။တကြိမ်ရပြီး၍။ မိမိဈာန်ကိုပြန်၍ဝင်စားသောအခါ။ အကြိမ်များစွာ စောကောင်းသောဇောက်စွ၊တကိစ္စသာတဝ်လျက်။ ။အသညသတ်ဘုံ။ အရူပ-၄-ဘုံ။အပါယ်-၄-ဘုံတို့ကိုချန်လှပ်၍။ကြွင်းသော-၂၂-ဘုံတို့၌။တိဟိတ်ပုထုဇန်တယောက်။သောတာပန်၊သကဒါဂါမ်၊အနာဂါမ်အားဖြင့်။အောက်ဖိုလ်-၃-ယောက်တို့သန္တာန်၌သာဖြစ်ကောင်းသော။ ။ပဥ္စမဈာန်ကုသိုလ်စိတ်စေတနာသည်။ ။ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာ၊ မဟာဗြဟ္မာဟုဆိုအပ်သော ပဌမဈာန်-၃-ဘုံတို့၌ခန္ဓာနာမ်ရုပ်ကို၊ဆောက်လုပ်သောအားဖြင့်။ ပဋိသန္ဓေဟူသောအကျိုးရင်း။ဒုတိယဈာန်ကုသိုလ်၊တတိယဈာန်ကုသိုလ်စေတနာ-၂-ပါးသည်။ပရိတ္တာဘာ၊ အပ္ပမာဏာဘာ၊အာဘဿရာဟုဆိုအပ်သော။ဒုတိယဈာန် ၃-ဘုံတို့၌။ ခန္ဓာနာမ်ရုပ်ကို၊ဆောက်လုပ်သောအားဖြင့်ပဋိသန္ဓေဟူသောအကျိုးရင်း။စတုတ္ထဈာန်ကုသိုလ်စေတနာသည်။ ပရိတ္တသုဘာ၊ အပ္ပမာဏာသုဘာ၊ သုဘကိဏှာဟုဆိုအပ်သော တတိယဈာန်-၃-ဘုံတို့၌။ ခန္ဓာနာမ်ရုပ်ကို၊ဆောက်လုပ်သောအားဖြင့်။ ပဋိသန္ဓေဟူသောအကျိုးရင်း။ ။

ပဥ္စမဈာန်ကုသိုလ်စေတနာသည်။ဝေဟပ္ဖိုလ်၊အသညသတ်၊ သုဒ္ဓါဝါသ၊ ငါးဘုံဟု ဆိုအပ်သော စတုတ္ထဈာန်-၇-ဘုံတို့၌။ ခန္ဓာနာမ်ရုပ်ကိုဆောက်လုပ်သောအားဖြင့်။ပဋိသန္ဓေဟူသောအကျိုးရင်းကိုသာ။ အသီးအသီးဖြစ်စေတတ်သော။ ပဋိဘာဂနိမိတ်ပညက်အာရုံကိုသာ အာရုံပြုကောင်းသော။ ။ထိုနိမိတ် အာရုံကိုညွတ်တတ်သောနမနသတ္တိရှိ၍နာမ်ဟုခေါ်ဆိုအပ်သော။ ။ရူပ-၁၅-ဘုံတို့၌သာ၊များသောအားဖြင့်၊ကျင်လည်တတ်ဖြစ်တတ်သောကြောင့်၊ ရူပါဝစရကုသိုလ်စိတ်ဟုခေါ်ဆိုအပ်သော စိတ်ငါးပါးတို့တည်း။

ရူပါဝစရဝိပါက်စိတ်ငါးပါးဟူသည်ကား။ ။ဝိတက်၊ဝိစာရ၊ပီတိ၊သုခ၊ ဧကဂ္ဂတာ၊ တည်းဟူသော၊ ဈာန်အင်္ဂါ-၅-ပါးနှင့်ပြည့်စုံသောပဌမဈာန်နှင့်ယှဉ်သောဝိပါက်စိတ်လည်းတခု။ ။ဝိစာရ၊ပီတိ၊သုခ၊ဧကဂ္ဂတာ၊ တည်းဟူသော၊ ဈာန်အင်္ဂါ-၄-ပါးနှင့်ပြည့်စုံသော၊ ဒုတိယဈာန်နှင့်ယှဉ်သောဝိပါက်စိတ်လည်းတခု။ ။ပီတိ၊သုခ ဧကဂ္ဂတာ၊တည်းဟူသောဈာန်အင်္ဂါ-၃-ပါးနှင့်ပြည့်စုံသော၊ တတိယဈာန်နှင့်ယှဉ်သော ဝိပါက်စိတ်လည်း တခု။ ။သုခ၊ ဧကဂ္ဂတာ၊ တည်းဟူသော ဈာန်အင်္ဂါ-၂-ပါးနှင့်ပြည့်စုံသောစတုတ္ထဈာန်နှင့်ယှဉ်သောဝိပါက်စိတ်လည်းတခု။ ။ဥပေက္ခာ၊ဧကဂ္ဂတာ၊တည်းဟူသော၊ဈာန်အင်္ဂါ-၂-ပါးနှင့်ပြည့်စုံသောပဥ္စမဈာန်နှင့်ယှဉ်သောဝိပါက်စိတ်လည်းတခု။ ။ဤသို့အားဖြင့်။ ငါးပါးသောစိတ်တို့သည်။ ဟာဒယဝတ္ထုရုပ်ကိုမှီတွယ်ပြီးလျှင်။ ပဌမဈာန် ဝိပါက်စိတ်ဖြစ်လျှင်။ ယခင်ပြခဲ့သော၊ ပဌမဈာန်-၃-ဘုံ၊ပြဟ္မာတို့၏ပဋိသန္ဓေနေသောအခါ၊ဘဝင်ကျသောအခါ၊ စုတိကျသောအခါတို့၌။ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊စုတိကိစ္စတပ်လျက်။ အတိတ်ဘဝက၊ မရဏာသန္နဇောယူခဲ့သော-၂၅-ပါးသောကမ္မဋ္ဌာန်းတို့တွင်။တပါးပါးသော၊ပဋိဘာဂနိမိတ်ဟုဆိုအပ်သောကမ္မနိမိတ်တခုကိုသာအာရုံပြုသဖြင့်။ ၎င်းပဌမဈာန်-၃-ဘုံ၌။ တိဟိတ်ပုထုဇန်၊သောတာပန်၊သကဒါဂါမ်၊အနာ

ဂါမ်ဟုဆိုအပ်သော။ ၄-ယောံသောပုဂ္ဂိုလ်တို့သန္တာန်၌သာ၊ ဒွါရခြောံပါးမှလွတ်၍ဖြစ်ကောင်းသော။ ။ဒုတိယဈာန်ဝိပါက်စိတ်။ တတိယဈာန်ဝိပါက်စိတ်ဖြစ်လျှင်။ ယခင်ပြခဲ့သော ဒုတိယဈာန်-၃-ဘုံဗြဟ္မာတို့၏၊ ပဋိသန္ဓေနေသောအခါ။ ဘဝင်ကျသောအခါ၊ စုတိကျသောအခါတို့၌၊ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်လျက်၊ အတိတ်ဘဝက။ မရဏာသန္နဇော ယူခဲ့သော-၁၄-ပါးသောကမ္မဋ္ဌာန်းတို့တွင်။ တပါးပါးသော၊ ပဋိဘာဂနိမိတ်ဟုဆိုအပ်သော၊ ကမ္မနိမိတ်တခုကိုသာ၊ အာရုံပြုသဖြင့်။ ၎င်းဒုတိယဈာန်-၃-ဘုံ၌။ တိဟိတ်ပုထုဇန်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟုဆိုအပ်သော၊ ၄-ယောက်သောပုဂ္ဂိုလ်တို့သန္တာန်၌သာ၊ ဒွါရ-၆-ပါးမှလွတ်၍ဖြစ်ကောင်းသော။ ။စတုတ္ထဈာန် ဝိပါက်စိတ်ဖြစ်လျှင်။ ယခင်ပြခဲ့သော။ တတိယဈာန်-၃-ဘုံဗြဟ္မာတို့၏၊ ပဋိသန္ဓေနေသောအခါ၊ ဘဝင်ကျသောအခါ၊ စုတိကျသောအခါတို့၌။ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်လျက်။ ။အတိတ်ဘဝက၊ မရဏာသန္နဇောယူခဲ့သော-၁၄-ပါးသောကမ္မဋ္ဌာန်းတို့တွင်။ တပါးပါးသော ပဋိဘာဂနိမိတ်ဟု ဆိုအပ်သောကမ္မနိမိတ်တခုကိုသာ။ အာရုံပြုသဖြင့်။ ၎င်းတတိယဈာန်-၃-ဘုံ၌။ တိဟိတ်ပုထုဇန်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဟုဆိုအပ်သော-၄-ယောက်သောပုဂ္ဂိုလ်တို့သန္တာန်၌သာ။ ဒွါရခြောက်ပါးမှလွတ်၍ ဖြစ်ကောင်းသော။ ။ပဉ္စမဈာန် ဝိပါက်စိတ်ဖြစ်လျှင်။ ယခင်ပြခဲ့သောအသညသတ်ကိုနုတ်၍၊ စတုတ္ထဈာန်-၆-ဘုံဗြဟ္မာတို့၏၊ ပဋိသန္ဓေနေသောအခါ၊ ဘဝင်ကျသောအခါ၊ စုတိကျသောအခါတို့၌။ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ တပ်လျက်။ ။အတိတ်ဘဝက။ မရဏာသန္နဇောယူခဲ့သော-၁၂-ပါးသောကမ္မဋ္ဌာန်းတို့တွင်။ တပါးပါးသော ပဋိဘာဂနိမိတ်ဟု ဆိုအပ်သောကမ္မနိမိတ်တခုကိုသာအာရုံပြုသဖြင့်။ ၎င်းစတုတ္ထဈာန်၆-ဘုံတို့တွင်။ ဝေဟပ္ဖိုလ်၌တိဟိတ်ပုထုဇန်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်။ သုဒ္ဓါဝါသ၌၊ အနာဂါမ်ဟုဆိုအပ်သော။ ၄-

ယောက်သောပုဂ္ဂိုလ်တို့သန္တာန်၌သာ ဒွါရ-၆-ပါးမှ လွတ်၍ဖြစ်
ကောင်းသော။ ။ပဋိဘာဂနိမိတ်ပညတ်ဟုဆိုအပ်သော၊ကမ္မ
နိမိတ်အာရုံတခုကိုသာအာရုံပြုကောင်းသော။ ။အာရုံကိုညွတ်
တတ်သောနမနသတ္တိရှိ၍၊နာမ်ဟုခေါ်ဆိုအပ်သော။ ။ရူပ-၁၅
ဘုံဗြဟ္မာတို့၏သန္တာန်၌သာဖြစ်ကောင်းသောကြောင့်၊ရူပါဝစရ
ဝိပါက်စိတ်ဟုခေါ်ဆိုအပ်သော၊စိတ်-၅-ပါးတို့တည်း။ ။ရူပါ
ဝစရကြိယာ ငါးပါးဟူသည်ကား။ ။ဝိတက်၊ဝိစာရ၊ပီတိ၊သုခ၊
ဧကဂ္ဂတာ၊တည်းဟူသော၊ ဈာန်အင်္ဂါ-၅-ပါးနှင့်ပြည့်စုံသောပဌ
မဈာန်နှင့်ယှဉ်သော ကြိယာစိတ်လည်းတခု။ ။ဝိစာရ၊ပီတိ၊
သုခ၊ဧကဂ္ဂတာ၊တည်းဟူသောဈာန်အင်္ဂါ-၄-ပါးနှင့်ပြည့်စုံသော
ဒုတိယဈာန်နှင့်ယှဉ်သောကြိယာစိတ်လည်းတခု။ ။ပီတိ၊သုခ၊
ဧကဂ္ဂတာ၊တည်းဟူသောဈာန်အင်္ဂါ-၃-ပါးနှင့်ပြည့်စုံသော တ
တိယဈာန်နှင့်ယှဉ်သောကြိယာစိတ်လည်းတခု။ ။သုခ၊ဧကဂ္ဂ
တာ၊ တည်းဟူသောဈာန်အင်္ဂါ-၂-ပါးနှင့်ပြည့်စုံသော၊ စတုတ္ထ
ဈာန်နှင့်ယှဉ်သောကြိယာစိတ်လည်းတခု။ ။ဥပေက္ခာ၊ ဧကဂ္ဂ
တာ၊တည်းဟူသောဈာန်အင်္ဂါ-၂-ပါးနှင့်ပြည့်စုံသောပဉ္စမဈာန်
နှင့်ယှဉ်သော ကြိယာစိတ်လည်းတခု။ ။ဤသို့အားဖြင့် ငါးပါး
သောစိတ်တို့သည်။ ဟဒယဝတ္ထုရုပ်ကိုမှီတွယ်ပြီးလျှင်။မနောဒွါ
ရတခုမှထွက်၍၊ ပဌမဈာန်ကြိယာစိတ်ဖြစ်လျှင်။ ဆိုခဲ့ပြီးသော-
၂၅-ပါးသောကမ္မဋ္ဌာန်းကိုစီးဖြန်းသဖြင့် ရအပ်သောပဋိဘာဂနိ
မိတ်ပညတ်အာရုံတခုကိုအာရုံပြုသဖြင့်။ ။ဒုတိယဈာန်၊တတိ
ယဈာန်၊ စတုတ္ထဈာန်ဖြစ်လျှင်။ ဆိုခဲ့ပြီးသော-၁၄-ပါးသောကမ္မ
ဋ္ဌာန်းကိုစီးဖြန်းသဖြင့်၊ရအပ်သော၊ ပဋိဘာဂနိမိတ်ပညတ်အာရုံ
တခုကို၊အာရုံပြုသဖြင့်။ပဉ္စမဈာန်ကြိယာစိတ်ဖြစ်လျှင်၊ဆိုခဲ့ပြီး
သော-၁၂-ပါးသောကမ္မဋ္ဌာန်းကို၊ စီးဖြန်း၍ရအပ်သော ပဋိဘာ
ဂနိမိတ်ပညတ်အာရုံတခုကိုအာရုံပြုသဖြင့်။ အာဒိကမ္မိက၊ ရ
သစ်စ၍၊ တကြိမ် ရပြီးသောဈာန်ကိုပြန်၍ဝင်စားသောအခါ။ အ
ကြိမ်များစွာစေကောင်းသောဇောကိစ္စ၊တကိစ္စသာတပ်လျက်။ ။

အသညာသတ်ဘုံ။ အရူပ-၄-ဘုံ-အပါယ်-၄-ဘုံတို့ကိုချန်လှပ်၍။ ကြွင်းသော-၂၂-ဘုံတို့၌။ ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါတို့သန္တာန်၌သာဖြစ်ကောင်းသော။ ။ပဋိဘာဂနိမိတ်ပညတ် အာရုံထခကိုသာ အာရုံပြုကောင်းသော။ ။ကြိယာပဉ္စမဈာန်အဘိညာဏ်ကိစ္စတပ်လျှင်၊ ရှိသမျှအာရုံ၊ အလုံးစုံကို အကုန် အာရုံပြုတတ်သော။ ။အာရုံကိုညွတ်တတ်သော နမနသတ္တိရှိ၍၊ နာမ်ဟုခေါ်ဆိုအပ်သော။ ။အကြောင်းလည်းမဟုတ်၊ အကျိုးလည်းမဟုတ်။ ပြုကာမတ္တဖြစ်၍ ကြိယာဟု ခေါ်ဆိုအပ်သော ရူပ-၁၅-ဘုံတို့၌သာအဖြစ်များသောကြောင့်၊ ရူပါဝစရ ကြိယာစိတ်ဟု ခေါ်ဆိုအပ်သောစိတ်-၅ ပါးတို့တည်း။ဤသို့အားဖြင့်-၁၅-ပါးတို့တည်း။ ထို-၁၅-ပါးသောစိတ်တို့တွင်။ ပဌမဈာန်၊ဒုတိယဈာန်၊ တတိယဈာန်၊စတုတ္ထဈာန်၊ကုသိုလ်၊ ဝိပါက်၊ကြိယာစိတ်တို့ကို။ သောမနဿဝေဒနာ၌သွင်း၍သင်္ဂြိုဟ်ပါ။ ။ပဉ္စမဈာန်ကုသိုလ်၊ဝိပါက်၊ကြိယာတို့ကို၊ဥပေက္ခာဝေဒနာ၌သွင်း၍။ သင်္ဂြိုဟ်ပါ။ ။သောမနဿ-၁၂-ပါးပါ၏။ ။ဥပေက္ခာဝေဒနာ-၃-ပါးပါ၏။ ။ရူပါဝစရစိတ်-၁၅-ပါးပြီး၏။

အရူပါဝစရစိတ်-၁၂-ပါးတို့ဟူသည်ကား။ ။ကုသိုလ်-၄-ပါး။ ဝိပါက်-၄-ပါး။ ကြိယာ-၄-ပါးအားဖြင့်-၁၂-ပါးတို့တည်း။ထို-၁၂-ပါးတို့တွင်။ကုသိုလ်-၄-ပါးဟူသည်ကား။ ။ရူပါဝစရပဉ္စမဈာန်ကိုရပြီးသောယောဂီပုဂ္ဂိုလ်သည်။အာကာသကသိုဏ်းကြဉ်သော ကသိုဏ်း-၉-ပါးတို့တွင်။ တပါးပါးကိုဝင်စားပြီးမှ။ ၎င်းပဉ္စမဈာန်ကို။ အဘန်ဘန်လေ့လာပြီးလျှင်။ ဤကာရဇကာယရုပ်ရှိခြင်းကြောင့်သာ၊ ဘေးဘယဒုက္ခအပေါင်းတို့နှင့်တွေ့ကြုံရချေသည်။ရုပ်မရှိမူကား။ဤဒုက္ခတို့မဖြစ်နိုင်ကုန်ရာဟု၊ရုပ်၌အပြစ်ကိုမြင်လျက်။ဘီလူးတစ္ဆေတို့၏၊ ချောက်လှန့်ခြင်းကိုခံရသဖြင့်၊ ကြောက်တတ်လှသောသူသည်။ အသွင်တူကိုမြင်လျှင်ပင်၊သေချင်မတတ်ကြောက်ဘိသကဲ့သို့၊မိမိကြောက်သောရုပ်နှင့်တူသော၊ ကသိုဏ်းပဋိဘာဂနိမိတ်ကိုပင်။ငြီးငွေ့ရွံ့ကြောက်၍၊ လွန်မြော

ခြင်းငှါ။ ဤငါရပြီးသောပဥ္စမဈာန်သည်၊ ငါငြီးငွေ့သောကသိုဏ်းရုပ်ကိုအာရုံပြုလျက်ရှိ၏။ သုခဟူသောဘေးရန်ရှိ၏၊ အထက်ကိုစသျှင်၊ ရုန့်ရင်း၏ဟု၊ ရူပပဥ္စမဈာန်၌အပြစ်ကိုရှုကာ။ တပ်ခြင်းကိုခွါပြီးလျှင်။ အာကာသာနဉ္စာယတနဈာန်သည်၊ ငြိမ်သက်၏ဟု၊ နှလုံးပြု၍။ ၎င်းရူပပဥ္စမဈာန်၏အာရုံဖြစ်သောကသိုဏ်းပဋိဘာဂနိမိတ်ကိုပင်၊ အာရုံပြုလျက်။ ထိုကသိုဏ်းနိမိတ်ကိုပျောက်ကွယ်စေခြင်းငှါ။ အနန္တော အာကာသော၊ အနန္တော အာကာသောဟု၊ စီးဖြန်းလျက်၊ ယင်းနိမိတ်ကိုပင်ခွါပစ်အင်၏။ အိုးဝကိုပုဝါပိတ်၍၊ ရှုနေစဉ်။ လေခတ်သဖြင့်။ ပုဝါလပ်သွားသောအခါ။ ကောင်းကင်အတိသာဖြစ်လာဘိသကဲ့သို့၊ ထို့အတူ။ ကသိုဏ်းပဋိဘာဂနိမိတ်ပညတ်ကွာသောအခါ၊ ကောင်းကင်အတိသာဖြစ်ပေါ်လာ၏။ ၎င်းကောင်းကင်ကိုပင်၊ အာရုံပြုတတ်သောအာကာသာနဉ္စာယတနကုသိုလ်စိတ်လည်းတခု။ ။အာကာသာနဉ္စာယတနဈာန်ကိုရပြီးသောယောဂီပုဂ္ဂိုလ်သည်။ ဝိညာဏဉ္စာယတနဈာန်ကိုရလိုလတ်သည်ရှိသော်။ ဤငါရပြီးသောအာကာသာနဉ္စာယတနဈာန်သည်။ ရူပါဝစရဟူသောနီးသောရန်သူရှိ၏။ အထက်ဈာန်အောက်၊ ရုန့်ရင်း၏ဟု။ အာကာသာနဉ္စာယတနဈာန်၌အပြစ်ကိုရှု၍။ ဝိညာဏဉ္စာယတနဈာန်သည်ငြိမ်သက်၏ဟု၊ နှလုံးပြုကာ။ အာကာသာနဉ္စာယတနဈာန်စိတ်ဝိညာဏ်ကို အာရုံပြု၍။ ဝိညာဏံအနန္တံ၊ ဝိညာဏံအနန္တံဟု၊ အဘန်ဘန်စီးဖြန်းပွါးများအားထုတ်သောအခါ။ အာကာသာနဉ္စာယတနဈာန်စိတ်ကိုအာရုံပြု၍၊ ဖြစ်ပေါ်လာတတ်သော၊ ဝိညာဏဉ္စာယတနကုသိုလ်စိတ်လည်းတခု။ ။ဝိညာဏဉ္စာယတနဈာန်ကို ရပြီးသောယောဂီပုဂ္ဂိုလ်သည်။ မိမိရပြီးသောဝိညာဏဉ္စာယတနဈာန်၌၊ အပြစ်ကိုရှုကာ။ အာကိဉ္စညာယတနဈာန်သည်၊ ငြိမ်သက်၏ဟု၊ နှလုံးပြုပြီးလျှင်။ ဝိညာဏဉ္စာယတနဈာန်စိတ်၏အာရုံဖြစ်သော။ အာကာသာနဉ္စာယတနဈာန်စိတ်ဝိညာဏ်၏မရှိခြင်းတည်းဟူသော၊ နတ္ထိဘာဝပညတ်ကိုအာရုံပြု၍။ နတ္ထိကိဉ္စိ၊ နတ္ထိကိဉ္စိဟု၊ စီးဖြန်းပွါးများ အားထုတ်သောအခါ။

ရင်းမရှိဟူသော နတ္ထိဘောပညတ်ကိုပင်အာရုံပြု၍။ ဖြစ်ပေါ်လာတတ်သောအာကိဉ္စညာယတနကုသိုလ်စိတ်လည်းတခု။ ။အာကိဉ္စညာယတနစျာန်ကိုရပြီး၍နေဝသညာနာသညာယတနစျာန်ကိုအလိုရှိသောယောဂီပုဂ္ဂိုလ်သည်။မိမိအာကိဉ္စညာယတနစျာန်၌၊အပြစ်ကိုရှုကာ။စိတ်၊ဝေဒနာ၊ သညာ တို့သည်အလွန်ရှန့်ရင်းကုန်စွဟု။သညာတို့၌အပြစ်ကို ရှုပြီးလျှင်၊ရင်းရှန့်ရင်းသောသညာမရှိသော၊နေဝသညာနာသညာယတနစျာန်သည်၊အလွန်သိမ်မွေ့၏၊ငြိမ်သက်စွဟု၊မျှော်မြင်ဆင်ခြင်လျက်။မိမိရပြီးသောအာကိဉ္စညာယတနစျာန်ဝိညာဏ်သည်၊ငြိမ်သက်စွဟု။သန္တမေတံ၊ပဏီတမေတံဟု၊ အဘန်ဘန်စီးဖြန်းပွါးများ အားထုတ်သောအခါ၊အာကိဉ္စညာယတနစျာန်စိတ်ဝိညာဏ်ကိုပင်အာရုံပြု၍ဖြစ်ပေါ်လာတတ်သော၊နေဝသညာနာသညာယတနကုသိုလ်စိတ်လည်းတခု။ ။ဤသို့အားဖြင့်၊၄-ပါးသောစိတ်တို့သည်။အသညသတ်ဘုံ၊အပါယ်-၄-ဘုံတို့ကိုချန်လှပ်၍။ ကြွင်းသော-၂၆-ဘုံတို့တွင်။အရူပ-၄-ဘုံတို့၌ ဖြစ်သောအခါ။ ဟဒယဝတ္ထုရုပ်ကို မမှီမူ၍။ကြွင်းသော-၂၂-ဘုံတို့၌ ဖြစ်သောအခါ။ ဟဒယဝတ္ထုရုပ်ကိုမှီတွယ်ပြီးလျှင်။မနောဒွါရတခုမှထွက်၍။ အာကာသာနဉ္စာယတနကုသိုလ်စိတ်သည်၊ကောင်းကင်ပညတ်ကိုအာရုံပြုသဖြင့်။ဝိညာဏဉ္စာယတနကုသိုလ်စိတ်သည်။အောက်ဖြစ်သောအာကာသာနဉ္စာယတနကုသိုလ်စိတ်ကိုအာရုံပြုသဖြင့်။ အာကိဉ္စညာယတနကုသိုလ် စိတ်သည်။ အာကာသာနဉ္စာ ယတနကုသိုလ်စိတ်ဝိညာဏ်၏မရှိခြင်းတည်းဟူသောနတ္ထိဘောပညတ်ကိုအာရုံပြုသဖြင့်။နေဝသညာနာသညာယတနကုသိုလ်စိတ်သည်။အောက်ဖြစ်သောအာကိဉ္စညာယတနစိတ်ဝိညာဏ်ကိုအာရုံပြုသဖြင့်။အာဒိကမ္မိက။ရသစ်စ၌။တကြိမ်။မိမိစျာန်ကိုပြန်၍ဝင်စားသောအခါ။အကြိမ်များစွာစောကောင်းသောဇောကိစ္စတပ်လျက်။ တိဟိတ်ပုထုဇန်။သောတာပန်၊သကဒါဂါမ်၊အနာဂါမ်ပုဂ္ဂိုလ်-၄-ယောတို့သန္တာန်၌သာဖြစ်ကောင်းသော။ ။အာကာသာနဉ္စာယတန

ကုသိုလ်စိတ်သည်။ အာကာသာနဉ္စာယတနအရူပဘုံ၌။ နာမက္ခ
န္ဓာ-၄-ပါးတည်းဟူသောပဋိသန္ဓေအကျိုးရင်း။ ဝိညာဏဉ္စာယ
တနကုသိုလ်စိတ်သည်။ ဝိညာဏဉ္စာယတနအရူပဘုံ၌။ နာမက္ခ
န္ဓာ-၄-ပါးတည်းဟူသောပဋိသန္ဓေအကျိုးရင်း။ အာကိဉ္စညာယ
တနကုသိုလ်စိတ်သည်။အာကိဉ္စညာယတနဘုံ၌။နာမက္ခန္ဓာ-၄-
ပါးတည်းဟူသောပဋိသန္ဓေအကျိုးရင်း။နေဝသညာနာသညာယ
တနကုသိုလ်စိတ်သည်။နေဝသညာနာသညာယတနအရူပဘုံ၌။
နာမက္ခန္ဓာ-၄-ပါးတည်းဟူသောအကျိုးရင်းတို့ကိုဖြစ်စေတတ်
သော။ ။အာရုံကိုညွတ်တတ်သောနမနသတ္တိရှိ၍၊နာမ်ဟုခေါ်
ဆိုအပ်သော။ ။အရူပ-၄-ဘုံတို့၌သာအဖြစ်များ၍၊အရူပါဝစ
ရကုသိုလ်စိတ်ဟုခေါ်ဆိုအပ်သော။ အကြောင်းဖြစ်သောစိတ်-
၄-ပါးတို့တည်း။ ။အရူပါဝစရဝိပါက်စိတ်-၄-ပါးတို့ဟူသည့်
ကား။ ။အာကာသာနဉ္စာယတနဝိပါက်စိတ်လည်းတခု။ ။ဝိ
ညာဏဉ္စာယတနဝိပါက်စိတ်လည်းတခု။ ။အာကိဉ္စညာယတ
နဝိပါက်စိတ်လည်းတခု။ ။နေဝသညာနာသညာယတနဝိပါက်
စိတ်လည်းတခု။ ။ဤသို့အားဖြင့်-၄-ပါးသောစိတ်တို့သည်။ဟာ
ဒယဝတ္ထုရုပ်ကို မမှီမူ၍။ အာကာသာနဉ္စာ ယတန ဝိပါက်စိတ်
သည်။အာကာသာနဉ္စာယတနဘုံ၌ဖြစ်သောဗြဟ္မာတို့ပဋိသန္ဓေ
နေသောအခါ၊ဘဝင်ကျသောအခါ၊စုတိကျသောအခါတို့၌။ပဋိ
သန္ဓေကိစ္စ၊ဘဝင်ကိစ္စ၊စုတိကိစ္စတင်လျက်၊အတိတ်ဘဝက၊မရ
ဏာသန္နဇောယူခဲ့သော ကောင်းကင်ပညတ်ကမ္မနိမိတ်ကိုအာရုံ
ပြုသဖြင့်။ ။ဝိညာဏဉ္စာယတနဝိပါက်စိတ်သည်။ ဝိညာဏဉ္စာ
ယတနဘုံ၌ဖြစ်သောဗြဟ္မာတို့ပဋိသန္ဓေနေသောအခါ၊ဘဝင်ကျ
သောအခါ၊စုတိကျသောအခါတို့၌။ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊
စုတိကိစ္စ တင်လျက်။ အတိတ်ဘဝက၊ မရဏာသန္နဇော ယူခဲ့
သော၊ အာကာသာနဉ္စာယတနစိတ်ဟူသောကမ္မနိမိတ်ကိုအာရုံ
ပြုသဖြင့်။ ။အာကိဉ္စညာယတနဝိပါက်စိတ်သည်။အာကိဉ္စညာ
ယတနဘုံ၌ဖြစ်သောဗြဟ္မာတို့၏။ပဋိသန္ဓေနေသောအခါ၊ဘဝင်

ကျသောအခါ၊စုတိကျသောအခါတို့၌။ပဋိသန္ဓေကိစ္စ၊ဘဝင်ကိစ္စ၊ စုတိကိစ္စ တပ်လျက်။ အတိတ်ဘဝက၊ မရဏာသန္နဇော ယူခဲ့ သောအာကာသာနဉ္စာယတနဝိညာဏ်၏မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ် ကမ္မနိမိတ်ကိုအာရုံပြုသဖြင့်။ ။နေဝသညာ နာသညာယတနဝိပါက်စိတ်သည်။နေဝသညာနာသညာယတန ဘုံ၌ဖြစ်သောဗြဟ္မာတို့ပဋိသန္ဓေနေသောအခါ၊ ဘဝင်ကျသော အခါ၊စုတိကျသောအခါတို့၌ပဋိသန္ဓေကိစ္စ၊ဘဝင်ကိစ္စ၊စုတိကိစ္စ တပ်လျက်။အတိတ်ဘဝက၊မရဏာသန္နဇောယူခဲ့သော၊ အာကိ ဉ္စညာယတနစိတ်တည်းဟူသောကမ္မနိမိတ်ကို၊ အာရုံပြုသဖြင့်၊ ဖြစ်ကောင်းသော။ ။ကုသိုလ်၏အကျိုးသက်သက်ဖြစ်၍။ဝိပါက် စိတ်ဟုခေါ်ဆိုအပ်သော။ ။အရူပ-၄-ဘုံတို့၌သာ။အသီးအသီး မိမိဘုံ၊ မိမိဝိပါက်အား ဖြစ်ကောင်းသည်ဖြစ်၍။ အရူပါဝစရဝိ ပါက်စိတ်ဟု ခေါ်ဆိုအပ်သော အကျိုးဖြစ်သော စိတ်-၄-ပါးတို့ တည်း။ ။အရူပါဝစရကြိယာစိတ်-၄-ပါးတို့ဟူသည်ကား။ ။ အာကာသာနဉ္စာယတနကြိယာစိတ်လည်းတခု။ ။ဝိညာဏဉ္စာ ယတနကြိယာစိတ်လည်းတခု။ ။အာကိဉ္စညာယတနကြိယာ စိတ်လည်းတခု။ ။နေဝသညာ နာသညာယတန ကြိယာစိတ် လည်းတခု။ ။ဤသို့အားဖြင့်-၄-ပါးသောစိတ်တို့သည်။အရူပ- ၄-ဘုံ၌ဖြစ်သောအခါ။ဟဒယဝတ္ထုရုပ်ကိုမမှီမူ၍။အသညသတ် ကိုချန်လှပ်၍။ကြွင်းသောဗြဟ္မာဘုံ။ကာမသုဂတိ-၇-ဘုံတို့၌ဖြစ် သောအခါ။ဟဒယဝတ္ထုရုပ်ကိုမှီတွယ်ပြီးလျှင်။ ။မနောဒွါရတ ခုမှထွက်၍၊အာကာသာနဉ္စာယတနကြိယာစိတ်သည်၊ ကောင်း ကင်ပညတ်ကိုအာရုံပြုသဖြင့်။ ဝိညာဏဉ္စာယတနကြိယာစိတ် သည်။အာကာသာနဉ္စာယတနကုသိုလ်ကြိယာစိတ်ကို၊ အာရုံပြု သဖြင့်။ ။အာကိဉ္စညာယတနကြိယာစိတ်သည်။ နတ္ထိဘာဝပ ညတ်ကိုအာရုံပြုသဖြင့်။ ။နေဝသညာနာသညာယတနကြိယာ စိတ်သည်။အာကိဉ္စညာယတနကုသိုလ်ကြိယာစိတ်ကို အာရုံပြု သဖြင့်။အာဒိကမ္မိက၊ရသစ်စ၌၊တကြိမ်၊ရပြီးသောဈာန်ကို၊ဖြန်၍

ဝင်စားသောအခါ အကြံမျိုးစွာစေကောင်းသော ဓောကိစ္စ၊ ကိစ္စသာတင်လျက်။ ။အသညသတ်ဘုံ၊ အပါယ်-၄-ဘုံတို့ကို ချန်လှပ်၍။ကြွင်းသော-၂၆-ဘုံတို့၌။ဘုရား၊ရဟန္တာ၊ပစ္စေကဗုဒ္ဓါ တို့သန္တာန်၌သာဖြစ်ကောင်းသော။ ။အာရုံကိုညွှတ်တတ်သော နမနသဘောရှိ၍၊နာမ်ဟုခေါ်ဆိုအပ်သော။ ။အကြောင်းလည်းမ ဟုတ်။အကျိုးလည်းမဟုတ်။ ပြုကာမတ္တမျှဖြစ်၍၊ ကြိယာဟုခေါ် ဆိုအပ်သော။ ။အရူပ-၄-ဘုံတို့၌သာအဖြစ်များသောကြောင့်။ အရူပါဝစရ ကြိယာစိတ်ဟု ခေါ်ဆိုအပ်သော စိတ်-၄-ပါးတို့ တည်း။ ။ဤ-၁၂-ပါးသောစိတ်တို့ကို။ ဈာန်အင်္ဂါအားဖြင့်။ဥ ပေက္ခာ၊ဧကဂ္ဂတာ-၂-ပါးသာရှိခြင်းကြောင့်။ပဥ္စမဈာန်ဖြစ်၍။ ဥ ပေက္ခာဝေဒနာတွင်းသို့သွင်း၍ ရေတွက်အပ်ကုန်၏။ ။၎င်းအ ရူပဈာန်-၄-ပါးတို့၌။ လွန်မြောက်အပ်သောအတိက္ကမိတဗ္ဗ-၄- ပါး။အာရုံပြုအပ်သော၊အာလမ္ဗိတဗ္ဗ။ ၄-ပါးတို့ကိုခွဲခြား၍ သိရ မည်။ ။အာကာသာနဥ္စာယတနဈာန်၌။ရူပါဝစရပဥ္စမဈာန်သည်။ လွန်မြောက်အပ်သော အတိက္ကမိတဗ္ဗတရားတည်း။ ။ကောင်း ကင်ပညတ်သည်။အာရုံပြုအပ်သောအာလမ္ဗိတဗ္ဗတရားတည်း။ ။ ဝိညာဏဥ္စာယတနဈာန်၌။ကောင်းကင်ပညတ်သည်။ လွန်မြောက် အပ်သောအတိက္ကမိတဗ္ဗတရားတည်း။ ။အာကာသာနဥ္စာယ တနဈာန်စိတ်သည်။အာရုံပြုအပ်သောအာလမ္ဗိတဗ္ဗတရားတည်း။ ။ အာကိဉ္စညာယတန ဈာန်၌။ အာကာသာနဥ္စာယတန ဈာန်စိတ် သည်။လွန်မြောက်အပ်သောအတိက္ကမိတဗ္ဗတရားတည်း။ ။အာ ကာသာနဥ္စာယတနဈာန်စိတ်၏။မရှိခြင်းတည်းဟူသောနတ္ထိဘော ပညတ်သည်။ အာရုံပြုအပ်သောအာလမ္ဗိတဗ္ဗတရားတည်း။ ။ နေဝသညာနာသညာယတနဈာန်၌။နတ္ထိဘောပညတ်သည်။လွန် မြောက်အပ်သော၊အတိက္ကမိတဗ္ဗတရားတည်း။ ။အာကိဉ္စညာ ယတနဈာန်စိတ်သည်။ အာရုံပြုအပ်သော အာလမ္ဗိတဗ္ဗတရား တည်း။ ။ဤ-၄-ပါးတို့ကို၊သေသေချာချာမှတ်။အရူပစိတ်-၁၂- ပါးပြီး၏။

လောကုတ္တရာစိတ်-၈-ပါးဟူသည်ကား။ ။မဂ်စိတ်-၄-ပါး။ ဖိုလ်စိတ်-၄-ပါး။ဤသို့အားဖြင့်-၈-ပါးတည်း။ ။ထို-၈-ပါး တို့တွင်။မဂ်စိတ်-၄-ပါးဟူသည်ကား။သောတာပတ္တိမဂ္ဂစိတ္တံ၊ဟူ သောပုဒ်၌။သောတ-တပုဒ်။ အာပတ္တိ-တပုဒ်။ မဂ္ဂ-တပုဒ်။စိတ္တံ-တ ပုဒ်။၄-ပုဒ်တည်း။ သောတအရကား၊ မဟာသမုဒ္ဒရာသို့ ၊စီးဝင် တတ်သော ရေအလျဉ်သည်။ သောတမည်၏။ ထိုသောတမည် သောရေအလျဉ်နှင့်တူသောကြောင့်။ သမ္မာဒိဋ္ဌိအစရှိသောမဂ္ဂင် တရားကိုယ်-၅စ်ပါးတည်း။ မဟာသမုဒ္ဒရာနှင့်တူသော နိဗ္ဗာန်သို့ စီးဝင်တတ်သောကြောင့်။ ၎င်းမဂ္ဂင်တရားကိုယ်-၈-ပါးသည်။ သောတမည်၏။ ထိုသောတမည်သောမဂ္ဂင်သို့၊ ရောက်ပြီး၊ရပြီး၊ ကိန်းပြီးသောပုဂ္ဂိုလ်ကို၊ သောတာပတ္တိပုဂ္ဂိုလ်ဟု ဆိုသည်။ ထို သောတာပတ္တိမည်သောပုဂ္ဂိုလ်၏ သန္တာန်၌ကျရောက်သောမဂ် ကို၊သောတာပတ္တိမဂ်ဟုဆိုသည်။ထိုသောတာပတ္တိမည်သော'ပု ဂ္ဂိုလ်၏မဂ်နှင့်ယှဉ်သော စိတ်ဖြစ်ခြင်းကြောင့်၊သောတာပတ္တိမဂ် စိတ်ဟုခေါ်ဆိုအပ်သောစိတ်လည်းတခု။ ။သကဒါဂါမိမဂ္ဂစိတ္တံ၊ ဟူသောပုဒ်၌။သက-တပုဒ်။အာဂါမိ-တပုဒ်။သက-ဟူသောပုဒ်၏ အရကား။တကြိမ်ဟူသောအနက်ကိုရ၏။အာဂါမိ- ဟူသောပုဒ် ၏အရကား။ပြန်လါခြင်းဟူသောအနက်ကိုရ၏။ဤလူ့ပြည်သို့တ ကြိမ်ပြန်၍ပဋိသန္ဓေနေသောပုဂ္ဂိုလ်ကို။သကဒါဂါမိပုဂ္ဂိုလ်ဟုဆို သည်။ထိုသကဒါဂါမိမည်သောပုဂ္ဂိုလ်၏သန္တာန်၌ကျရော်သော မဂ်ကို။သကဒါဂါမိမဂ်ဟုဆိုသည်။ထိုသကဒါဂါမိမည်သောပု ဂ္ဂိုလ်၏မဂ်နှင့်ယှဉ်ခြင်းကြောင့်၊ သကဒါဂါမိမဂ်စိတ်ဟုခေါ်ဆို အပ်သောစိတ်လည်းတခု။ ။အနာဂါမိမဂ္ဂစိတ္တံ၊ဟူသောပုဒ်၌။အ န-တပုဒ်။အာဂါမိ- တပုဒ်။အန- ကား၊မဖြစ်ခြင်းအနက်။အာဂါမိ- ကား၊ ပြန်လာခြင်းအနက်။ ဤကာမဘုံသို့။ တကြိမ်မျှမပြန်လာ သောပုဂ္ဂိုလ်ကို၊အနာဂါမိပုဂ္ဂိုလ်ဟုဆိုသည်။ထိုအနာဂါမိမည် သောပုဂ္ဂိုလ်၏ သန္တာန်၌ကျရောက်သောမဂ်ကို။ အနာဂါမိမဂ် ဟုဆိုသည်။ ထိုအနာဂါမိမည်သောပုဂ္ဂိုလ်၏မဂ်နှင့် ယှဉ်ခြင်း

ကြောင့်၊ အနာဂါမိမဂ်စိတ်ဟု၊ ခေါ်ဆိုအပ်သော စိတ်လည်းတ
ခု။ ။အရဟတ္တမဂ္ဂစိတ္တံ၊ဟူသောပုဒ်၌။ အရဟာ-တပုဒ်။အရဟ
တ္တ-တပုဒ်။အရဟာ-အရကား။ ပူဇော်အထူးကိုခံထိုက်သောရဟ
န္တာပုဂ္ဂိုလ်ကိုရ၏။ အရဟတ္တ-အရကား။ထိုအရဟာမည်သောရ
ဟန္တာပုဂ္ဂိုလ်ဖြစ်ရခြင်း၏အကြောင်းဖြစ်သောမဂ်ကိုရ၏။ ထိုအ
ရဟတ္တမည်သောမဂ်နှင့်ယှဉ်သောစိတ်ဖြစ်ခြင်းကြောင့်။အရဟ
တ္တမဂ်စိတ်ဟုခေါ်ဆိုအပ်သောစိတ်လည်းတခု။ ။ဤသို့အားဖြင့်၊
လောကုတ္တရာမဂ်ကုသိုလ်စိတ်- ၄ - ပါးတို့တည်း။ထို-၄-ပါးတို့
တွင်။သောတာပတ္တိမဂ်စိတ်သည်။ ဖြစ်ပေါ်ဆိုက်ရောက်လာသော
အခါ။ ဟာဒယဝတ္ထုရုပ်ကို မှီတွယ်ပြီးလျှင်။ မနောဒွါရ-တခုမှ
ထွက်၍။နိဗ္ဗာန်ဟူသောဓမ္မါရုံတခုကိုသာအာရုံပြုသဖြင့်။တကြိမ်
သာ ဖြစ်ကောင်းစေကောင်းသော ဇောကိစ္စ၊ တကိစ္စသာတပ်
လျက်။အသညသတ်ဘုံ၊သုဒ္ဓါဝါသငါးဘုံ။အရူပ-၄-ဘုံ။အပါယ်-
၄-ဘုံတို့ကိုချန်လှပ်၍။ကြွင်းသော-၁၇- ဘုံတို့၌သောတာပတ္တိ
မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တယောက်၏သန္တာန်၌သာဖြစ်ကောင်းသော။ ။
ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်းပရိညာကိစ္စ။ ဒိဋ္ဌိဂတသမ္ပယုတ်
စိတ်-၄-ခု။ဝိစိကိစ္ဆာသဟဂုတ်စိတ်-တခု။ဤငါးခုနှင့်တကွ။သ
ရဒယသစ္စာ၊တဏှာလောဘ၊ တထပ်ကို။အနုသယနှင့်တကွ။သ
န္တာန်၌၊တဘန်မကိန်းလာရအောင်၊ ပယ်ခြင်းဟူသော ပဟာနကိ
စ္စ။နိရောဓသစ္စာဟူသောနိဗ္ဗာန်ကို၊ထင်ထင်ကွက်ကွက်၊မျက်မှောက်
ပြုခြင်းဟူသောသစ္ဆိကာတဗ္ဗကိစ္စ။နေမင်းသည်အရောင်အလင်း
ကို ပွါးစေလျက် ထွက်ပေါ်လာ သကဲ့သို့ မဂ္ဂင် တရား-၈-ပါး
တည်းဟူသောမဂ္ဂသစ္စာကိုပွါးစေခြင်းဘာဝေတဗ္ဗကိစ္စ။ ဤကိစ္စ
-၄-ချက်တို့ကို၊ တပြိုင်နက် တချက်တည်းပြီးစေတတ်သော။ ။
မိမိ ချုပ်ဆုံးကွယ်ပျောက်သည်၏ အခြားမဲ့၌၊ ကာလမခြားဘဲ။
သောတာပတ္တိ ဖိုလ်ဟူသောအကျိုးကိုဖြစ်စေတတ်သော။ ။
နိဗ္ဗာန်ဟူသောအာရုံကို ညွတ်တတ်သောနမနသတ္တိရှိ၍၊ နာမ်ဟု
ခေါ်ဆိုအပ်သော။ ။အပါယဂမနီယဖြစ်သောကိလေသာကိုပယ်

သဖြင့်။ အပါယ်သို့မလားရတော့ပြီဖြစ်သောကြောင့်။အပါယိက ဩကာသလောက၊တစိတ်မှလွန်မြောက်ခြင်း။တေဘူမိက၊သခ်ါ ရတရားတို့ကို အာရုံမပြုသောအားဖြင့် သခ်ါရလောကမှ လွန် မြောက်ခြင်း။ပုထုဇနသတ္တဝါ မဟုတ်ပြီ ဖြစ်သောကြောင့်၊ပုထု ဇနသတ္တလောကမှလွန်မြောက်ခြင်း။ ဤသို့လျှင်။လောက-၃-ပါး မှ လွန်မြောက်ပြီးဖြစ်သောကြောင့်။ လောကုတ္တရာ ပဌမသော တာပတ္တိမဂ်စိတ်ဟုခေါ်သိုရသောစိတ်အထူးပေတည်း။

သကဒါဂါမိမဂ်စိတ်သည်။အရူပ-၄-ဘုံ၌ဖြစ်သောအခါ။ဟာဒယ ဝတ္ထုရုပ်ကိုမမှီမူ၍။ ကြွင်းသောဘုံတို့၌ ဖြစ်သောအခါ၊ ဟာဒယ ဝတ္ထုရုပ်ကိုမှီတွယ်ပြီးလျှင်။ မနောဒွါရတခုမှထွက်၍။ နိဗ္ဗာန်ဟူ သောဓမ္မာရုံတခုကိုသာအာရုံပြုသဖြင့်။တကြိမ်သာဖြစ်ကောင်း စေကောင်းသော ဇောကိစ္စ၊ တကိစ္စသာတပ်လျက်။ အသညသတ်-ဘုံ။ သုဒ္ဓါဝါသ-၅-ဘုံ။ အပါယ်-၄-ဘုံဘို့ကိုချန်လှပ်၍။ ကြွင်းသော-၂၁-ဘုံတို့၌။သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တယောက်၏ သန္တာန်၌သာဖြစ်ကောင်းသော။ ။ဒုက္ခသစ္စာကိုပိုင်းခြား၍သိခြင်း ပရိညာကိစ္စ။ဒိဋ္ဌိ၊ဝိစိကိစ္ဆာမှကြွင်းသောအကုသိုလ်-၇-ပါးနှင့်တ ကွ၊သမုဒယသစ္စာကို၊တနုကရအားဖြင့်၊ခေါင်းပါးအောင်ပြုလုပ် ခြင်းဟူသောပဟာနကိစ္စ။ နိရောဓသစ္စာဟူသော နိဗ္ဗာန်ကိုထင် ထင်ကွက်ကွက်မြင်ခြင်းဟူသော သစ္ဆိကာတဗ္ဗကိစ္စ။ နေမင်း သည်အရောင်အလင်းကိုပွါးစေလျက်ထွက်သကဲ့သို့မဂ္ဂင်တရား ကိုယ်-၈-ပါးဟူသောမဂ္ဂသစ္စါကိုပွါးစေခြင်းဟူသောဘာဝေတ ဗ္ဗကိစ္စ။ ဤကိစ္စ-၄-ချက်တို့ကို၊တပြိုင်နက် တချက်တည်းပြီးစေ တတ်သော။ ။မိမိချုပ်သုံးကွယ်ပျောက်သည်၏အခြားမဲ့၌။ကာ လမခြားဘဲ။ သကဒါဂါမိဖိုလ်ဟူသော အကျိုးကိုဖြစ်စေတတ် သော။ ။နိဗ္ဗာန်ဟူသောအာရုံကိုညွတ်တတ်သောနမနသဘောရှိ ၍နာမ်ဟုခေါ်သိုအပ်သော။ ။ကာမရာဂတရားကို၊ ခေါင်းပါး အောင်ပြုလုပ်သဖြင့်။ကာမဘုံ၌၊ တကြိမ်သာပဋိသန္ဓေတည်နေ ရသည့်ဖြစ်၍ ကာမလောကတည်းဟူသော ဩကာသလောက

တစိတ်မှ၊လွှန်မြောက်ခြင်း။တေဘူမိကာသင်္ခါရတရားတို့ကို၊ အာရုံမပြုသောအားဖြင့်။ သင်္ခါရလောကမှ၊ လွှန်မြောက်ခြင်း။ ပုထုဇနသတ္တလောကမှ၊လွှန်မြောက်ခြင်း။ဤသို့လျှင်၊လောက-၃-ပါးမှ၊လွှန်မြောက်ပြီးဖြစ်သောကြောင့်။လောကုတ္တရာ၊ ဒုတိယသကဒါဂါမိမဂ်စိတ်ဟု၊ခေါ်ဆိုအပ်သောစိတ်အထူးပေတည်း။ ။အနာဂါမိမဂ်စိတ်သည်။အရူပ -၄-ဘုံတို့၌ဖြစ်သောအခါ၊ ဟဒယဝတ္ထုရုပ်ကိုမမှီမူ၍။ ကြွင်းသောဘုံတို့၌ ဖြစ်သောအခါ။ ဟဒယဝတ္ထုရုပ်ကိုမှီတွယ်ပြီးလျှင်။ မနောဒွါရတာခမှထွက်၍။ နိဗ္ဗာန်ဟူသောဓမ္မာရုံတခုကိုသာအာရုံပြုသဖြင့်။ တကြိမ်သာဖြစ်ကောင်းသောကောင်းသောဇောကိစ္စ၊တကိစ္စသာတပ်လျက်။ ။အသညသတ်ဘုံ။သုဒ္ဓါဝါသငါးဘုံ။အပါယ် -၄-ဘုံတို့ကိုချန်လှပ်၍။ကြွင်းသော-၂၁-ဘုံတို့၌၊ အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တယောက်၏သန္တာန်၌သာဖြစ်ကောင်းသော။ ။ဒုက္ခသစ္စာကိုပိုင်းခြား၍ သိခြင်းပရိညာကိစ္စ။ဒေါသမူစိတ်-၂-ခုနှင့်တကွ။ လောဘသမုဒယသစ္စာ-တထပ်ကို၊ ပယ်ခြင်းဟူသောပဟာနကိစ္စ။နိရောဓသစ္စာဟူသောနိဗ္ဗာန်ကို။ထင်ထင်ကွက်ကွက်၊ မြင်ခြင်းဟူသောသစ္ဆိကာတဗ္ဗကိစ္စ။နေမင်းသည်၊အရောင်အလင်းကိုပွါးစေလျက် ထွက်သကဲ့သို့။မဂ္ဂင်တရားကိုယ်-၈-ပါးဟူသောမဂ္ဂသစ္စာကို၊ပွါးစေခြင်းဟူသောဘာဝေတဗ္ဗကိစ္စ။ ဤကိစ္စ-၄-ချက်တို့ကို။ တပြိုင်နက် တချက်တည်းပြီးစေတတ်သော။ ။မိမိချုပ်ဆုံးကွယ်ပျောက်သည့်၏အခြားမဲ့၌။ ကာလမခြားဘဲ။ အနာဂါမိဖိုလ်- ဟူသောအကျိုးကို ဖြစ်စေတတ်သော။ ။နိဗ္ဗာန်ဟူသော အာရုံကို ညွတ်တတ်သောနမနသဘောရှိ၍၊ နာမ်ဟုခေါ်ဆိုအပ်သော။ ။ကာမရာဂ၊ဗျာပါဒတို့ကို။အနုသယနှင့်တကွ။အကြွင်းမဲ့ပယ်နိုင်ပြီဖြစ်၍။ကာမဘုံ၌။တကြိမ်မျှပြန်၍ပဋိသန္ဓေ၊မနေကောင်းသဖြင့်။အလုံးစုံသောကာမလောကဟူသော ဩကာသလောကမှ လွှန်မြောက်ခြင်း။တေဘူမိကာသင်္ခါရတရားတို့ကို၊အာရုံမပြုသောအားဖြင့်။သင်္ခါရလောကမှလွှန်မြောက်ခြင်း။ပုထုဇနသတ္တလောကမှ၊လွှန်မြော

ခြင်း။ ဤသို့လျှင်၊ လောက-၃-ပါးမှ၊ လွန်မြောက်ပြီဖြစ်သောကြောင့်။ လောကုတ္တရာတတိယ အနာဂါမိမဂ်စိတ်ဟု ခေါ်ဆိုအပ်သော စိတ်အထူးပေတည်း။ ။အရဟတ္တမဂ်စိတ်သည်။ အရူပ-၄-ဘုံ တို့၌ဖြစ်သောအခါ။ ဟဒယဝတ္ထုရုပ်ကိုမမှီမူ၍။ ကြွင်းသောဘုံတို့ ၌ဖြစ်သောအခါ။ ဟဒယဝတ္ထုရုပ်ကိုမှီတွယ်ပြီးလျှင်။ မနောဒွါရ တခုမှထွက်၍။ နိဗ္ဗာန်ဟူသောအမြွာရုံတခုကိုသာအာရုံပြုသဖြင့်။ တကြိမ်သာ ဖြစ်ကောင်းစေကောင်းသောဓောကိစ္စ၊ တကိစ္စ သာထင်လျက်။ ။အသညသတ်ဘုံ။ အပါယ်-၄-ဘုံတို့ကိုချန် လှပ်၍။ ကြွင်းသော-၂၆-ဘုံတို့၌။ အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တ ယောက်၏သန္တာန်၌သာဖြစ်ကောင်းသော။ ။ဒုက္ခသစ္စာကိုပိုင်း ခြား၍သိခြင်းပရိညာကိစ္စ။ ဒိဋ္ဌိဂတဝိပ္ပယုတ်-၁၁-တို့နှင့်တကွ။ အလုံးစုံသော အာသဝေါတရားတို့ကို၊ အနုသယနှင့်တကွ၊ အ ကြွင်းမဲ့ပယ်ခြင်းဟူသော ပဟာနကိစ္စ။ နိရောဓသစ္စာဟူသော နိဗ္ဗာန်ကိုထင်ထင်ကွက်ကွက်၊ မျက်မှောက်ပြုခြင်းဟူသောသစ္ဆိ ကာတဗ္ဗကိစ္စ။ နေမင်းသည် အရောင် အလင်းကို ပွါးစေလျက် ထွက်သကဲ့သို့။ မဂ္ဂသစ္စာဟူသောမဂ္ဂင်တရားကိုယ်-၈-ပါးကို၊ ပွါး စေခြင်းဟူသောဘာဝေတဗ္ဗကိစ္စ။ ဤကိစ္စ-၄-ချက်တို့ကို၊ တပြိုင် နက်တချက်တည်းပြီးစေတတ်သော။ ။မိမိချုပ်ဆုံးကွယ်ပျောက် သည့်၏အခြားမဲ့၌။ ကာလမခြားဘဲ။ အရဟတ္တဖိုလ်ဟူသောအ ကျိုးကိုဖြစ်စေတတ်သော။ ။နိဗ္ဗာန်ဟူသောအာရုံကိုညွတ်တတ် သောနမနသဘောရှိ၍၊ နာမ်ဟုခေါ်ဆိုအပ်သော။ ။အလုံးစုံသော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ သင်္ခါရ၊ မျိုးစေ့တို့ကို၊ ဖုတ်မြိုက် ကုန်ခန်းပြီဖြစ်သောကြောင့်။ ကာမ၊ ရူပ၊ အရူပဟုဆိုအပ်သောဘုံ- ၃-ပါးတို့၌ပဋိသန္ဓေတဘန်အသစ်၊ မဖြစ်မချ၊ အကြွင်းမဲ့လုံး၊ အ ဆုံးသို့ရောက်သည်ဖြစ်၍။ အလုံးစုံသောဩကာသလောကမှလွန် မြောက်ခြင်း။ သင်္ခါရတရားတို့ကိုအာရုံမပြုသောအားဖြင့်၊ သင်္ခါ ရလောကမှလွန်မြောက်ခြင်း။ သတ္တဝါအသစ်၊ နောင်တဘန် မ ဖြစ်ရပြီဖြစ်သောကြောင့်၊ သတ္တလောကမှ၊ လွန်မြောက်ခြင်း။ ဤ

သို့လျှင်၊အလုံးစုံသောလောက-၃-ပါးမှ၊လွန်မြောက်ပြီဖြစ်သောကြောင့်။ လောကုတ္တရာ စတုတ္ထအရဟတ္တမဂ်စိတ်ဟု၊ ခေါ်ဆိုအပ်သော စိတ်အထူးပေတည်း။ ။လောကုတ္တရာမဂ်ကုသိုလ်စိတ်-၄-ပါးပြီး၏။

ဖိုလ်စိတ်-၄-ပါး ဟူသည်ကား။ ။သောတာပတ္တိမည်သော ပုဂ္ဂိုလ်သည်၊ရအပ်သည်ဖြစ်၍၊ အကျိုးဖြစ်သောကြောင့်။သောတာပတ္တိဖိုလ်စိတ်ဟုခေါ်ဆိုအပ်သောစိတ်လည်းတခု။ ။သကဒါဂါမိမည်သောပုဂ္ဂိုလ်သည်။ ရအပ်သည်ဖြစ်၍၊အကျိုးဖြစ်သောကြောင့်၊သကဒါဂါမိဖိုလ်စိတ်ဟုခေါ်ဆိုအပ်သောစိတ်လည်းတခု။ ။အနာဂါမိမည်သောပုဂ္ဂိုလ်သည် ရအပ်သည်ဖြစ်၍၊အကျိုးဖြစ်သောကြောင့်။ အနာဂါမိဖိုလ်စိတ်ဟု ခေါ်ဆိုအပ်သောစိတ်လည်းတခု။ ။အရဟတ္တမည်သောပုဂ္ဂိုလ်သည်၊ရအပ်သည်ဖြစ်၍၊ အကျိုးဖြစ်သောကြောင့်။ အရဟတ္တဖိုလ်စိတ်ဟု ခေါ်ဆိုအပ်သောစိတ်လည်းတခု။ ။ဤသို့အားဖြင့်-၄-ပါးသော စိတ်တို့သည်။ အရူပ-၄-ဘုံတို့၌ ဖြစ်သောအခါ။ ဟဒယဝတ္ထုရုပ်ကို မမှီမူ၍။ ကြွင်းသောဘုံတို့၌ဖြစ်သောအခါ။ဟဒယဝတ္ထုရုပ်ကိုမှီတွယ်ပြီးလျှင်။ မနောဒွါရတခုမှထွက်၍။ နိဗ္ဗာန်ဟူသောဓမ္မာရုံတခုကိုသာအာရုံပြုသဖြင့်။အာဒိကမ္မိက၊ရသစ်စ၌။ ၂-ကြိမ်၊၃ ကြိမ် ဝင်စားသောအခါ၊အကြိမ်များစွာစောကောင်းသောဓောက်စ္စ၊ တက်စ္စသောဘင်လျက်။ ။အနာဂါမိဖိုလ်စိတ်၊အရဟတ္တဖိုလ်စိတ်-၂-ပါးဖြစ်မူ။ အသညသတ်တဘုံ၊အပါယ်-၄-ဘုံတို့ကိုချန်လှပ်၍။ကြွင်းသော-၂၆-ဘုံတို့၌။ အနာဂါမိဖိုလ်စိတ်သည်၊ အနာဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်၏သန္တာန်၌သာ။အရဟတ္တဖိုလ်စိတ်သည်၊ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၏သန္တာန်၌သာဖြစ်ကောင်းသော။ ။သောတာပတ္တိဖိုလ်စိတ်၊ သကဒါဂါမိဖိုလ်စိတ်-၂-ပါးတို့ဖြစ်မူ။အသညသတ်တဘုံ။ သုဒ္ဓါဝါသငါးဘုံ။ အပါယ်-၄-ဘုံတို့ကိုချန်လှပ်၍။ကြွင်းသော-၂၀-ဘုံတို့၌။သောတာပတ္တိဖိုလ်စိတ်သည်။သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်၏သန္တာန်၌သာ။သကဒါဂါမိဖိုလ်စိတ်

သည်။သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်၏သန္တာန်၌သာ၊ဖြစ်ကောင်း
သော။ ။သောတာပတ္တိဖိုလ်စိတ်သည်။ သောတာပတ္တိမဂ်ပယ်
အပ်ပြီးသော၊ဒိဋ္ဌိ၊ဝိစိကိစ္ဆာ၊ ကိလေသာတို့ကို၊ငြိမ်းပြီးသော၊ မီး
ကျီးပြာကို၊ရေထပ်၍လောင်းသကဲ့သို့၊ တဘန်ငြိမ်းစေခြင်းဟူ
သောပဋိပဿဒ္ဓိကိစ္စ။ ။သကဒါဂါမိဖိုလ်စိတ်သည်။သကဒါ
ဂါမိမဂ်။ တနုကရ အားဖြင့်၊ခေါင်းပါးအောင်၊ ပြုလုပ်ပြီးသောကိ
လေသာတို့ကို၊တဘန်ထပ်မံ၍၊ငြိမ်းစေခြင်းဟူသောပဋိပဿဒ္ဓ
ကိစ္စ။ ။အနာဂါမိဖိုလ်စိတ်သည်။အနာဂါမိမဂ်ပယ်အပ်ပြီး
သော၊ကာမရာဂ၊ဗျာပါဒတို့ကို၊တဘန်ထပ်မံ၍။ငြိမ်းစေခြင်းဟူ
သော၊ပဋိပဿဒ္ဓကိစ္စ။ ။အရဟတ္တဖိုလ်စိတ်သည်၊အရဟတ္တ
မဂ်ပယ်အပ်ပြီးသော ဒိဋ္ဌိဂတဝိပ္ပယုတ်၊ ဥဒ္ဓစ္စသဟဂုတ်ကိလေ
သာတို့ကို၊တဘန်ထပ်မံ၍၊ ငြိမ်းစေခြင်းဟူသောပဋိပဿဒ္ဓ
ကိစ္စတို့ကိုပြီးစေတတ်သေ၏။ ။နိဗ္ဗာန်ဟူသောအာရုံကိုညွတ်တတ်
သောနမနသဘောရှိ၍နာမ်ဟုခေါ်ဆိုအပ်သော။ ။မဂ်စိတ်၌ယှဉ်
သောစေတနာကံသည်၊ ဖြစ်စေမှုပေါ်သာရသည်ဖြစ်၍၊ အကျိုး
သက်သက်ဖြစ်သောကြောင့်၊ဖိုလ်စိတ်ဟုခေါ်ဆိုအပ်သော၊စိတ်-
၄-ပါးတို့တည်း။ ။ဤသို့လျှင်၊ အကြောင်းဖြစ်သောမဂ်ကုသိုလ်
စိတ်-၄-ခု-အကျိုးဖြစ်သော ဖိုလ်စိတ်-၄-ခု၊ နှစ်ရပေါင်းသော်
လောကုတ္တရာစိတ်၊အကျဉ်းအားဖြင့်၊ရှစ်ပါးဖြစ်၏။အကျယ်ကိုလို
သော်၊လောကီဈာန်နှင့်တွဲယှဉ်၍၊ဈာနင်ပွါးရမည်။ ။ပွါးဟန်
ကား။ဝိတက်၊ဝိစာရ၊ပီတိ၊သုခ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်
အင်္ဂါငါးပါးနှင့်ပြည့်စုံသော၊ ပဌမဈာန်နှင့်ယှဉ်သော သောတာ
ပတ္တိမဂ်စိတ်လည်းတခု။ ။ဝိစာရ၊ပီတိ၊သုခ၊ ဧကဂ္ဂတာတည်း
ဟူသောဈာန်အင်္ဂါလေးပါးနှင့်ပြည့်စုံသော ဒုတိယဈာန်နှင့်ယှဉ်
သောသောတာပတ္တိမဂ်စိတ်လည်းတခု။ ။ပီတိ၊သုခ၊ဧကဂ္ဂတာ
တည်းဟူသော ဈာန်အင်္ဂါသုံးပါးနှင့်ပြည့်စုံသော တတိယဈာန်
နှင့်ယှဉ်သောသောတာပတ္တိမဂ်စိတ်လည်းတခု။ ။သုခ၊ဧကဂ္ဂ
တာတည်းဟူသော ဈာန်အင်္ဂါ-၂-ပါးနှင့် ပြည့်စုံသော စတုတ္ထ

ဈာန်နှင့်ယှဉ်သောသောတာပတ္တိမဂ်စိတ်လည်းတခု။ ။ဥပေက္ခာ၊ဧကဂ္ဂတာတည်းဟူသောဈာန်အင်္ဂါ-၂-ပါးနှင့်ပြည့်စုံသောပဉ္စမဈာန်နှင့်ယှဉ်သောသောတာပတ္တိမဂ်စိတ်လည်းတခု။ ။ဤသို့သောနည်းအားဖြင့်။သောတာပတ္တိမဂ်စိတ်-၅-ပါးဖြစ်သည်။သကဒါဂါမိမဂ်စိတ်စသော-၃-ပါးတို့၌လည်း-၅-ပါးစီ၊ ၅-ပါးစီပွား၍။မဂ်စိတ်-၂၀-ဖိုလ်စိတ်-၂၀-ဖြစ်၍။လောကုတ္တရာစိတ်။အကျဉ်းအားဖြင့်၊ ၈-ပါး။အကျယ်အားဖြင့်။၁၂၁-ပါး။ဖြစ်သည်။ ။အောက်ကပြခဲ့ပြီးသော၊အကုသိုလ်စိတ်-၁၂-ပါး။အဟိတ်စိတ်-၁၈-ပါး။ ကာမာဝစရသောဘဏစိတ်-၂၄-ပါးအားဖြင့်-ကာမစိတ်-၅၄-ပါး။ရူပါဝစရစိတ်-၁၅-ပါး။အရူပါဝစရစိတ်-၁၂-ပါး။ လောကုတ္တရာစိတ်အကျဉ်း-၈-ပါး။အကျယ်အားဖြင့်-၄၀။အပေါင်းအားဖြင့်၊စိတ်တခုယုတ်ကိုးဆယ်။အကျယ်-၁၂၁-ပါးဖြစ်သတည်း။ ။၎င်းတခုယုတ်ကိုးဆယ်။အကျယ်-၁၂၁-ပါးသောစိတ်တို့၌။အကုသိုလ်စိတ်-၁၂-ပါးပါ၏။ကုသိုလ်စိတ်-၂၁-ပါးပါ၏။ကြိယာစိတ်-၂၀-ပါ၏။ဝိပါက်စိတ်-၃၆-ပါးပါ၏။သမ္ပယုတ်စိတ်-၂၀-ပါ၏။ဝိပ္ပယုတ်စိတ်-၁၆-ပါးပါ၏။အသင်္ခါရိကစိတ်-၁၇-ပါးပါ၏။သသင်္ခါရိကစိတ်-၁၇-ပါးပါ၏။ပဌမဈာန်၊ဒုတိယဈာန်၊တတိယဈာန်၊စတုတ္ထဈာန်အားဖြင့်။၄-ပါးတို့သည်။သောမနဿဝေဒနာဖြစ်ခြင်းကြောင့်။ရူပါဝစရကုသိုလ်စိတ်၌-၄-ပါး။ ဝိပါက်၌-၄-ပါး။ ကြိယာစိတ်၌-၄-ပါး။ သုံးလီဖြစ်သောကြောင့်။သောမနဿဝေဒနာ-၁၂-ပါး။လောကုတ္တရာပဌမသောတာပတ္တိမဂ်စိတ်၌။ပဌမဈာန်၊ဒုတိယဈာန်၊တတိယဈာန်၊စတုတ္ထဈာန်-၄-ပါး။ သကဒါဂါမိမဂ်စိတ် စသော-၃-ပါးတို့၌လည်း-၄-ပါး-၄-ပါးစီဖြစ်ရကား။လောကုတ္တရာသောမနဿဝေဒနာ-၃၂-ပါး။ ယခင်က၊ ရူပါဝစရ သောမနဿ-၁၂-ပါးနှင့်ပေါင်းသော်-၄၄-ပါး။ ကာမာဝစရသောမနဿ-၁၈-ပါးနှင့် ပေါင်းပြန်သော်။သောမနဿဝေဒနာပေါင်း-၆၂-ပါးပါ၏။ဥပေက္ခာဝေဒနာပေါင်း-၅၅-ပါးပါ၏။ဒေါမနဿဝေဒနာ-၂-ပါးပါ၏။ သုခ

ဝေဒနာ-၁-ပါးပါ၏။ဒုက္ခဝေဒနာ-၁-ပါးပါ၏။ ။လောကီလောကုတ္တရာအားဖြင့်ခွဲဖြန့်သော်။အကုသိုလ်စိတ်-ကြိယာစိတ်တို့မှာ။ လောကုတ္တရာမရှိ။ကုသိုလ်စိတ်မှာ၊လောကီကုသိုလ်-၁၇-ပါး။ လောကုတ္တရာမဂ်ကုသိုလ်-၄-ပါး။ ပေါင်း-၂၁-ပါး။ ဝိပါက်စိတ်မှာ။လောကီဝိပါက်-၃၂-ပါး။လောကုတ္တရာဖိုလ်ဝိပါက်-၄-ပါး။ ပေါင်းသော်-၃၆-ပါး။ ။သောမနဿဝေဒနာမှာ။လောကီ၌-၃၀။ လောကုတ္တရာ၌-၃၂-ပါး။ပေါင်းသော်-၆၂-ပါး။ ဥပေက္ခာဝေဒနာမှာ။ ရူပါဝစရကုသိုလ်ပဉ္စမဈာန်-၁-ပါး။ ဝိပါက်ပဉ္စမဈာန် ၁-ပါး။ကြိယာပဉ္စမဈာန်-၁-ပါးအားဖြင့်-၃-ပါး။ အရူပါဝစရစိတ်-၁၂-ပါးမှာ၊ ပဉ္စမဈာန်ချည်း ဖြစ်ခြင်းကြောင့်။ ဥပေက္ခာ ၁၂-ပါး။ ရူပါဝစရဥပေက္ခာ-၃-ပါးနှင့်ပေါင်းသော် မဟဂ္ဂုတ်ဥပေက္ခာ-၁၅-ပါး။ ကာမာဝစရဥပေက္ခာ-၃၂-ပါး။ မဟဂ္ဂုတ်နှင့်ပေါင်းသော်၊လောကီဥပေက္ခာ-၄၇-ပါး။ လောကုတ္တရာစိတ် ၈-ခု၌။ပဉ္စမဈာန်-၈-ခု၊ရခြင်းကြောင့်။ လောကုတ္တရာဥပေက္ခာ ၈-ပါး။လောကီနှင့်ပေါင်းသော်၊ဥပေက္ခာ ၅၅-ပါးဖြစ်သတည်း။ ။ စိတ်ပရမတ်ပြီး၏။

စေတသိက်ပရမတ်ဟူသည်အဘယ်သည့်တို့နည်းဟူမူကား။ ။ အညသမာန်စေတသိက်-၁၃-ပါး။အကုသိုလ်စေတသိက်-၁၄-ပါး။ သောဘဏစေတသိက်-၂၅-ပါး။ ဤသို့အားဖြင့်-၅၂-ပါးတို့တည်း။ ။ထို-၅၂-ပါးတို့တွင်။ အညသမာန်စေတသိက်-၁၃-ပါးတို့ဟူသည်။ အဘယ်သည့်တို့နည်းဟူမူကား။ ။ချဉ်သီးစားရာ အနားကမြင်သောယောကျ်ားသည်။ လျှာရည်ယို၍ ချဉ်သလိုဖြစ်သကဲ့သို့။အာရုံ၌စိတ်ဝိညာဏ်သိသည့်ထက်ပိုမို၍ ထိတွေ့ခြင်းလက္ခဏာရှိသောဖဿစေတသိက်သည်၊တခုယုတ်ကိုးဆယ်။အကျယ်-၁၂၁-ပါးသောစိတ်တို့နှင့်၊တွဲဘက်ယှဉ်ပြိုင်၍၊ ဖြစ်နိုင်ခြင်းကြောင့်။ ဖဿစေတသိက်လည်း။ တခုယုတ်ကိုးဆယ်။ အကျယ်-၁၂၁-ပါးပင်ရှိချေသည်။ ။ချဉ်သီးစားသောယောကျ်ားကဲ့သို့။ အာရုံ၌၊သုခ၊ဒုက္ခ စသည့်ကိုခံစားခြင်းလက္ခ

ထာရှိသောဝေဒနာစေတသိက်သည်၊ တခုယုတ်ကိုးဆယ်။ အကျယ်-၁၂၁-ပါးတို့နှင့်၊တွဲဘက်ယှဉ်ပြိုင်၍၊ဖြစ်နိုင်ခြင်းကြောင့်။ ဝေဒနာစေတသိက်လည်း။တခုယုတ်ကိုးဆယ်။အကျယ်-၁၂၁-ပါးပင်ရှိချေသည်။ ။ရွှေအပ်သောနေရာကိုသိစိမ့်သောငှါ။မှတ်သားတတ်သောတမျဉ်းကြိုးကဲ့သို့။အမှတ်ပြု၍သိခြင်းလက္ခဏာရှိသောသညာစေတသိက်သည်။တခုယုတ်ကိုးဆယ်။အကျယ်-၁၂၁-ပါးသော စိတ်တို့နှင့်၊ တွဲဘက် ယှဉ်ပြိုင်၍ ဖြစ်နိုင်ခြင်းကြောင့်။သညာစေတသိက်လည်း။တခုယုတ်ကိုးဆယ်။အကျယ်၁၂၁-ပါးပင်ရှိချေသည်။ ။ဗိုလ်မှူးစစ်မှူးကဲ့သို့၊အာရုံ၌သမ္ပယုတ်တရားတို့ကို၊စေ့ဆော်ခြင်းလက္ခဏာရှိသောစေတနာစေတသိက်သည်။တခုယုတ်ကိုးဆယ်။အကျယ်-၁၂၁-ပါးသောစိတ်တို့နှင့်တွဲဘက်ယှဉ်ပြိုင်၍၊ ဖြစ်နိုင်ခြင်းကြောင့်။ စေတနာ စေတသိက်လည်း၊တခုယုတ်ကိုးဆယ်။အကျယ်-၁၂၁-ပါးပင်ရှိချေသည်။ ။

အာရုံတခုတည်း၌၊ သမ္ပယုတ်တရားတို့ကိုတည်နားအောင်ထားခြင်းလက္ခဏာရှိသော ဧကဂ္ဂတာစေတသိက်သည်။ တခုယုတ်ကိုးဆယ်။ အကျယ်-၁၂၁- ပါးသောစိတ်တို့နှင့်၊ တွဲဘက်ယှဉ်ပြိုင်၍၊ ဖြစ်နိုင်ခြင်းကြောင့်၊ ဧကဂ္ဂတာစေတသိက်လည်း၊ တခုယုတ်ကိုးဆယ်။အကျယ်-၁၂၁-ပါးပင်ရှိချေသည်။ ။ကြာရိုးအပေါက်မှဝင်၍ကြာပင်ကို၊ စိမ်းရှင်အောင်စောင့်ရှောက်သောရေကဲ့သို့။အာရုံ၌၊သမ္ပယုတ်တရားတို့ကို၊စောင့်ရှောက်ခြင်းလက္ခဏာရှိသောဇီဝိတိန္ဒြေစေတသိက်သည်။တခုယုတ်ကိုးဆယ်။အကျယ်-၁၂၁-ပါးတို့နှင့်၊တွဲဘက်ယှဉ်ပြိုင်၍၊ဖြစ်နိုင်ခြင်းကြောင့်။ ဇီဝိတိန္ဒြေ စေတသိက်လည်း။ တခုယုတ်ကိုးဆယ်။ အကျယ်-၁၂၁-ပါးပင်ရှိချေသည်။ ။ရထားတပ်သောမြင်း-၂-ကောင်ကို၊ ထိမ်း-ဦးမှ မသာရအောင်၊ နှလုံးသွင်းသွားသော၊ ရထားမှူးယောကျ်ားကဲ့သို့၊ အာရုံ၌သမ္ပယုတ်တရားတို့ကို၊ နှလုံးသွင်းခြင်းလက္ခဏာရှိသော မနသိကာရစေတသိက်သည်။ တခုယုတ်ကိုးဆယ်။အကျယ်-၁၂၁-ပါးသောစိတ်တို့နှင့်၊ တွဲဘက်ယှဉ်ပြိုင်၍

ဖြစ်နိုင်ခြင်းကြောင့်။မနသိကာရစေတသိက်လည်း။တခုယုတ်ကိုး
ဆယ်။ အကျယ်-၁၂၁-ပါးပင်ရှိချေသည်။ ။ဤသို့ပြဆိုအပ်ခဲ့
ပြီးသောစေတသိက်-၇-ပါးတို့သည်။အလုံးစုံသောစိတ်တခုယုတ်
ကိုးဆယ်။ အကျယ်-၁၂၁-ပါးတို့၏ ဖြစ်တိုင်း ဖြစ်တိုင်းပါကြ
သောကြောင့်၊သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့မည်ကုန်၏။ ။
ခေါင်းလောင်းကိုတီးခတ်သဖြင့်၊ပြင်းထန်သော၊ လက်ခတ်သံကဲ့
သို့။အာရုံ၌သမ္ပယုတ်တရားတို့ကို၊ တဟုန်တည်းရှေးရှုတင်ခြင်း
လက္ခဏာရှိသောဝိတက်စေတသိက်သည်၊ဒွေပဉ္စဝိညာဏ်ကြဉ်
သောကာမစိတ်-၄၄-ပါး။ ပဌမဈာန်စိတ်-၁၁-ပါး။ပေါင်း-၅၅-
ပါးသောစိတ်တို့နှင့်၊ တွဲဘက်ယှဉ်ပြိုင်၍ဖြစ်နိုင်ခြင်းကြောင့်။ ဝိ
တက် စေတသိက်သည်း-၅၅-ပါးပင်ရှိချေသည်။ ။ယခင်က၊
လက်ခတ်သံကုန်သွား၍။ကြွင်းကျန်သော၊ ကြေးညည်းသံကဲ့သို့။
ဝိတက်တင်ပေးသော အာရုံ၌၊သုံးသပ်ခြင်းလက္ခဏာရှိသောဝိစာ
ရစေတသိက်သည်။ဝိတက်ယှဉ်သောစိတ်-၅၅-ပါးတွင်။ ဒုတိ
ယဈာန်စိတ်-၁၁-ပါးကို ထည့်ပြန်သဖြင့်၊ ပေါင်း-၆၆-ပါးသော
စိတ်တို့နှင့်၊တွဲဘက်ယှဉ်ပြိုင်၍၊ ဖြစ်နိုင်ခြင်းကြောင့်။ဝိစာရစေတ
သိက်သည်း-၆၆-ပါးပင်ဖြစ်ချေသည်။ ။မတုန်မလှုပ်။ကျောက်
စာတိုင်ကဲ့သို့၊တရားကိုဆုံးဖြတ်သော၊တရားမတ်သူကြီး၏ဥပမာ၊
အာရုံ၌ ဆုံးဖြတ်ခြင်းလက္ခဏာရှိသော အဓိမောက္ခစေတသိက်
သည်။ဒွေပဉ္စဝိညာဏ်တဆယ်။ ဝိစိကိစ္ဆာသဟဂုတ်စိတ်သည်၊
ကြဉ်အပ်သော-၇၈ ပါးသောစိတ်တို့နှင့်၊တွဲဘက်ယှဉ်ပြိုင်၍၊ဖြစ်
နိုင်ခြင်းကြောင့်။အဓိမောက္ခစေတသိက်သည်း-၇၈-ပါးပင်ရှိချေ
သည်။ ။မယိမ်းမယိုင်အောင်အိမ်ကိုထောက်ထားသောကျား
ကဲ့သို့။ ထက္ကဖြစ်သောသမ္ပယုတ်တရားတို့ကို၊ တွန့်တိုဆုတ်နစ်
ခြင်းမရှိရအောင်၊ ထောက်ပံ့ခြင်းလက္ခဏာရှိသော ဝီရိယစေတ
သိက်သည်။ပဉ္စဒွါရာဝဇ္ဇန်း။ဒွေပဉ္စဝိညာဏ်တဆယ်။သမ္ပဋိစ္ဆိုင်း
ခွေ။သန္တီရဏသုံးခု။ပေါင်း-၁၆-ပါးသောစိတ်တို့ကိုကြဉ်၍၊ကြွင်း
သော-၇၃-ပါးသောစိတ်တို့နှင့်၊တွဲဘက်ယှဉ်ပြိုင်၍၊ ဖြစ်နိုင်ခြင်း

ကြောင့်၊ဝီရိယစေတသိက်လည်း-၇၃-ပါးပင်ဖြစ်ချေသည်။ ။ငတ်
မွတ်သောယောကျ်ားသည်၊ပျားကိုမြင်သဖြင့်။ခုံမင်နှစ်သက်ဘိသ
ကဲ့သို့။အာရုံ၌နှစ်သက်ခြင်းလက္ခဏာရှိသောပီတိစေတသိက်သည်
ဒေါသမူစိတ်-၂-ခု။ ဥပေက္ခာသဟဂုတ်စိတ်-၅၅-ခု။ ကာယဝိ
ညာဏ်စိတ်-၂-ခု။ စတုတ္ထဈာန်-၁၁-ခု၊ ဟုဆိုအပ်သော-၇၀-
သောစိတ်တို့သည်ကြဉ်အပ်သော-၅၁-ပါးသောစိတ်တို့နှင့်၊ တွဲ
ဘက်ယှဉ်ပြိုင်၍၊ဖြစ်နိုင်ခြင်းကြောင့်။ပီတိစေတသိက်လည်း-၅၁
ပါးပင်ဖြစ်ချေသည်။ ။လေးသမားယောကျ်ားသည်။ စွန့်လွှတ်
လိုက်ပြီးသောမြားတို့ကိုကောက်ယူခြင်း၌ အလိုရှိရုံမျှဖြစ်ဘိသ
ကဲ့သို့လည်းကောင်း။ စွန့်လွှတ်လှူဒါန်းလိုက်သောလှူဘွယ်ဝတ္ထု
တို့ကို၊အလိုရှိရုံမျှဖြစ်ဘိသကဲ့သို့လည်းကောင်း။ဘုရား၊ရဟန္တာ၊
ပစ္စေကဗုဒ္ဓါတို့၊ဆွမ်းကိုအလိုရှိဘိသကဲ့သို့လည်းကောင်း။အာရုံ
၌ အလိုရှိရုံမျှလက္ခဏာရှိသော ဆန္ဒစေတသိက်သည်။ အဟိတ်
စိတ်-၁၈-ခု။ မောဟမူစိတ်-၂-ခုဟုဆိုအပ်သော-၂၀-သောစိတ်
တို့သည်၊ကြဉ်အပ်သော-၆၉-ပါးသောစိတ်တို့နှင့်၊တွဲဘက်ယှဉ်
ပြိုင်၍၊ဖြစ်နိုင်ခြင်းကြောင့်။ ဆန္ဒစေတသိက်လည်း-၆၉-ပါးပင်ရှိ
ချေသည်။ ။ဤသို့ပြဆိုအပ်ခဲ့ပြီးသော စေတသိက်-၆-ခုတို့သည်။
စိတ်တခုယုတ်ကိုးဆယ်၊အကျယ်-၁၂၁-ပါးတို့နှင့်၊ထိုက်သည်
အားလျော်စွာ။ ပြိုးပြွမ်းပြိုးပြွမ်းအားဖြင့်။ တွဲဘက်ယှဉ်ပြိုင်၍။ဖြစ်
နိုင်ကြခြင်းကြောင့်။ ပကိဏ်းစေတသိက်တို့မည်ကုန်၏။ ။ဤ
သို့သောနည်းအားဖြင့်၊ ပြဆိုအပ်ပြီးသောဖဿအစရှိသော၊သဗ္ဗ
စိတ္တသာဓာရဏ်စေတသိက်-၇-ခု။ ဝိတက်အစရှိသောပကိဏ်း
စေတသိက်-၆-ခု။ နှစ်ရပ်ပေါင်းသော်-၁၃-ပါးသော စေတသိက်
တို့သည်။အကုသိုလ်စိတ်-၁၂-ပါး။အဟိတ်စိတ်-၁၈-ပါးဟုဆို
အပ်သော-၃၀-သော အသောဘဏစိတ်တို့နှင့်ယှဉ်ခိုက်။ သော
ဘဏမှတပါး၊အသောဘဏစိတ်တို့နှင့်တူသည်၏အဖြစ်ကြောင့်
လည်းကောင်း။ တခုယုတ်ခြောက်ဆယ်သော၊ သောဘဏစိတ်
တို့နှင့်ယှဉ်ခိုက်။အသောဘဏမှတပါး၊သောဘဏစိတ်တို့နှင့်၊တူ

သည့်၏အဖြစ်ကြောင့်ရင်း၊ အညသမာန်စေတသိက်တို့မည်ကုန်၏။

အကုသိုလ် စေတသိက်-၁၄-ပါးတို့ဟူသည်။ အဘာယ်နည်းဟူမူကား။ ။လက္ခဏ၊သန်းခေါင်၊မိုးယံမှောင်၊ဥမင်၊လေးအင်သောအင်္ဂါနှင့်ပြည့်စုံသော အမိုက်တိုက်ကဲ့သို့ရင်း။ အဆင်းဟူသမျှကို မြင်တတ်သော၊ စက္ခုပသာဒ်စိတ် မဖြစ်မပေါ်လာရအောင်၊ ဖုံးလွှမ်းကွယ်ကာသောတိမ်သလာကဲ့သို့ရင်း။ အာရုံ၌ဟုတ်မှန်သောသဘောကို သိတတ်သော၊ ဝိဇ္ဇာဉာဏ်အလင်း၊မပေါ်လာစေခြင်းငှာ။ ဖုံးလွှမ်းတွေဝေခြင်းလက္ခဏာရှိသောမောဟစေတသိက်သည်၊အလုံးစုံသောအကုသိုလ်စိတ်-၁၂-ပါးတို့နှင့်၊တွဲဘက်ယှဉ်ပြိုင်၍၊ဖြစ်နိုင်ခြင်းကြောင့်၊ မောဟစေတသိက်လည်း-၁၂-ပါးပင်ရှိချေသည်။ ။မစင်ဘင်ပုပ်မှ၊မစက်ဆုပ်မရွံရှာသောရွာသူတို့၏ဝက်ကဲ့သို့၊ ကာယဒုစ္စရိုက်-၃-ပါး စသည်တို့မှ၊မစက်ဆုပ်-မ ရွံရှာခြင်းလက္ခဏာရှိသော၊ အဟိရိကစေတသိက်သည်၊ အလုံးစုံသော အကုသိုလ်စိတ်-၁၂-ပါးတို့နှင့်၊ တွဲဘက်ယှဉ်ပြိုင်၍၊ ဖြစ်နိုင် ခြင်းကြောင့်၊ အဟိရိက စေတသိက်လည်း။၁၂-ပါးပင်ရှိချေသည်။ ။လောင်ကျွမ်း၊သေပျောက်ရအံ့သည်ကို။ မ ရွံ့ မကြောက်ဘဲ။ မီးရောင်ကို၊ရွှေတောင်မှတ်၍၊တိုးသော ပိုးဖလံမိုက်ကဲ့သို့။ ကာယ ဒုစ္စရိုက်-၃ ပါးစသည်တို့မှ၊ မကြောက်လန့်ခြင်းလက္ခဏာရှိသော၊ အနောတ္တပ္ပစေတသိက်သည်။ အလုံးစုံသောအကုသိုလ်စိတ်-၁၂-ပါးတို့နှင့်၊တွဲဘက်ယှဉ်ပြိုင်၍၊ ဖြစ်နိုင်ခြင်းကြောင့်။ အနောတ္တပ္ပ စေတသိက်လည်း-၁၂-ပါးပင်ရှိချေသည်။ ။လှံတံ၊ကျောက်၊တုတ်ဖြင့်၊ခတ်ပုတ်မိသည်ဖြစ်၍။အထက်သို့လွင့်တတ်သောပြာမှုန်ကဲ့သို့၊စိတ်၏ငြိမ်းခြင်းမရှိဘဲ။ ပျံ့လွင့်၊ ဝေလယ်ခြင်း လက္ခဏာ ရှိသော ဥဒ္ဓစ္စစေတသိက်သည်၊ အလုံးစုံသော အကုသိုလ်စိတ်-၁၂-ပါးတို့နှင့်၊ တွဲဘက်ယှဉ်ပြိုင်၍၊ဖြစ်နိုင်ခြင်းကြောင့်။ ဥဒ္ဓစ္စစေတသိက်လည်း။ ၁၂-ပါးပင်ရှိချေသည်။ ။ဤစေတသိက်-၄-ပါးတို့သည်။အလုံးစုံသော

အကုသိုလ်စိတ်တို့နှင့်ဆက်ဆံသည်ဖြစ်၍။ သဗ္ဗာကုသလ သာ
ဓာရဏစေတသိက်လည်းမည်ကုန်၏။ ။မိမိ၌၊ထိကပ်လာသမျှ
သောဝတ္ထုကို၊ တခုမကျန်အောင်ငြိကပ်၍ထားတတ်သော၊မျော့
နှဲ့စေးကဲ့သို့။ အဇ္ဈတ္တ ကိုယ်ခန္ဓာနှင့်တကွ၊ ဗဟိဒ္ဓအာရုံ၊ကာမ
ဂုဏ်ဝတ္ထု၊ အရပ်ရပ်တို့ကို။တခုမကျန်အောင်။ ငြိကပ်တွယ်တာ၊
သာယာတောင့်တခြင်း လက္ခဏာရှိသော။ လောဘစေတသိက်
သည်။လောဘမူစိတ်-၈-ခုတို့နှင့်သာ၊တွဲဘက်ယှဉ်ပြိုင်၍၊ဖြစ်နိုင်
ခြင်းကြောင့်။လောဘစေတသိက်လည်း-၈-ပါးပင်ရှိချေသည်။ ။
၆ ၂-ပါးအပြားရှိသောအယူသည်သာလျှင်မှန်၏။ တပါးသောအ
ယူသည်မမှန်ဟု။ မှားသောနှလုံးသွင်းခြင်းဖြင့်။ အာရုံ၌ဟုတ်မှန်
သောသဘောကိုစွန့်၍၊ မဟုတ်မမှန်သော ယူခြင်း လက္ခဏာရှိ
သော ဒိဋ္ဌိစေတသိက်သည်။ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်-၄-ခုတို့နှင့်
သာ တွဲဘက်ယှဉ်ပြိုင်၍၊ ဖြစ်နိုင်ခြင်းကြောင့်။ ဒိဋ္ဌိ စေတသိက်
လည်း-၄-ပါးပင်ရှိချေသည်။ ။အထက်၌၊မော်တက် မောက်
ကြွားသော၊တုယင်မှန်ကင်းကဲ့သို့။ ငါသာလျှင်မြတ်၏ဟု၊စိတ်၌
လူတက်မောက်ကြွားခြင်း လက္ခဏာရှိသော မာန စေတသိက်
သည်။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်-၄-ခုတို့နှင့်သာ၊ တွဲဘက်ယှဉ်ပြိုင်
၍၊ ဖြစ်နိုင်ခြင်းကြောင့်။ မာနစေတသိက်လည်း။ ၄-ပါးပင်ရှိချေ
သည်။ ။ဟုတ်ထိသော မြွေဟောက်သည်၊ ပေါက်အံ့သည်
ကိုရည်ရူး၍၊ တဟူးဟူး ယဘိသကဲ့သို့။ ကြမ်းထမ်းထိပါး၊ ပြစ်
မှားခြင်းလက္ခဏာရှိသော၊ဒေါသစေတသိက်သည်။ဒေါသမူစိတ်
၂-ခုတို့နှင့်သာ၊တွဲဘက်ယှဉ်ပြိုင်၍၊ ဖြစ်နိုင်ခြင်းကြောင့်။ ဒေါသ
စေတသိက်လည်း-၂-ပါးပင်ရှိချေသည်။ ။သူတပါးတို့၏၊ချမ်း
သာသည်ကိုမြင်လျှင်။မရှုချင်မကြည်။ ပျက်စီးအံ့သည်ကိုသာရှေး
ရှုလျက်၊ မြူစူစောင်းမြောင်းခြင်း လက္ခဏာရှိသော၊ ဣဿာစေ
တသိက်သည်။ ဒေါသမူစိတ်-၂-ခုတို့နှင့်သာ၊ တွဲဘက်ယှဉ်ပြိုင်
၍ ဖြစ်နိုင်ခြင်းကြောင့်။ ဣဿာစေတသိက်လည်း-၂-ပါးပင်ရှိချေ
သည်။ ။ညှောင်ကြွတ်ပင်၌ရှိသောအသီးအရွက်တို့ကိုနှစ်သက်

တွယ်တာ၍။ ငါ့ဟာ၊ ငါ့ဟာ၊ မြည်တမ်းရှာလျက်။ တပါးသော ဥက်တို့လာမည်ကို၊ ဝန်တိုပိတ်ဆီးသော၊ မယှဥက်ကြီးကဲ့သို့။ မိမိ၌ရှိသောပစ္စည်းဥစ္စာရတနာဟူသမျှကို။ သူတပါးတို့နှင့်မဆက်ဆံရအောင်။ ဝန်တိုပိတ်ပင်၍၊ ချိတ်ငင်ဆွဲထားခြင်းလက္ခဏာရှိသော၊ မစ္ဆရိယစေတသိက်သည်။ ဒေါသမူစိတ် ၂-ခုတို့နှင့်သာ၊ တွဲဘက် ယှဉ်ပြိုင်၍၊ ဖြစ်နိုင်ခြင်းကြောင့်။ မစ္ဆရိယစေတသိက်လည်း-၂-ပါးပင်ရှိချေသည်။ ။ပြုအပ်ပြီးသောဒုစ္စရိုက်၊ သုစရိုက်။ မပြုခဲ့မိသောဒုစ္စရိုက်၊ သုစရိုက်တို့၌၊ ငါပြုခဲ့မိခြင်းသည်၊ မှားလေစွ။ ငါမပြုခဲ့မိခြင်းသည်၊ မှားလေစွ၊ မှားလေစွဟု။ ပူလှသောနှလုံးဖြင့်။ မီးအုံးသောကြိမ့်ညွှန့်ကဲ့သို့၊ တလွန့်လွန့်ဆူလျှံ၍။ ပူပန်ခြင်းလက္ခဏာရှိသော၊ ကုက္ကုစ္စစေတသိက်သည်။ ဒေါသမူစိတ်-၂-ခုတို့နှင့်သာ၊ တွဲဘက်ယှဉ်ပြိုင်၍၊ ဖြစ်နိုင်ခြင်းကြောင့်၊ ကုက္ကုစ္စစေတသိက်လည်း-၂-ပါးပင်ရှိချေသည်။ ။မီးထိသောဆံချည်၊ ကြက်တောင်ကဲ့သို့။ အားမထုတ်လို။ ပျင်းရိတွန့်တိုဆုတ်နစ်၍။ စိတ်၏မခန့်ခြင်းလက္ခဏာရှိသောထိနစေတသိက်သည်။ လောဘမူ သသင်္ခါရိကစိတ်-၄-ခု။ ဒေါသမူ သသင်္ခါရိကစိတ်တခုအားဖြင့်။ ငါးပါးသောသသင်္ခါရိကစိတ်တို့နှင့်၊ တွဲဘက်ယှဉ်ပြိုင်၍၊ ဖြစ်နိုင်ခြင်းကြောင့်။ ထိနစေတသိက်လည်း၊ ငါးပါးပင်ရှိချေသည်။ ။မီးထိသောဆံချည်၊ ကြက်တောင်ကဲ့သို့။ အားမထုတ်လို၊ ငြင်ငြိုယုတ်လျော့၊ ပျင်းရိဆုတ်နစ်၍၊ စေတသိက်တို့၏မခန့်ခြင်း လက္ခဏာ ရှိသောမိဒ္ဓစေတသိက်သည်။ ယခင်၊ သသင်္ခါရိကစိတ်-၅-ခုတို့နှင့်သာ တွဲဘက်ယှဉ်ပြိုင်၍၊ ဖြစ်နိုင်ခြင်းကြောင့်။ မိဒ္ဓ စေတသိက်လည်း-၅-ပါးပင်ရှိချေသည်။ ။သုသာန်၌၊ အိပ်ပျော်သောယောကျ်ားသည်၊ နိုးသောအခါ၊ မိမိဒူးကိုပင်၊ ဘီလူးယောင်၊ ဒူးယောင်ထင်ဘိသကဲ့သို့။ အာရုံ၌။ သို့လော၊ သို့လား၊ ယုံမှားခြင်းလက္ခဏာရှိသောဝိစိကိစ္ဆာစေတသိက်သည်။ ဝိစိကိစ္ဆာသဟဂုတ်စိတ် တခုနှင့်သာ၊ တွဲဘက်ယှဉ်ပြိုင်၍၊ ဖြစ်နိုင်ခြင်းကြောင့်ဝိစိကိစ္ဆာစေတသိက်လည်းတပါးပင်ရှိချေသည်။ ။ဤသို့ပြဆိုအပ်ပြီးသောစေတ

သိက်-၁၄-ပါးတို့သည်။အကုသိုလ်စိတ်-၁၂-ပါးတို့နှင့်သာ၊တွဲဘက်ယှဉ်ပြိုင်၍၊ဖြစ်နိုင်ကြခြင်းကြောင့်။ အကုသိုလ်စေတသိက်တို့မည်ကုန်၏။ ။ရေနွေ၊နွေ့ဝံ့ရှက်၊ လိမ်းကပ်သော၊ ညွန်နှစ်မြူမှုန်တို့ကို၊ ရှုံးနှင်ထုတ်သဖြင့်၊နေ့ဝံသောရေကို၊ ကြည်စေတတ်သောမြမြတ်ရတနာကဲ့သို့။စိတ်ကိုညစ်ညူးစေတတ်သော၊ လောဘစသောအညစ်အကြေးတို့ကို၊ဆေးကြောနှင်ထုတ်သဖြင့်။ ဘုရားအစရှိသောဂုဏ်တို့၌၊စိတ်ကိုကြည်စေခြင်းလက္ခဏာရှိသော၊သဒ္ဓါစေတသိက်သည်းကောင်း။ ။စကြာမင်း၏ဘဏ္ဍာစိုးသည်။ရောက်လာသမျှသောရတနာတို့ကို၊ရေတွက်စောင့်ကြပ်၍အောံမေ့ရဘိသကဲ့သို့။အနုဿတိဆယ်ပါး။ကောင်းမြတ်သောတရားတို့၌သာ၊ပြေးဝင်အောက်မေ့ခြင်း လက္ခဏာရှိသောသတိစေတသိက်လည်းကောင်း။ ။မိမိအမျိုးကိုရှက်သဖြင့်၊ မကောင်းမှုကြဉ်ရှောင်သော အမျိုးကောင်းချွေးမကဲ့သို့။ ကာယဒုစ္စရိုက် စသည်တို့မှ၊ စက်ဆုပ်ခြင်း လက္ခဏာ ရှိသော၊ ဟိရီ စေတသိက်လည်းကောင်း။ ။မိမိအား၊ ကိုယ်ခသွင်းထားသောယောက်ျားကို။ကြောက်သဖြင့်၊ မကောင်းမှုမှ၊ ကြဉ်ရှောင်သော ပြည့်တန်းဆာမကဲ့သို့၊ ကာယဒုစ္စရိုက်စသည်တို့မှ၊ ကြောက်လန့်ခြင်းလက္ခဏာရှိသောဩတ္တပ္ပစေတသိက်လည်းကောင်း။ ။ပဒုမ္မာကြာရွက်၌တင်သောရေသည်၊ရင်းကြာရွက်၌လိမ်းကပ်ခြင်းမရှိဘိသကဲ့သို့ရင်း။မစင်တွင်းသို့ကျရောက်သောယောကျ်ားသည်။ရင်းမစင်တို့၌၊သာယာငြိကပ်ခြင်းမရှိဘိသကဲ့သို့ရင်း။တေဘူမိကသင်္ခါရအာရုံတို့၌ မငြိကပ်မသာယာခြင်း လက္ခဏာရှိသော အလောဘစေတသိက်လည်းကောင်း။ ။သင့်လျော်လျောက်ပတ်သောအဆွေခင်ပွန်းကောင်းကဲ့သို့အာရုံ၌၊မကြမ်းထမ်း၊မပြစ်မှားခြင်းလက္ခဏာရှိသောအဒေါသစေတသိက်လည်းကောင်း။ ။အညီအမျှအားဖြင့်၊ရထားကိုဆောင်သွားသောမြင်း-၂-ကောင်တို့ကို။လျစ်လျူရှုသော ရထားထိန်းယောက်ျားကဲ့သို့။ စိတ်စေတသိက်တရားတို့ကို။အညီအမျှ၊လျစ်လျူရှုခြင်းလက္ခဏာရှိသောတတြမ

ဖြစ်တတ္တာစေတသိက်လည်းကောင်း။ ။စေတသိက်တို့၏ပူပန်ခြင်းမှ၊ ငြိမ်းစေခြင်းလက္ခဏာရှိသော၊ ကာယပဿဒ္ဓိစေတသိက်လည်းကောင်း။ ။စိတ်တို့၏ပူပန်ခြင်းမှ ငြိမ်းစေခြင်းလက္ခဏာရှိသောစိတ္တပဿဒ္ဓိစေတသိက်လည်းကောင်း။ ။စေတသိက်တို့၏၊ ပေါ့ပါးခြင်း လက္ခဏာရှိသော၊ ကာယလဟုတာ စေတသိက်လည်းကောင်း။ ။စိတ်တို့၏ပေါ့ပါးခြင်းလက္ခဏာရှိသောစိတ္တလဟုတာစေတသိက်လည်းကောင်း။ ။စေတသိက်တို့၏၊ ခက်ထန်ခြင်းမှ၊ ပျောင်းပြောင်းစေခြင်းလက္ခဏာရှိသော၊ ကာယမုဒုတာစေတသိက်လည်းကောင်း။ ။စိတ်တို့၏ခက်ထန်ခြင်းမှ၊ နူးညံ့ပျောင်းပြောင်းစေခြင်း လက္ခဏာ ရှိသော၊ စိတ္တမုဒုတာ စေတသိက်လည်းကောင်း။ ။စေတသိက်တို့၏မခန့်ခြင်းမှ၊ ငြိမ်းစေခြင်း လက္ခဏာရှိသော၊ ကာယကမ္မညတာ စေတသိက် လည်းကောင်း။ ။စိတ်တို့၏မခန့်ခြင်း၊ ငြိမ်းစေခြင်း လက္ခဏာရှိသော၊ စိတ္တကမ္မညတာ စေတသိက်လည်းကောင်း။ ။ကာယပါဂုညတာ။ စေတသိက်တို့၏ ကျင်နာသောအဖြစ်မှ၊ ငြိမ်းခြင်းလက္ခဏာရှိသော ကာယပါဂုညတာ စေတသိက်လည်းကောင်း။ ။စိတ္တပါဂုညတာ။ စိတ်တို့၏။ ကျင်နာသောအဖြစ်မှ၊ ငြိမ်းခြင်း လက္ခဏာရှိသော စိတ္တပါဂုညတာ စေတသိက်လည်းကောင်း။ ။ကာယုဇုကတာ။ စေတသိက်တို့၏၊ ဖြောင့်မတ်ခြင်းလက္ခဏာရှိသောကာယုဇုကတာ စေတသိက်လည်းကောင်း။ ။စိတ္တုဇုကတာ။ စိတ်တို့၏ဖြောင့်မတ်ခြင်းလက္ခဏာရှိသော စိတ္တုဇုကတာစေတသိက်လည်းကောင်း။ ။ဤဆိုအပ်ခဲ့ပြီးသော၊ နှစ်ခုနှစ်ခုတွဲလျက်ရှိသော စေတသိက်တို့သည်။ ချွတ်ချယ်ခြင်း စသည်တို့ကိုပြုခြင်းကြောင့်။ ဓာတ်ချော်ချွားခြင်းတို့နှင့်၊ ဆန့်ကျင်ဘက်ဖြစ်သောအကြောင်း သမုဋ္ဌာန်တို့တည်း။ ။သဒ္ဒါအစရှိသောဤစေတသိက်-၁၉-ပါးတို့သည်။ ကာမာဝစရသောဘဏစိတ်-၂၄-ပါး။ ရူပါဝစရစိတ်-၁၅-ပါး။ အရူပါဝစရစိတ်-၁၂-ပါး။ လောကုတ္တရာစိတ်-၈-ပါးဟုဆိုအပ်သော၊ သောဘဏစိတ်တ

ခုယုတ်ခြောက်ဆယ်။ အကျယ်-၈၁-ပါးသောစိတ်တို့နှင့်၊ တွဲဘက်
ယှဉ်ပြိုင်၍၊ ဖြစ်နိုင်ခြင်းကြောင့်။ ၎င်း-၁၈-ပါးသောစေတသိက်
တို့လည်း၊ ယှဉ်ရာစိတ်ကိုလိုက်၍၊ တခုယုတ်-၆၀။ အကျယ်-၈၁-
ပါးစီ။ အသီးအသီးရှိကြကုန်သည်။ ။ဤစေတသိက်-၁၈-ပါးတို့
သည်။ သောဘဏစိတ်-တခုယုတ်-၆၀။ အကျယ်-၈၁-ပါးတို့
နှင့်၊ ဆက်ဆံကြကုန်သည်ဖြစ်၍။ သောဘဏသာဓာရဏ စေတ
သိက်လည်းမည်ကုန်၏။ ။အသက်မွေးလို၊ ဥစ္စာရလိုသော အ
ကြောင်းမရှိဘဲလျက်၊ သက်သက်အားဖြင့်။ ပြောဆိုပြုမူသော၊ မု
သာဝါဒစသောဝစီဒုစ္စရိုတ် ၄-ပါးတို့ကို။ ယနေ့မှစ၍၊ မပြောမဆို
တော့ပါပြီဟု၊ ကြဉ်ရှောင်သော ခဏ၌၊ ကျရောက် ဖြစ်ပေါ်လာ
သည်ဖြစ်၍။ ဝစီဒုစ္စရိုတ်-၄-ပါးတို့မှကြဉ်ရှောင်ခြင်း လက္ခဏာရှိ
သော၊ သမ္မာဝါစာ ဝိရတီစေတသိက် လည်းကောင်း။ ။အသက်
မွေးလို၊ ဥစ္စာရလိုသောအကြောင်းမရှိဘဲလျက်၊ သက်သက်အား
ဖြင့်၊ ပြုလုပ်အားထုတ်သော၊ ပါဏာတိပါတစသောကာယဒုစ္စ
ရိုတ်-၃-ပါး တို့ကို။ ယနေ့မှစ၍၊ မပြုမလုပ်တော့ ပါပြီဟု၊ ကြဉ်
ရှောင်သောခဏ၌။ ကျရောက်ဖြစ်ပေါ်လာသည်ဖြစ်၍။ ကာယဒုစ္စရိုတ်
၃-ပါးတို့မှ၊ ကြဉ်ရှောင်ခြင်းလက္ခဏာရှိသော၊ သမ္မာကမ္မန္တ ဝိရ
တီစေတသိက်လည်းကောင်း။ ။အသက်မွေးလို၊ ဥစ္စာရလိုသည်
ဖြစ်၍၊ ပြုလုပ်ပြောဆို၍နေသော၊ ၎င်းကာယဒုစ္စရိုတ်-၃-ပါး။ ဝစီ
ဒုစ္စရိုတ်-၄-ပါးဟုဆိုအပ်သော-၇-ပါးသောဒုစ္စရိုတ်တို့ကို၊ ယနေ့
မှစ၍၊ ပြောဆိုပြုလုပ်၍၊ အသက်မမွေးတော့ပါပြီဟု၊ ကြဉ်ရှောင်
သောခဏ၌၊ ကျရောက်ဖြစ်ပေါ်လာသည်ဖြစ်၍။ ၎င်း ကာယဒုစ္စ
ရိုတ်-၃-ပါး။ ဝစီဒုစ္စရိုတ်-၄-ပါးဟုဆိုအပ်သော ဒုစ္စရိုတ်-၇-ပါး
တို့ကို၊ ကြဉ်ရှောင်ခြင်းလက္ခဏာရှိသောသမ္မာအာဇီဝဝိရတီစေ
တသိက်လည်းကောင်း။ ။ဤဝိရတီစေတသိက်-၃-ပါးတို့သည်၊
ကာမာဝစရမဟာကုသိုလ်-၈-ခု။ လောကုတ္တရာစိတ်-၈-ခုအား
ဖြင့်။ ၁၆-ပါးသောစိတ်တို့နှင့်၊ တွဲဘက်ယှဉ်ပြိုင်၍၊ ဖြစ်နိုင်ခြင်း
ကြောင့်။ ဝိရတီ စေတသိက်တို့သည်။ ၁၆-ခု-၃-ထိပင် ရှိချေ

သည်။ ။သူတပါးတို့၏ဆင်းရဲသည်ကို။ ပယ်လိုသည်ဖြစ်၍၊ သူတပါးတို့အား၊ သနားခြင်းလက္ခဏာရှိသော ကရုဏာစေတသိက်လည်းကောင်း။ ။သူတပါးတို့၏၊စည်းစိမ်နှင့်တကွ၊ချမ်းသာစွာနေသည်ကိုမြင်လျှင်။ ရွှင်ကြည် ဝမ်းမြောက်သည်ဖြစ်၍၊ ထိုစည်းစိမ်မှ၊ မရွေ့လျောစေလိုခြင်း လက္ခဏာရှိသောမုဒိတာစေတသိက်လည်းကောင်း။ ။ဤစေတသိက်-၂-ပါးတို့သည်။ အတိုင်းမသိမရေတွက်နိုင်သော သတ္တဝါ ပညတ်လျှင် အာရုံရှိသောကြောင့်။ အပ္ပမညာစေတသိက်တို့မည်ကုန်၏။ ။ဧင်းအပ္ပမညာစေတသိက်-၂-ပါးတို့သည်။ ရူပါဝစရပဥ္စမဈာန်၊ ဒုတိယဈာန်၊တတိယဈာန်၊စတုတ္ထဈာန်အားဖြင့်။ ကုသိုလ်၌-၄-ပါး။ ဝိပါက်၌-၄-ပါး။ ကြိယာ၌-၄-ပါး။ ပေါင်းသောမနသာ-၁၂-ပါး။ ကာမာဝစရမဟာကုသိုလ်-၈-ပါး။ကာမာဝစရမဟာကြိယာ-၈-ပါး။ပေါင်း-၁၆-ပါး။ယခင်၊ရူပါဝစရ-၁၂-ပါးနှင့်ပေါင်းသော်။ ၂၈-ပါးသောစိတ်တို့နှင့်၊တွဲဘက်ယှဉ်ပြိုင်၍၊ဖြစ်နိုင်ခြင်းကြောင့်။ အပ္ပမညာ စေတသိက်-၂-ပါး တို့လည်း-၂၈-ပါး စိပင် ရှိချေသည်။ ။ဟုတ်မှန်တိုင်းသော သဘောတရားတို့ကို ပိုင်းခြား၍ သိခြင်း၊ အနိစ္စ အစရှိသောလက္ခဏာကို၊ ပိုင်းခြားခြင်းလက္ခဏာရှိသောပညိန္ဒြေစေတသိက်သည်။ကာမာဝစရဉာဏသမ္ပယုတ်စိတ်-၁၂-ပါး။ရူပါဝစရစိတ်-၁၅-ပါး။အရူပါဝစရစိတ်-၁၂-ပါး။ လောကုတ္တရာစိတ်-၈-ပါး။ ပေါင်း-၄၇-ပါးသောစိတ်တို့နှင့်၊တွဲဘက်ယှဉ်ပြိုင်၍၊ ဖြစ်နိုင်ကြခြင်းကြောင့်။ ပညိန္ဒြေ စေတသိက်လည်း-၄၇-ပါးပင်ရှိချေသည်။ ။ဤသို့လျှင် ဆိုအပ်ပြီးသော၊ သဒ္ဓါအစ၊ ပညိန္ဒြေအဆုံးရှိသော-၂၅-ပါးသောစေတသိက်တို့သည်။သောဘဏစိတ်၊တရယုတ်-၆၀။အကျယ်-၉၁-ပါးသောစိတ်တို့နှင့်သာ။ ထိုက်သည်အား လျော်စွာ၊ တွဲဘက်ယှဉ်ပြိုင်၍၊ ဖြစ်နိုင်ကြခြင်းကြောင့်၊သောဘဏစေတသိက်တို့မည်ကုန်၏။ ။ယခင်ပြဆိုအပ်ခဲ့ပြီးသော အညသမာန်စေတသိက်-၁၃-ပါး။အကုသိုလ်စေတသိက်-၁၄-ပါး။သောဘဏစေတသိက်-၂၅-ပါး။

ပေါင်း-၅၂-ပါးသောစေတသိက်တရားတို့သည်။ဖြစ်ခြင်း ပျက်ခြင်းအားဖြင့်၎င်း။ မှီရာဝတ္ထု ရုပ်အားဖြင့် ၎င်း။ ဖြစ်ရာဒွါရအားဖြင့်၎င်း။ အာရုံပြုအားဖြင့်၎င်း။ ဖြစ်ရာဘုံအားဖြင့် ၎င်း။ ဖြစ်ရာပုဂ္ဂိုလ်၏သန္တာန်အားဖြင့်၎င်း။အကျိုးပေးအားဖြင့်၎င်း။ နာမ်အားဖြင့်၎င်း။မိမိတို့ယှဉ်ရာစိတ်နှင့်၊တူမျှသောဖြစ်ခြင်းရှိကြကုန်၏။ ။ အညသမာန်စေတသိက်-၁၃-ပါးတို့သည်။အကုသိုလ်စိတ်တို့နှင့်ယှဉ်သောအခါ၊ အကုသိုလ်စင်စစ်၊ အကြောင်းဖြစ်သောစေတသိက်တို့မည်ကုန်၏။ ။ဝိပါက်စိတ်တို့နှင့်ယှဉ်သောအခါ။ဝိပါက်စင်စစ်၊အကျိုးဖြစ်သောစေတသိက်တို့မည်ကုန်၏။ ။ကြိယာစိတ်တို့နှင့်ယှဉ်သောအခါ။အကျိုးလည်းမဟုတ်၊အကြောင်းလည်း မဟုတ်သောစေတသိက်တို့မည်ကုန်၏။ ။အကုသိုလ်စေတသိက်-၁၄-ပါးတို့သည်၊အကုသိုလ်စိတ်-၁၂-ပါးတို့နှင့်သာယှဉ်၍ဖြစ်ကောင်းသောကြောင့်။ အကုသိုလ်စင်စစ်။ အကြောင်းဖြစ်သောစေတသိက်တို့မည်ကုန်၏။ ။သောဘဏစေတသိက်တို့တွင်။ သဒ္ဓါစေတသိက်သည်။ကုသိုလ်စိတ်နှင့်ယှဉ်သောအခါ။ကုသိုလ်စင်စစ်၊အကြောင်းဖြစ်သောသဒ္ဓါစေတသိက်မည်၏။ ။ဝိပါက်စိတ်တို့နှင့်ယှဉ်သောအခါ။ဝိပါက်စင်စစ်၊ အကျိုးဖြစ်သောသဒ္ဓါစေတသိက်မည်၏။ ။ကြိယာစိတ်တို့နှင့်ယှဉ်သောအခါ။အကျိုးလည်းမဟုတ်။ အကြောင်းလည်းမဟုတ်။ ကြိယာသဒ္ဓါ စေတသိက်မည်၏။ ။ကြွင်းသော ၁၈ တိအစရှိသော-၁၈-ပါးသော၊ သောဘဏသာဓာရဏစေတသိက်တို့၌လည်း၊ ဤနည်းအတိုင်း ပင်ဖြစ်ကြကုန်၏။ ။အပ္ပမညာစေတသိက်-၂-ပါးတို့သည်။ရူပါဝစရ-ကုသိုလ် သောမနဿ-၄-ခု။ ကာမာဝစရကုသိုလ်-၈-ခုတို့နှင့်ယှဉ်သောအခါ။အကြောင်းစင်စစ်၊ကုသိုလ်အပ္ပမညာစေတသိက်ဖြစ်ကုန်၏။ ။ရူပါဝစရကြိယာသောမနဿ-၄-ခု။ ကာမာဝစရ ကြိယာ-၈-ခုတို့နှင့် ယှဉ်သောအခါ။ အကြောင်းလည်းမဟုတ်၊အကျိုးလည်းမဟုတ်သော၊ ကြိယာအပ္ပမညာစေတသိက်ဖြစ်ကုန်၏။ ။ရူပါဝစရဝိပါက်၊သောမနဿ-၄-ခုတို့

နှင့်ယှဉ်သောအခါ။အကျိုးစင်စစ်၊ဝိပါက်အပ္ပမညာဖြစ်ကုန်၏။ ။ဝိရတိ စေတသိက်-၃-ခုတို့သည်၊ ကာမာဝစရကုသိုလ်-၈-ခု။လောကုတ္တရာမဂ်ကုသိုလ်-၄-ခုတို့နှင့်ယှဉ်သောအခါ။အကြောင်းစင်စစ်။ကုသိုလ်ဝိရတိဖြစ်ကုန်၏။ ။လောကုတ္တရာဖိုလ်စိတ်-၄-ခုနှင့်ယှဉ်သောအခါ။အကျိုးစင်စစ်၊ဝိပါက်ဝိရတိဖြစ်ကုန်၏။ ။ကြိယာဝိရတိမရှိ။ ။ပညိန္ဒြေစေတသိက်သည်။ ကာမာဝစရဉာဏသမ္ပယုတ်ကုသိုလ်-၄-ခု။ရူပါဝစရကုသိုလ်-၅-ခု။အရူပါဝစရကုသိုလ်-၄-ခု။ လောကုတ္တရာမဂ်ကုသိုလ်-၄-ခုတို့နှင့်ယှဉ်သောအခါ။အကြောင်းစင်စစ်၊ကုသိုလ်ပညာဖြစ်၏။ ။ကာမာဝစရဝိပါက်ဉာဏသမ္ပယုတ်-၄-ခု။ရူပါဝစရဝိပါက်-၅-ခု။အရူပါဝစရ ဝိပါက်-၄-ခု။ လောကုတ္တရာ၊ ဖိုလ်၊ ဝိပါက်-၄-ခုတို့နှင့်ယှဉ်သောအခါ။ အကျိုးစင်စစ်၊ဝိပါက်ပညာဖြစ်၏။ ။ကာမာဝစရကြိယာဉာဏသမ္ပယုတ်-၄-ခု။ရူပါဝစရကြိယာ-၅-ခု။အရူပါဝစရကြိယာ-၄-ခုတို့နှင့်ယှဉ်သောအခါ။အကျိုးလည်းမဟုတ်၊အကြောင်းလည်းမဟုတ်သော၊ကြိယာပညာမည်၏။ ။၎င်းစေတသိက်-၅၂-ပါးတို့သည်၊ မိမိတို့ယှဉ်ရာဖြစ်သော စိတ်နှင့်တကွနက်၊တွဲဘက်၍အာရုံတခုကို၊ အာရုံပြုလျက်၊ ဖြစ်ပျက်ကြပုံအဓိပ္ပါယ်သဘောကို။ နောနော၊နစ်နစ်။အဆီကိုစစ်ပြီးလျှင်။အနှစ်ကိုပြလိုက်ဦးအံ့။ ။ယခုပစ္စုပ္ပန်ဘဝအာရုံ၊မထင်မရောက်လာခင်။အတိတ်ဘဝက၊အာရုံကိုအာရုံပြုသဖြင့်။ ဘဝင်အလျဉ်ဖြစ်၍နေစဉ်။လှပတင့်တယ်။ရှုချင်ဘွယ်သောရူပါရုံအရိပ်သည်။မျက်လုံးအိမ် အတွင်း၌ရှိသော စက္ခုပသာဒရုပ် အကြည်အားအရိပ်အရောင်ဟပ်၍၊ရှေးရှုတော်လျော်ကြသည်ရှိသော်။၎င်းရူပါရုံလည်း ဥပါဒ်ဖြစ်ပေါ်ဆဲ။ စက္ခုပသာဒရုပ်ကြည်ကလည်း ဥပါဒ်ဖြစ်ပေါ်ဆဲ။အတိတဘဝင်စိတ်ကလည်းဥပါဒ်ဖြစ်ပေါ်ဆဲ။တရား-၃-ပါးတို့၊ အဖြစ်ပြိုင်၍ပေါ်လာကြသည်ရှိသော်။ အတိတဘဝင်စိတ်သည်။နာမ်ဖြစ်ခြင်းကြောင့်၊ အသက်တိုသဖြင့်၊ ကွယ်လွန်ချုပ်ဆုံး၍သွားလေ၏။ရူပါရုံ၊စက္ခုပသာဒတို့မချုပ်ကြသေး။၎င်း

အတီတဘဝင်ချုပ်ပြီးသည့်နောက်။ စလနဘဝင်တကြိမ်။ ၎င်း
နောက်ဘဝင်္ဂုပစ္ဆေဒ၊ တကြိမ်ချုပ်၍ ဘဝင်ပြတ်လေ၏။ ထို့
နောင်၊ ယခုပစ္စုပ္ပန်၌ထင်လာသော၊ ရူပါရုံသစ်ကိုအာရုံပြု၍၊ ပဉ္စ
ဒွါရာဝဇ္ဇန်းစိတ်သည်၊ မသင့်သောနှလုံးသွင်းခြင်းဖြင့်၊ နှလုံးသွင်း
လျက်ချုပ်လေ၏။ ထို့နောင်၊ ၎င်းရူပါရုံသစ်ကိုအာရုံပြုလျက်၊ မြင်
တတ်သော စက္ခုဝိညာဏ်စိတ်သည်။ တကြိမ်ဖြစ်၍ချုပ်လေ၏။
ထို့နောင်၊ ၎င်းရူပါရုံသစ်ကိုအာရုံပြု၍။ ခံလင့်သိမ်းပိုက်ခြင်းကိစ္စ
ကိုပြီးစေလျက်။ သမ္ပဋိစ္ဆိုင်းစိတ်သည်။ တကြိမ်ဖြစ်၍ချုပ်လေ၏။
ထို့နောင်၊ ၎င်းရူပါရုံသစ်ကိုအာရုံပြု၍၊ စုံစမ်းခြင်းကိစ္စကိုပြီးစေ
လျက်၊ သန္တီရဏစိတ်သည်၊ တကြိမ်ဖြစ်၍ချုပ်လေ၏။ ထို့နောင်၊
၎င်းရူပါရုံကို၊ သာယာနှစ်သက်သည်ဖြစ်အံ့။ လောဘမူစိတ်-၈-
ခုတို့တွင်။ သောမနဿသဟဂုတ်၊ ဒိဋ္ဌိဂတသမ္ပယုတ်၊ အသင်္ခါရိ
ကစိတ်သည်။ အဟုန်နှင့်တကွ-၇-ကြိမ်ထပ်၍၊ စောတတ်သော၊
ဇောကိစ္စကိုပြီးစေလျက်ချုပ်လေ၏။ ထို့နောင်၊ ဇော၏အတု၊ ရူပါ
ရုံကိုအာရုံပြုလျက်။ တဒါရုံဝိပါက်စိတ်-၂-ကြိမ်ဖြစ်၍ ချုပ်လေ
၏။ ။ ထို့နောင်၊ အတီတဘဝင်စိတ်မှစ၍။ ဒုတိယတဒါရုံသို့ကျ
လျှင်၊ စိတ္တက္ခဏ-၁၇-ချက်စေ့ပြီဖြစ်သောကြောင့်။ ရူပါရုံ၊ စက္ခုပ
သာဒတို့လည်းချုပ်ကြကုန်၏။ ဤစက္ခုဒွါရဝိထိ၌။ ရူပါရုံကိုသာ
ယာနှစ်သက်၍။ ၎င်းသောမနဿသဟဂုတ်၊ ဒိဋ္ဌိဂတသမ္ပယုတ်၊
အသင်္ခါရိကစိတ်-၇-ကြိမ်ဖြစ်၍ချုပ်ရာ။ မိမိချည်းမဟုတ်။ တွဲ
ယှဉ်လျက်ပါသောအဘော်သမ္ပယုတ်တရားတို့သည်ကား။ ဖဿ၊
အစရှိသောအညသမာန်စေတသိက်-၁၃-ပါး။ မောဟ၊ အဟိရိ
က၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ လောဘ၊ ဒိဋ္ဌိ ဟုဆိုအပ်သောအကုသိုလ်
စေတသိက်-၆-ပါး။ ပေါင်းသမ္ပယုတ်တရား-၁၉-ပါးတို့တွင်၊ ယ
ခင်က၊ လောဘမူစိတ်တခုကိုထည့်၍-၂၀-သောတရားတို့သည်။
ဖြစ်ရှုပျက်မှုရူပါရုံကိုအာရုံပြု၍။ ၇-ကြိမ်ဖြစ်ကြရာ။ ပဉ္စမဇောတ
ကြိမ်၌။ သောမနဿသဟဂုတ်၊ ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိ
ကစိတ်ဝိညာဏ်သည်။ ၎င်းရူပါရုံကိုသိခြင်းငြိတွယ်ခြင်းကိစ္စ။ ဗ

သသစေတသိက်သည်။စိတ်ဆိုသည်ထက်ပိုမို၍တွေ့ထိခြင်းကိစ္စ။
သောမနဿဝေဒနာစေတသိက်သည်။ ဝမ်းမြောက်ဝမ်းသာ၊ ရူ
ပါရုံကို ခံစားခြင်းကိစ္စ။ သညာစေတသိက်သည်။ ၎င်းရူပါရုံကို
မှတ်ခြင်းကိစ္စ။ စေတနာစေတသိက်သည်၊ အဘော်ဖြစ်သောတ
ရားတို့ကို၊စေ့ဆော်၍ပေးခြင်းကိစ္စ။ ဧကဂ္ဂတာစေတသိက်သည်။
တကွဖြစ်သော သမ္ပယုတ်တရားတို့ကို။ ၎င်းရူပါရုံတခုထည်း၌
ထားခြင်းကိစ္စ။ ဇီဝိတိန္ဒြေစေတသိက်သည်၊ တကွဖြစ်သောတ
ရားတို့ကိုစောင့်ရှောက်ခြင်းကိစ္စ။မနသိကာရစေတသိက်သည်၊
တကွဖြစ်သောတရားတို့ကို၊ ညီမျှအောင်နှလုံးသွင်းခြင်းကိစ္စ။ ဝိ
တက်စေတသိက်သည်။တကွဖြစ်သောတရားတို့ကို။ ၎င်းရူပါရုံ
သို့တင်ပေးခြင်းကိစ္စ။ဝိစာရစေတသိက်သည်။ ၎င်းရူပါရုံကို၊သုံး
သပ်ခြင်းကိစ္စ။အဓိမောက္ခစေတသိက်သည်။ ဆုံးဖြတ်တည့်မတ်
ခြင်းကိစ္စ။ပီတိစေတသိက်သည်။၎င်းရူပါရုံကို၊နှစ်သက်ခြင်းကိစ္စ။
ဝိရိယစေတသိက်သည်၊တကွဖြစ်သောတရားတို့ကို။ ၎င်းရူပါရုံ
ကိုအာရုံပြုခြင်း၌တွန့်တိုခြင်းမရှိရအောင်။ ထောက်ပံ့ခြင်းကိစ္စ။
ဆန္ဒစေတသိက်သည်။၎င်းရူပါရုံကိုလိုချင်ရုံမတ္တကိစ္စ။မောဟစေ
တသိက်သည်။ ၎င်းရူပါရုံကိုခံစားခြင်း၌ အဖြစ်မမြင်အောင်ဖုံး
လွှမ်းခြင်းကိစ္စ။ အဟိရိကစေတသိက်သည်။ ၎င်းရူပါရုံကိုခံစား
ခြင်း၌၊မစက်ဆုပ်ခြင်းကိစ္စ။အနောတ္တပ္ပစေတသိက်သည်။ ၎င်းရူ
ပါရုံကိုခံစားခြင်း၌ မကြောက်မလန့်ခြင်းကိစ္စ။ ဥဒ္ဓစ္စစေတသိက်
သည်။မငြိမ်းခြင်းပျံ့လွင့်ခြင်းကိစ္စ။ လောဘစေတသိက်သည်။
၎င်းရူပါရုံကိုသာယာငြိကပ်ခြင်းကိစ္စ။ဒိဋ္ဌိစေတသိက်သည်။၎င်း
ရူပါရုံကိုခံစားခြင်း၌၊ အဖြစ်မရှိဟု၊ မှားသောအားဖြင့်၊ ယူခြင်း
ကိစ္စ။ ။၎င်းပြဆိုခဲ့ပြီးသော-၂၀-သော သဘောဝတ္ထုအစုအဝေး
တို့သည်မိမိတို့၏ သဘောကိစ္စကို။ အသီးအသီးဆောင်ရွက်ကြ
ပြီးလျှင်။၎င်းရူပါရုံကိုအာရုံပြုလျက်။ ပဌမဇောတကြိမ်ဖြစ်ပျက်
ကြသောအခိုက်ကာလသည်။လက်ဖျစ်တတွက်အခိုက်ကာလကို။
အစိတ်ပေါင်း၊ ကုဋေတသိန်းစိတ်၍။ တစိတ်ခန့်ကာလမျှ။ တည်

နှုန်းကြပြီးမှ။ ကွယ်လွန်ချုပ်ဆုံး၍ပျောက်ကြလေကုန်၏။ ဒုတိယ ဇောစိတ်လည်း၊ ယခင်-၁၉-ပါးသောသမ္ပယုတ်တရားနှင့်တကွ-၂၀-မျှသော သဘောဝတ္ထု၊အစုအဝေးတို့သည်၊ အသစ်တဘန် ဖြစ်ပေါ်လာကြပြန်၍။ ၎င်းရုပ်ပါရုံကိုပင်အာရုံပြုလျက်။ ယခင်ပြခဲ့ပြီး သောအခိုက်ကာလမျှ၊ တည်နှုန်းကြပြီးမှ။ ကွယ်လွန်ချုပ်ဆုံးကြ ပြန်ကုန်၏။ တတိယစသော-၅-ကြိမ်သောဇောစိတ်တို့လည်း၊ ယခင်-၁၉-ပါးသော သမ္ပယုတ်တရားတို့နှင့်တကွ။ ၂၀-၂၀-တွဲ လျက်၊ တွဲလျက်။ လက်ခနဲ့လက်ခနဲ့။ အသစ်အသစ်ရုပ်ပါရုံတခုကို ပင်အာရုံပြုလျက်ဖြစ်ပြီးမှ။ ကွယ်လွန်ချုပ်ဆုံး၍၊ ပျောက်ကြလေ ကုန်၏။ ။ဤသို့သောနည်းအားဖြင့်၊ သောမနဿသဟဂုတ်၊ ဉာဏ ဂတသမ္ပယုတ်၊ အသင်္ခါရိကဇောစိတ်တခုသည်။ ယခင်ပြခဲ့သော၊ ဖဿ စသော-၁၉- ပါးသောသမ္ပယုတ်တရားနှင့်တကွ။ ၂၀-မျှ သောသဘောဝတ္ထု၊ စုဝေးလျက်။ ၇-ကြိမ်မျှဖြစ်၍ဖြစ်၍၊ ပျက်ကြ သောကာလသည်။ ယခင်ပြခဲ့သော၊ လယ်ဖျစ်တတွက်ကို။ အစိတ် ကုဋေတသိန်းစိတ်၍။ ၇-စိတ်ခန့်မျှလောက်သာရှိ၏၊ အလွန်ပင်မြန် လှ၏။ ။ဌက်ပျောဖပ်တို့ကို။ ကုဋေတသန်းမျှလောက်၊ ထပ်၍ ထားရာ။ မိုးယံကြိုးလက်နက်ဖြင့်၊ တချက်တည်းပစ်လိုက်လျှင်။ ၎င်းကုဋေတသန်းမျှလောက်သော ဌက်ပျောဖပ်ထပ်သည်။ မျက် စိတမှိတ်အခိုက်၌၊ တပြိုင်နက်၊ တချက်ထည်းပေါက်သွားလေ၏။ ယင်းကဲ့သို့ပေါက်သွားသော်လည်း၊ တပြိုင်နက်ပေါက်သွားသည် မဟုတ်။ တဖပ်ပေါက်ပြီးမှ၊ တဖပ်ပေါက်သည်ကို။ အဟုန်နှင့် တကွ၊ အလွန်မြန်လှ၍၊ တပြိုင်နက်ပေါက်သွားသည်ဟု၊ ထင်ကြ ရဘိသကဲ့သို့ ထို့အတူ၊ အဟုန်နှင့်တကွ၊ ရုပ်ပါရုံတခုကို၊ ထပ်ခါ ထပ်ခါ၊ အာရုံပြုလျက်။ ၇-ကြိမ်စောသောဇောစိတ်သည်။ ပဌမ ဇောတကြိမ်ဖြစ်၍ချုပ်ပြီးမှ၊ ဒုတိယဇောတကြိမ်ဖြစ်၍ ချုပ်သ ဖြင့်။ ၇-ကြိမ်ဖြစ်-ချုပ်ကြသောကာလသည်။ ယခင်ပြခဲ့သောလက် ဖျစ်တတွက်အခိုက်ကို။ ကုဋေတသိန်းစိတ်၍။ ၇-စိတ်ခန့်မျှကာလ ကြာ၏။ အလွန်မြန်လှ၏။ ။၎င်းနောက်။ ပဉ္စပြန်ရုပ်ပါရုံသည်။ စိတ္တ

က္ခဏာ-၁၇-ချက်စေ့သဖြင့်။ ဒုတိယတဒါရုံ၏ဘဝင်နှင့်ပြိုင်၍ ချုပ်လေ၏။၎င်းတဒါရုံနောင်၊ ဘဝင်ထိုက်သည့်အားလျော်စွာဖြစ်ပြီးသည့်နောက်။ချုပ်လေပြီးသောအတိတ်ရူပါရုံကိုအာရုံပြုလျက်။မသင့်သောနှလုံးသွင်းခြင်းဖြင့်၊အာဝဇ္ဇန်းကိစ္စကိုပြီးစေလျက်။မနောဒွါရာဝဇ္ဇန်းစိတ်၊ တကြိမ်ဖြစ်၍ချုပ်လေ၏။ ထိုယခင်သောမနသသဟဂုတ်၊ဒိဋ္ဌိဂတသမ္ပယုတ်၊အသင်္ခါရိကစိတ်သည်။ယခင်သမ္ပယုတ်တရား-၁၉-ပါးနှင့်တကွ။ ၂၀-မျှသော သဘောဝတ္ထုတို့သည်။အသစ်ဥပါဒ်ဖြစ်ပေါ်တဲ့၍။၎င်းအတိတ်ရူပါရုံကိုအာရုံပြုသဖြင့်၊အဟုန်နှင့်တကွ။၇-ကြိမ်စောကြပြီးလျှင်၊ယခင်ပြခဲ့သောအခိုက်အတန့်ကာလမျှ၊ တည်နားလျက်။ ချုပ်ဆုံးကွယ်လွန်ကြပြန်ကုန်၏။ထို့နောင်တဒါရုံဝိပါက်-၂-ကြိမ်။ထို့နောင်၊ဘဝင်ထိုက်သည့် အားလျော်စွာဖြစ်၍ တဝိထိဆုံးပြန်၏။ ဤမနောဒွါရဝိထိသည်။ ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုလျက်ဖြစ်သော စက္ခုဒွါရဝိထိနောင်။အစဉ်လိုက်၍ဖြစ်သောကြောင့်။တဒနုဝတ္တကမနောဒွါရဝိထိဟုခေါ်သည်။ ။ထို့နောင်။ ၎င်းချုပ်လေပြီးသောအတိတ်ရူပါရုံကိုပင်၊စိတ်ထဲ၌ထင်မြင်လျက်။တနာရီ၊ ၂-နာရီ၊တနေ့၊ တညစသည်ဖြင့်၊သာယာတောင့်တ၊နှစ်သက်စွဲလမ်း၍။တတန်းတန်းနေသည်ဖြစ်အံ့။ ။ဘဝင်ပြတ်ထည့်၍၊ အတိတ်ရူပါရုံကိုအာရုံပြု၍။မသင့်သောနှလုံးသွင်းခြင်းဖြင့်၊အာဝဇ္ဇန်းကိစ္စကိုပြီးစေလျက်၊မနောဒွါရာဝဇ္ဇန်းစိတ်တကြိမ်ဖြစ်၍ချုပ်လေ၏။ ထို့နောင်။ ယခင်လောဘမူစိတ်တခုသည်။ ပြခဲ့သော သမ္ပယုတ်တရား-၁၉-ပါးနှင့်တကွ။ ၇-ကြိမ်ဖြစ်၍ ချုပ်ဆုံးကွယ်လွန်ကြပြန်ကုန်၏။ ထို့နောင်၊တဒါရုံဝိပါက်-၂- ကြိမ်၊ထို့နောင်ဘဝင်ထိုက်သည်အားလျော်စွာဖြစ်၍။တဘန်ပြတ်ပြန်ပြီးလျှင်၊ မနောဒွါရာဝဇ္ဇန်းစိတ်တကြိမ်။ယခင်လောဘမူဇောစိတ်-၇-ကြိမ်။ ထို့နောင်၊ တဒါရုံ-၂-ကြိမ်။ထို့နောင်၊ဘဝင်ခြားလျက်ပြတ်ပြန်ပြီးလျှင်၊ မနောဒွါရတဝိထိဖြစ်ပြန်၏။ ဤသို့သောနည်းအားဖြင့်။ ဘဝင်ခြားလျက်၊ခြားလျက်။မနောဒွါရာဝဇ္ဇန်းစိတ်တကြိမ်။ဇောစိတ်-၇-ကြိမ်။တဒါရုံ-

၂-ကြိမ်အားဖြင့်။ယခင်၊ တနာရီ၊နှစ်နာရီစသည်ဖြင့်၊ ပြခဲ့သော
ကာလအတွင်း၌။သုဒ္ဓမနောဒွါရဝီထိတို့သည်၊သိန်း၊သန်း၊ကုဋေ၊
အသင်္ချေမကအောင်။ချုပ်ဆုံးကွယ်လွန်ကြကုန်၏။ဤကဲ့သို့ကွယ်
လွန်ချုပ်ဆုံးကြသော၊ လောဘမူဇောစိတ်နှင့်တကွသောစိတ်စေ
တသိက်တို့သည်။သဗ္ဗညုဉာန်လုံးလျားရကောင်းသောဝတ္ထုဖြစ်လျှင်၊
တသောင်းဝင်၊နှစ်သောင်းဝင်၊ကျိုကြ၍၊ ထည့်ထားသော်လည်း၊
မဆန့်နိုင်မျှ၊ကွယ်လွန်ချုပ်ဆုံးကြကုန်၏။ ။၎င်းပြခဲ့သောရူပါရုံ
ကို၊အလိုမရှိသည်ဖြစ်၍။နှလုံးမသာမယာဖြစ်အံ့။ ယခင်ပြခဲ့သော
စက္ခုဒွါရ၌ပါသောစိတ်စဉ်အတိုင်းမှတ်၍။ဇောမှာဒေါသမူစိတ်-
၂-ခုတို့တွင်။တခုခုသောစိတ်သည်၊မိမိယှဉ်ဘက်ဖြစ်သောသမ္ပ
ယုတ်တရားနှင့်တကွ။၇-ကြိမ်ထင်၍စောပြီးလျှင်။တဒါရုံဝိပါက်
နှစ်ကြိမ်ကျပြီးသည့်နောက်၊ရူပါရုံသည်၊ ကွယ်လွန်ချုပ်ပျောက်
လေ၏။ ၎င်းချုပ်လေပြီးသောအတိတ်ရူပါရုံကိုအာရုံပြု၍၊ တဒနု
ဝတ္တကမနောဒွါရဝီထိ။ သုဒ္ဓမနောဒွါရဝီထိ။ ၎င်းဝီထိ၌ပါသော
ဒေါသဇော-၇-ကြိမ်-၇-ကြိမ်။အရေအတွက်မရှိအောင်၊ကွယ်
လွန်ချုပ်ဆုံးကြကုန်၏။ ။၎င်းရူပါရုံကိုအာရုံပြု၍၊သာယာသည်
လည်းမဟုတ်။ပြစ်မှားသည်လည်းမဟုတ်။တွေဝေ ပျံ့လွင့်သဖြင့်
အမှတ်မဲ့မြင်၍၊သွားအံ့။ ဥပေက္ခာသဟဂုတ်၊ ဥဒ္ဓစ္စသမ္ပယုတ်ဟူ
သော၊ မောဟမူဇောစိတ်သည်။ သမ္ပယုတ်တရားနှင့်တကွ-၇-
ကြိမ်-၇-ကြိမ်ကွယ်လွန်ချုပ်ဆုံးကြပုံကိုလည်း၊ယခင်ပြခဲ့သော
ဝီထိအစဉ်အတိုင်း မှတ်ရမည်။ ။အလိုရှိအပ်သောသဒ္ဒါရုံဖြစ်
၍၊သာယာပြန်သည်ဖြစ်အံ့။ ယခင်စက္ခုဒွါရဝီထိ၌ဖြစ်သောစိတ်
စဉ်မှာ။ စက္ခုဝိညာဏ်စိတ်ကိုနုတ်၍။ သောတဝိညာဏ်စိတ်ကို
ထည့်သဖြင့်၊လောဘမူစိတ်-၈-ခုတို့တွင်။တခုခုသောစိတ်သည်။
ယခင်ပြခဲ့သောသမ္ပယုတ်တရားနှင့်တကွ-၇-ကြိမ်-၇-ကြိမ်။ယ
ခင်ပြခဲ့သောဝီထိစဉ်အတိုင်းကွယ်လွန်ချုပ်ဆုံးကြကုန်၏။ ၎င်း
သဒ္ဒါရုံကိုအာရုံပြု၍၊နှလုံးမသာမယာဖြစ်အံ့။ဒေါသဇော-၇-ကြိမ်။
တွေဝေပျံ့လွင့်၍ အမှတ်မဲ့ကြအံ့။ မောဟဇော-၇-ကြိမ်-၇-

ကြပြီ။ ယခင်ဝိထိစဉ်အတိုင်းကွယ်လွန်ချုပ်ဆုံးကြကုန်၏။ ။ဂ
န္ဓာရုံ-ရသာရုံ-ဖောဋ္ဌဗ္ဗာရုံတို့နှင့် တွေ့ကြုံသောအခါတို့၌လည်း။
ပြခဲ့ပြီးသောစိတ်စဉ်အတိုင်းဖြစ်ကြ၍။ အထူးမှာ။ စက္ခုဒွါရဝိထိ၌။
ရူပါရုံ၊ စက္ခုပသာဒ၊ အတီတဘဝင်စိတ်၊ တပြိုင်နက်ဥပါဒ်ဖြစ်ပေါ်
ကြ၏။ ဝိညာဏ်မှာ၊ စက္ခုဝိညာဏ်စိတ်။ ။သောတဒွါရဝိထိ၌။
သဒ္ဒါရုံ၊ သောတပသာဒ၊ အတီတဘဝင်စိတ်-အတူတကွ၊ ဖြစ်
ပေါ်ဥပါဒ်ကြ၏။ ဝိညာဏ်မှာ၊ သောတဝိညာဏ်စိတ်။ ။ဃာနဒွါ
ရဝိထိ၌။ ဂန္ဓာရုံ၊ ဃာနပသာဒ၊ အတီတဘဝင်စိတ်၊ အတူတကွ
ဖြစ်ပေါ်ဥပါဒ်ကြ၏။ ဝိညာဏ်မှာ၊ ဃာနဝိညာဏ်စိတ်။ ။ဇိဝှါဒွါ
ရဝိထိ၌။ ရသာရုံ၊ ဇိဝှါပသာဒ၊ အတီတဘဝင်စိတ်၊ အတူတကွ
ဖြစ်ပေါ်ဥပါဒ်ကြ၏။ ဝိညာဏ်မှာ၊ ဇိဝှါဝိညာဏ်စိတ်။ ။ကာယ
ဒွါရဝိထိ၌။ ဖောဋ္ဌဗ္ဗာရုံ၊ ကာယပသာဒ၊ အတီတဘဝင်စိတ်-အတူ
တကွဖြစ်ပေါ်ဥပါဒ်ကြ၏။ ဝိညာဏ်မှာ၊ ကာယဝိညာဏ်စိတ်။ ။
ဇောစိတ်မှာ။ ၎င်းအာရုံငါးပါးတို့ကို၊ သာယာနှစ်သက်လျှင်။ လော
ဘမူဇော။ ။နှလုံးမသာမယာမနှစ်သက်လျှင်။ ဒေါသမူဇော။ ။တွေ
ဝေပျံ့လွင့်၍အမှတ်မဲ့ဖြစ်လျှင်။ မောဟမူဇော။ ။ပဉ္စဒွါရငါးဝိထိ
၌၊ ပါရှိသောပဉ္စဒွါရာဝဇ္ဇန်းစိတ်အစ၊ အဒါရုံအဆုံးရှိသောစိတ်တို့
သည်။ ပစ္စုပ္ပန်အာရုံငါးပါးကိုသာအာရုံပြုကြကုန်၏။ ငါးဝိထိနောက်
မှ၊ အစဉ်လိုက်၍ဖြစ်သော တဒနုဝတ္တကမနောဒွါရဝိထိမှာ။ အ
တိတ်ဖြစ်သောအာရုံငါးပါးကိုသာအာရုံပြုကြကုန်၏။ သုဒ္ဓမနော
ဒွါရဝိထိမှာ၊ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်၊ ကာလ-၃-ရပ်၌တည်
သောအာရုံ-၆-ပါးကို အာရုံပြုကြကုန်၏။ ။၎င်းရူပါရုံ အစရှိ
သောအာရုံငါးပါးတို့ကို အာရုံပြု၍။ သင့်သောနှလုံးသွင်း၊ အာဝ
ဇ္ဇန်းရှိသည်ဖြစ်၍၊ ကုသိုလ်စိတ်ဖြစ်အံ့။ ယခင်ပြခဲ့သောပဉ္စဒွါရ-
ငါးဝိထိ။ ၎င်းငါးဝိထိနောက်မှ၊ အစဉ်လိုက်၍ဖြစ်သော တဒနု
ဝတ္တကမနောဒွါရဝိထိ။ သုဒ္ဓမနောဒွါရဝိထိတို့မှာ။ ပြခဲ့ပြီးသောဝိ
ထိအစဉ်၊ စိတ်အစဉ်အတိုင်းဖြစ်ပျက်ကြ၍။ ကုသိုလ်စိတ်မှာသော
မနဿသဟဂုတ်၊ ဉာဏသမ္ပယုတ်၊ အသင်္ခါရိကစိတ် ဖြစ်အံ့။

ယှဉ်သော်ဖြစ်သောစေတသိက်တရားတို့သည်ကား။ ဖဿ၊ဝေဒ
နာစသော အညသမာန်-၁၃။သောဘဏစေတသိက်-၂၅-ပါး
တို့တွင်။ ကရုဏာ၊ မုဒိတာ-၂-ပါးကို။ သတ္တဝါပညတ်အာရုံမ
ဟုတ်ခြင်းကြောင့်နှုတ်။သမ္မာဝါစာ၊သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊
ဝိရတိစေတသိက်-၃-ခုတို့ကို။ဒုစ္စရိုက်အာရုံမဟုတ်ခြင်းကြောင့်၊
နှုတ်ပြီးလျှင်။ကျန်သောသောဘဏစေတသိက်-၂၀။ ယခင်က၊
အညသမာန် -၁၃-ပါးနှင့်ပေါင်းသော်။ ၃၃-ပါးသော သမ္ပယုတ်
တရားနှင့်၊ပြခဲ့သောကုသိုလ်တခုကိုပေါင်းသော်။ ၃၄-ပါးသော
သဘောဝတ္ထုတို့သည်၊ ရုပါရုံအစရှိသော အာရုံ-ငါးပါးတို့ကို
အာရုံပြုကြကုန်သည်ဖြစ်၍။၇ -ကြိမ်-၇ -ကြိမ်ထပ်၍ထပ်၍။ မိမိ
တို့သဘောလက္ခဏာကို ဆောင်ရွက်လျက်၊ စောကြပြီးလျှင်။ ယ
ခင်ပြခဲ့သော ကာလအခိုက်အတန့်မျှတည်နား၍။ ကွယ်လွန်ချုပ်
ဆုံး၍သွားကြကုန်၏။ ။ဤကဲ့သို့ဖြစ်ပျက်ကြသော ပရမတ္ထသ
ဘာဝတို့သည်။မဖြစ်မပေါ်လာခင်၊ဖြစ်အံ့ဟူ၍၊ရှေးရှုလုံးလျောင်း၊
စုပေါင်း၍တည့်နေကြသည့်လည်းမဟုတ်။ချုပ်ဆုံးကွယ်ပျောက်
၍သွားသောအခါ။ မည်သည့်နေရာ၌၊ လုံးထွေး၍၊ တည်နေကြ
သည့်လည်းမရှိ။ချုပ်ပြီးသောတရားလည်း၊ဘယ်နံ့မှ၊ ပြန်၍မဖြစ်၊
အကြောင်းမကုန်သမျှ၊ အသစ်အသစ် ထပ်၍ထပ်၍သာဖြစ်ပေါ်
လာကြ၏။ပမာဆိုသော်။ မီးခတ်နှင့် ကျောက်ကိုရိုက်ခတ်၍။ ပွင့်
ထွက်သောမီးသည်။မပွင့်မပေါ်လာခင်။ မည်သည့်နေရာ၌တည်
နေသည့်လည်းမရှိ။ပျောက်ပျက်၍သွားသောအခါ။ မည်သည့်နေ
ရာသို့သွား၍၊တည်နေကြသည့်လည်းမဟုတ်။ခတ်-၂-ခုခတ်မိ
သောနေရာ၌ ဖြစ်ပေါ်တည့်၍၊ ခတ်မိသောနေရာ၌၊ ပျောက်ဆုံး၍
သွားလေဘိသကဲ့သို့ငှင်း။ကြေးစည်ကို၊လက်ခတ်ဖြင့်ရိုက်ခတ်၍၊
ထွက်လာသောအသံသည်။ မထွက်လာခင်၊ မည်သည့်နေရာ၌
တည်နေသည့်လည်းမရှိ။ချုပ်ပျောက်၍သွားသောအခါ၊မည်သည့်
နေရာသို့သွား၍ နေသည့်လည်းမရှိ။ ခတ်မိသောနေရာ၌ ပေါ်လာ
တည့်၍။ ၎င်းနေရာ၌ပင်ချုပ်ပျောက်ကွယ်လွန်၍ သွားလေဘိသ

ကဲ့သို့ရင်း။ ထို့အတူ၊ ပရမတ္ထသဘာဝတို့သည်၊ မရှိမဖြစ်ရာမှ၊
ပေါ်လာတည့်၍၊မရှိမဖြစ်သောအဖြစ်သို့ရောက်၍။ကွယ်ပျောက်
ကြလေသည့်သဘော။ဖြစ်ခဲ့ပြီးသောအဆစ်အဆစ်။ အကန့်အကန့်။
အပိုင်းအပိုင်း။ အခြားအခြားဖြစ်သောပရမတ္ထသဘောဖြစ်သော
ဓမ္မာရုံတို့ကိုအာရုံပြု၍။ကာမာဝစရ၊အနုဗောဓဉာဏ်ဖြင့်စေ့စေ့
ငုငု၊ ရှုဆင်ခြင်သောခဏ၌။ အဝိဘူတာရုံ မနောဒွါရဝိထိဖြစ်၏။
ဖြစ်ပါန်ကား။ဘဝင်္ဂစလန၊ဘဝင်္ဂုပစ္ဆေဒ၊ဘဝင်-၂-ကြိမ်ဖြစ်၍ချုပ်
ပြတ်လေ၏။ထို့နောင်၊ရင်းပရမတ္ထသဘာဝဖြစ်သောဓမ္မာရုံသဒိ
ရတို့ကိုအာရုံပြုလျက်။ သင့်သော အားဖြင့်၊ နှလုံးသွင်းခြင်း၊ အာ
ဝဇ္ဇန်းကိုပြီးစေလျက်။ မနောဒွါရာဝဇ္ဇန်းစိတ်၊ ထကြိမ်ဖြစ်၍ချုပ်
၏။ ထို့နောင်။ ရင်းပရမတ္ထသဘောဝတ္ထုအရုဏ္ဏာရတို့ကို၊ ရှုဆင်
ခြင်၍မြင်တတ်သော၊ပညိန္ဒြေစေတသိက်ပြဋ္ဌာန်းသော၊ယခင်ပြ
ခဲ့သော သမ္ပယုတ်တရား-၃၃-ပါးတို့နှင့်တကွ။ သောမနဿသ
ဟဂုတ်၊ ဉာဏသမ္ပယုတ်၊ အသင်္ခါရိကဇောစိတ်သည်။ အဟုန်
နှင့်တကွ။၇-ကြိမ်စောပြီးလျှင်။ကွယ်လွန်ချုပ်ဆုံးကြလေကုန်၏။
ထို့နောင်၊ ဘဝင်စိတ် ထိုက်သည့်အား လျော်စွာဖြစ်၍။ ရင်းသ
ဘောတရားတို့ကိုပင်အာရုံပြု၍ဆင်ခြင်ပြန်သောအခါ၊ခြားသော
ဘဝင်ပြတ်တည့်၍။ယခင်မနောဒွါရာဝဇ္ဇန်းစိတ်-တကြိမ်။ ပညိ
န္ဒြေစေတသိက် ပြဋ္ဌာန်းသော၊ ကုသိုလ်ဇောစိတ်-၇-ကြိမ်-၇-
ကြိမ်ဘဝင်ခြားလျက်၊ ခြားလျက်။ ဆီမီးလျှံ၊ ရေအလျဉ်ကဲ့သို့။
အစဉ်မပြတ်ဖြစ်အောင်လုပ်၍နေနိုင်ပါမူကား။ ယခင်ပြခဲ့သော
လောဘမူဇောစိတ်၊ဒေါသမူဇောစိတ်၊ မောဟမူဇောစိတ်တို့နှင့်
တကွ၊လောဘစသောကိလေသာတို့သည်။ တရွေ့ရွေ့တရွေ့၊ ဝေး
သည်ထက်ဝေးကွာလျက်။ ရင်းသဘောဝတ္ထုအရုတို့၌၊ မြဲခြင်း
ဟူသောနိစ္စနိမိတ်မှ၊ ကင်းဆိတ်ခြင်းဟူသော အနိစ္စလက္ခဏာ။
ချမ်းသာသည်ဟူသော၊ သုခနိမိတ်မှ၊ကင်းဆိတ်ခြင်းဟူသောဒု
က္ခလက္ခဏာ။ ရင်းသဘောတရားတို့၏အပေါ်၌၊ ကပ်တွယ်ကိန်း
အောင်းလျက်နေသော၊ငါဟူသောအစိုးရ၊ အတ္တနိမိတ်မှ၊ ကင်း

ဆိတ်ခြင်းဟူသော အနတ္တလက္ခဏာဟူသောလက္ခဏာရေး-၃-ပါးအလွန်ထင်ရှားလျက်။စိတ်သည်အလွန်စင်ကြယ်သည်ဖြစ်၍။ ပညိန္ဒြေသည်။ ဝရဇိန်လက်နက်ကဲ့သို့အလွန်စူးရှသည်ဖြစ်၍။သတိသည်အလွန်ထင်ခြင်းသို့ရောက်သည်ဖြစ်၍။ သမာဓိသည်အလွန်တည်နားငြိမ်သက်သည်ဖြစ်၍။ ဝိပဿနာဉာဏ်အဆင့်ဆင့်ပေါက်သဖြင့်။ ပရမတ္ထသဘောတရားဟူသောအာရုံ၊ပွတ်ခုံ။ ပညိန္ဒြေပြဗွန်းသော၊ ယခင်ပြခဲ့သောကာမာဝစရကုသိုလ်စိတ္တုပ္ပါဒ်၊ဘာဝနာတည်းဟူသောအာရမ္မဏိက၊ ပွတ်တံဖြင့်။အဘန်ဘန်ပွတ်ခတ်ပွါးများအောင်၊အားထုတ်ကြပါလျှင်။ပွတ်ခုံ၊ ပွတ်တံ-၂-ခုပွတ်သဖြင့်၊ ထွက်လာသောပွတ်စာမှ၊ မီးစွဲ၍လာသကဲ့သို့။ထို့အတူ။အာရုံအာရမ္မဏိက၊ နာမ်ရုပ်-နာမ်ရုပ်ပရမတ်တို့၏အကြားမှ။မဂ်မီး၊ဖိုလ်မီး၊နိဗ္ဗာန်မီးတို့သည်။ ညီးကနဲတောက်၍နိဗ္ဗာန်သို့ရောက်ကြရလေကုန်၏။ ။မဂ်၊ဖိုလ်၊နိဗ္ဗာန် ဟူသောလောကုတ္တရာတရား-၉-ပါးတို့သည်။လွန်ခဲ့ပြီးသောအတိတ်က၊ရှိနှင့်ခဲ့ကြသည်လည်းမဟုတ်။အနာဂတ်၌လည်းမရှိ။ ယခုပစ္စုပ္ပန်အဇ္ဈတ္တသန္တာန်၌လည်းမရှိ။မိမိမှအပ၊ဗဟိဒ္ဓ၌လည်းမရှိ။ ပြခဲ့ပြီးသောနည်းအတိုင်းပရမတ်တို့ကို၊မြင်အောင်ကြည့်၍၊လက္ခဏာရေးတင်သဖြင့်၊သုံးသပ်ဆင်ခြင်မှသာလျှင်။၎င်းနာမ်၊ရုပ်ပရမတ်တို့အကြားမှ၊ဖွါးကနဲပေါ်လာသောတရားတို့သာဖြစ်ကုန်၏။ ။

စေတသိက်ပရမတ်ပြီး၏။

ရုပ်ပရမတ်ဟူသည်၊အဘယ်မျှအပြားရှိပါသနည်း။ရုပ်ပရမတ်ဟူသည်-၂၈-ပါးအပြားရှိသည်။၂၈-ပါးဟူသည်၊အဘယ်နည်းဟူမူကား။ ခိုင်မာတောင့်တင်း၊ ခက်ချော်ကြမ်းထမ်းခြင်း လက္ခဏာရှိ၍၊ဓာတ်-၃-ပါးတို့၏တည်ရာဟူသောကိစ္စရှိခြင်းကြောင့်။ပထဝီဟုခေါ်သော၊ရုပ်ဓာတ်ကြီးလည်းတခု။ ။ပထဝီဓာတ်-ကလာပ်မှုန့်တို့ကို။ဖွဲ့စည်းလုံးရ၊ စိမ့်ဝင်စေး၍၊ ယိုစီးခြင်းလက္ခဏာရှိ၍။ပွါးစေ၊ပြန့်စေခြင်းကိစ္စရှိခြင်းကြောင့်၊အာပေါဟုခေါ်သောရုပ်ဓာတ်ကြီးလည်းတခု။ ။ပထဝီ၊အာပေါဓာတ်တို့ကို၊ ပူစေ

ကျေစေခြင်းလက္ခဏာရှိ၍ရင့်ကျက်စေခြင်းကိစ္စရှိခြင်းကြောင့်။တေဇောဟုခေါ်သော၊ရုပ်ခေတ်ကြီးလည်းတခု။ ။၎င်းခေတ်-၃-ပါးတို့ကို။ ထောက်ကန်ဘိညှစ်၊ ပြည့်စေခြင်းလက္ခဏာရှိ၍။ရွေ့ရှားတိုက်သွင့်ခြင်းကိစ္စရှိခြင်းကြောင့်။ဝါယောဟုခေါ်သော၊ရုပ်ခေတ်ကြီးလည်းတခု။ ။ဤသို့အားဖြင့်။၄-ပါးသောရုပ်ခေတ်ကြီးတို့သည်။ များသောအားဖြင့်၊ ထင်ရှားရှိခြင်းကြောင့်လည်းကောင်း။ မတင့်တယ်သည့်ကို။ တင့်တယ်သည်ဟု အထင်မှားအောင်၊မျက်လှည့်သည့်ကဲ့သို့လှည့်ဖြားတတ်သောကြောင့်လည်းကောင်း။မဟာဘုတ်တို့မည်ကုန်၏။ ။မျက်လုံးအိမ်၏အတွင်း။မျက်နက်ဝန်း၏အလယ်။အရိပ်ထင်ရာအရပ်၌။ဂွမ်း-၇-လွှာ၌စိမ့်၍တည်သောဆီကဲ့သို့။သန်းဦးခေါင်းပမာဏရှိသောမျက်လွှာ-၇-လွှာ၌၊စိမ့်ဝင်လျက်တည်သော၊ မှန်ပြူတင်းကဲ့သို့၊ အလွန်ကြည်လင်ခြင်းလက္ခဏာရှိခြင်းကြောင့်။ စက္ခုပသာဒဟုခေါ်သော၊ အကြည်ရုပ်လည်းတခု။ ။နား၏အတွင်း၌။ကြေးနီလက်စွပ်ကွင်းသဏ္ဍာန်ရှိသော၊နူးညံ့သိမ်မွေ့သောအမွေး၌နှံ့လျက်တည်သော၊မှန်ပြူတင်းကဲ့သို့၊အလွန်ကြည်လင်ခြင်းလက္ခဏာရှိသောကြောင့်။သောတပသာဒဟုခေါ်သောအကြည်ရုပ်လည်းတခု။ ။နှာခေါင်း၏အတွင်း၊ ဆိတ်ခွါသဏ္ဍာန်ရှိသောအရပ်၌နှံ့လျက်တည်သော၊မှန်ပြူတင်းကဲ့သို့၊အလွန်ကြည်လင်ခြင်းလက္ခဏာရှိခြင်းကြောင့်။ဃာနပသာဒ၊ဟုခေါ်သောအကြည်ရုပ်လည်းတခု။ ။လျှာရင်း၏အလယ်၊ကြာရွက်ဖျားပြတ်သဏ္ဍာန်ရှိသောအရပ်၌ နှံ့လျက်တည်သောမှန်ပြူတင်းကဲ့သို့၊ အလွန်ကြည်လင်ခြင်း လက္ခဏာရှိခြင်းကြောင့်။ဇိဝှါပသာဒဟုခေါ်သောအကြည်ရုပ်လည်းတခု။ ။ဆံပင်ဖျား၊ခြေသည်းလက်သည်းဖျား၊ အသားခြောက်၊အသားမာဟုဆိုအပ်သော၊ တွေ့ထိ၍ မသိကောင်းသော အရပ်တို့ကိုလှပ်၍။သိကောင်းသမျှသောအရပ်၌၊ နှံ့လျက်တည်သော၊မှန်ပြူတင်းကဲ့သို့၊အလွန်ကြည်လင်ခြင်းလက္ခဏာရှိခြင်းကြောင့်။ ကာယပသာဒ၊ ဟုခေါ်သောအကြည်ရုပ်လည်းတခု။ ။ဤသို့အား

ဖြင့်၊ငါးပါးသောရုပ်တို့သည်။အလွန်ကြည်လင်သောလက္ခဏာ
ရှိခြင်းကြောင့်။ပသာဒရုပ်လည်းမည်ကုန်၏။စိတ်၊စေတသိက်တို့
၏တည်ရာ မှီရာဖြစ်၍။ ဝတ္ထုရုပ်လည်းမည်ကုန်၏။ စိတ်၊ စေတ
သိက်တို့၏၊ထွက်ရာဝင်ရာတံခါးသဘွယ်ဖြစ်ခြင်းကြောင့်၊ ဒွါရ
ရုပ်လည်းမည်ကုန်၏။ ။မြင်အပ်သည်ဖြစ်၍၊အဆင်းဟုဆိုအပ်
သောရူပရုပ်လည်းတခု။ ။ကြားအပ်သည်ဖြစ်၍၊ အသံဟုဆို
အပ်သော သဒ္ဒရုပ်လည်းတခု။ ။နံအပ်သည်ဖြစ်၍၊ အနံ့ဟုဆို
အပ်သောဂန္ဓရုပ်လည်းတခု။ ။လျက်အပ်သည်ဖြစ်၍။အချိုအ
ချဉ်စသော အရသာဟုဆိုအပ်သော ရသရုပ်လည်းတခု။ ။
တွေ့ထိအပ်သည်ဖြစ်၍။ အာပေါဓာတ်ကို လှပ်၍၊ ကြွင်းသော
ဓာတ်-၃-ပါးဟုဆိုအပ်သော ဖောဋ္ဌဗ္ဗရုပ်လည်းတခု။ ။ဤသို့
အားဖြင့်။၇-ပါးသောရုပ်တို့သည်။ အာရုံဖြစ်ထိုက်သောရုပ်ဖြစ်
ခြင်းကြောင့်၊ ဂေါစရရုပ်မည်ကုန်၏။ ။မိန်းမတို့၏အင်္ဂါဇာတ်
ဟုဆိုအပ်သော ဣတ္ထိလိင်၊ မိန်းမတို့၏အသံ အလိုဟုဆိုအပ်
သောဣတ္ထိနိမိတ်။မိန်းမတို့၏၊ မသန့်မရှင်းသောသွား၊ရပ်၊ထိုင်၊
လျောင်းခြင်းဟုဆိုအပ်သောဣတ္ထိကုတ္တ။ မိန်းမတို့၏၊ လက်၊ခြေ၊
သဏ္ဌာန်ဟုဆိုအပ်သော၊ဣတ္ထိအာကပ္ပ။ဤ-၄-ပါးတို့၏ဖြစ်ပေါ်
လာရခြင်း၏အကြောင်းဖြစ်သောကြောင့်။ ဣတ္ထိဘာဝရုပ်ဟုခေါ်
သောရုပ်လည်းတခု။ ။ယောကျ်ားတို့၏အင်္ဂါဇာတ်ဟုဆိုအပ်
သောပုရိသလိင်။ယောကျ်ားတို့၏အသံအလိုဟုဆိုအပ်သော ပု
ရိသနိမိတ်။ယောကျ်ားတို့၏၊သန့်ရှင်းသော သွားလာနေထိုင်ခြင်း
ဟုဆိုအပ်သောပုရိသကုတ္တ။ယောကျ်ားတို့၏၊လက်ခြေသဏ္ဌာန်
ဟုဆိုအပ်သောပုရိသအာကပ္ပ။ ဤ-၄-ပါးတို့၏၊ ဖြစ်ပေါ်လာရ
ခြင်း၏အကြောင်းဖြစ်သောကြောင့်။ပုရိသဘာဝရုပ်ဟုခေါ်သော
ရုပ်လည်းတခု။ ။ဤသို့အားဖြင့်၊နှစ်ပါးသောရုပ်တို့သည်၊ဘာ
ဝရုပ်မည်ကုန်၏။ ။နှလုံးအိမ်၏အတွင်း။တလက်ဆွဲမျှရှိသော
သွေးကို မှီ၍တည်သော၊ စိတ်စေတသိက်တို့၏တည်မှီ၍ ဖြစ်ရာ
ဖြစ်သောကြောင့်။ ဝတ္ထုဟုဆိုအပ်သောဟဒယဝတ္ထုရုပ်လည်း

ဘခု။ ။အသက်ရှည်ခြင်း၏အကြောင်းဖြစ်သောကြောင့်၊ ဇီဝိ
တ ဟူ၍ရင်း။ ကမ္မဇရုပ်တို့ကိုစောင့်ခြင်း၌၊ အစိုးရခြင်းနှင့်ယှဉ်
သောကြောင့်၊ဣန္ဒြိယဟူ၍ရင်း၊ ခေါ်ဆိုအပ်သောဇီဝိတရုပ်လည်း
တခု။ ။ဆုန္ဒြေနှင့်တကွဖြစ်သော။ဤကိုယ် ကာယ၏အထောက်
အပံ့ဖြစ်သော။အင်္ဂါကြီးငယ်သို့၊ အစဉ်လျှော်၍၊ရသ ကိုဆောင်
ခြင်းဟုဆိုအပ်သော။ မျိုအပ်သောအစေးအ ချွဲဟုဆိုအပ်သော။
ဩဇာဟုခေါ်ဆိုအပ်သောအာဟာရရုပ်လည်းတခု။ ။ဤသို့ပြ
ဆိုအပ်ပြီးသော။မဟာဘုတ်၊ရုပ်ဓာတ်ကြီး-၄-ခု။ပသာဒရုပ်-၅-
ခု။ဓာတ်-၃-ပါးဟူသော၊ဖေါဋ္ဌဗ္ဗရုပ်ကိုလှပ်၍၊ကျန်သောဂေါစ
ရရုပ်-၄-ခု။ဘာဝရုပ်-၂-ခု။ဟဒယဝတ္ထုရုပ်တခု။ ဇီဝိတရုပ်တ
ခု။ အာဟာရရုပ်တခု။ဤသို့အားဖြင့်-၁၈-ပါးသောရုပ်တို့တွင်။
ကာယပသာဒရုပ်တခု။ဘာဝရုပ်-၂-ခု။ဇီဝိတရုပ်တခု။ဤ-၄-ပါး
သောရုပ်တို့သည်။တကိုယ်လုံးကိုနှံ့လျက်၊ တည်ကြကုန်၏။ ။
ဤဆိုအပ်ပြီးသော -၁၈-ပါးသော ရုပ်တို့ကို မိမိတို့၏၊ ခိုင်မာ
တောင့်တင်းခြင်း စသော သဘောတရားတို့ကို။ အသီး အခြား
တပါးစီတပါးစီ၊ ရကောင်းသောကြောင့်၊သဘာဝရုပ်ဟူ၍ရင်း။
အနိစ္စအစရှိသောလက္ခဏာတို့နှင့်တကွ ဖြစ်သောကြောင့်။ သ
လက္ခဏရုပ်ဟူ၍ရင်း။ ပရိစ္ဆေဒအစရှိသော ရုပ်တို့၏ အဖြစ်ကို
ကြဉ်၍။ မိမိ၏သဘောအားဖြင့်သာလျှင်၊ ကံစသောအကြောင်း
တို့ဖြင့်ပြီးကောင်းသောကြောင့်၊ နိပ္ဖန္နရုပ်ဟူ၍ရင်း။ အနိစ္စအစရှိ
သောလက္ခဏာတို့ဖြင့်တင်၍၊ သုံးသပ်ဆင်ခြင်ခြင်းငှာ လျောက်
သောကြောင့်။သမ္မသနရုပ်ဟူ၍ရင်းဆိုအပ်ကုန်၏။ ။ကလာပ်၊
ရုပ်မှုန့်တို့ကို။ တခုနှင့်တခု မရောမစပ်စိမ့်သောငှါ ပိုင်းခြားခြင်း
လက္ခဏာရှိသော အာကာသဓာတ်ဟုဆိုအပ်သော ပရိစ္ဆေဒ
ရုပ်လည်းတခု။ ။ပြကတိ ငြိမ်သက်စွာနေသည်မှ၊ဖေါက်ပြန်၍၊
ကိုယ်၏လှုပ်ရှားခြင်း၊အမူအရာအာကာရအထူးဟုဆိုအပ်သော
ကာယဝိညတ်ရုပ်လည်းတခု။ ။ပြကတိငြိမ်သက်စွာနေသည်မှ၊
ဖေါက်ပြန်၍။ အသံနှင့်တကွ၊ နှုတ်၏လှုပ်ရှားဖြစ်ပေါ်လာသော၊

အမူအရာအာကာရအထူးဟုဆိုအပ်သော ဝိစိဝိညတ်ရုပ်လည်း တခု။ ။ဤရုပ်-၂-ခုကို၊ ဝိညတ်ဒွေဟုခေါ်သည်။ ။ယခင်က၊ ပြခဲ့ပြီးသောနိပ္ဖန္နရုပ်-၁၈-ခုတို့၏၊ ပေါ့ပါးလျင်မြန်သောအခြင်း အရာဟုဆိုအပ်သောလဟုတာရုပ်လည်းတခု။ ။ငင်းနိပ္ဖန္နရုပ် တို့၏၊ နူးညံ့သောအခြင်းအရာဟုဆိုအပ်သောမုဒုတာရုပ်လည်း တခု။ ။ငင်းနိပ္ဖန္နရုပ်တို့၏ခန့်ငြန်းသောအခြင်းအရာဟုဆိုအပ် သောကမ္မညတာရုပ်လည်းတခု။ ။ဤရုပ်-၃-ခုနှင့်။ဝိညတ်ရုပ် ၂-ခုကိုပေါင်း၍၊ဝိကာရရုပ်-၅-ခုဟုခေါ်သည်။ ။ကမ္မဇရုပ်တို့ ၏၊ ရှေးဦးစွာစတင်၍ဖြစ်ပေါ်လာသော၊ ကမ္မဇရုပ်တို့၏ဥပါဒ်ဟု ဆိုအပ်သောဥပစယရုပ်လည်းတခု။ ။နောင်ဤနည်းအတိုင်း အသစ်အသစ်၊ ထပ်မံ၍ ဖြစ်ပေါ်လာသောကမ္မဇရုပ်တို့၏ ဥပါဒ် အစဉ်ဟုဆိုအပ်သောသန္တတိရုပ်လည်းတခု။ ။ကမ္မဇရုပ်တို့ ၏ရင့်ခြင်းဌီဟုဆိုအပ်သော ဇရတာရုပ်လည်းတခု။ ။ကမ္မ ဇရုပ်တို့၏ ပျက်ခြင်းဘင်ဟုဆိုအပ်သော အနိစ္စတာရုပ်လည်း တခု။ ။ဤရုပ်-၄-ခုတို့သည်။ ကမ္မဇရုပ်တို့၏၊ဖြစ်ခြင်း၊ ပျက် ခြင်းတို့ကို၊ မှတ်ကြောင်းလက္ခဏာမျှဖြစ်၍။ လက္ခဏာရုပ်-၄- ခု တို့မည်ကုန်၏။ ။ဤသို့ပြဆိုအပ်ခဲ့ပြီးသောပရိစ္ဆေဒရုပ်တခု။ ဝိကာရရုပ်-၅-ခု။ လက္ခဏာရုပ်-၄-ခုဟု ဆိုအပ်သော၊ ဤရုပ် ဆယ်ခုတို့သည်။နိပ္ဖန္နရုပ်-၁၈-ခုတို့ကဲ့သို့၊မိမိတို့၏သဘာဝဓမ္မ ကို၊ ရကောင်းသောရုပ်မဟုတ်။ နိပ္ဖန္နရုပ်တို့၌၊ ကပ်တွယ်၍ပေါ် လာရသောအခြင်းအရာမျှဖြစ်၍။ အသဘာဝရုပ်လည်းမည်ကုန် ၏။ ။အနိစ္စအစရှိသောလက္ခဏာတို့နှင့်တကွ၊မဖြစ်ကောင်းသော ကြောင့်။ အလက္ခဏာရုပ်လည်းမည်ကုန်၏။ ။နိပ္ဖန္နရုပ်တို့သည်၊ ကံစသောအကြောင်းတို့ကြောင့်ပြီးပေါ်လာရကုန်သကဲ့သို့။တစုံ တခုသော အကြောင်းကြောင့် ပြီးပေါ်လာရသည် မဟုတ်ခြင်း ကြောင့်၊အနိပ္ဖန္နရုပ်လည်းမည်ကုန်၏။ ။လက္ခဏာရေး-၃-ပါး တင်၍သုံးသပ်ဆင်ခြင်ခြင်းဌာမလောက်ခြင်းကြောင့်။အသမ္မသ နရုပ်လည်းမည်ကုန်၏။ ။ဤသို့ပြဆိုအပ်ခဲ့ပြီးသောနိပ္ဖန္နရုပ်-

၁၈-ပါး။အနိပ္ဖန္နရုပ်-၁၀-ပါး။ အပေါင်းအားဖြင့်-၂၈-ပါးသော ရုပ်တို့တွင်။ ပသာဒရုပ်-၅-ပါး။ဘာဝရုပ်-၂-ပါး။ ဟဒယဝတ္ထု ရုပ်-၁-ပါး။ ဇီဝိတရုပ်-၁-ပါးအားဖြင့်-၉-ပါးသောရုပ်တို့သည်။ ကံတည်းဟူသော အကြောင်းတပါးကြောင့်သာ၊ဖြစ်ပေါ်လာရ သည်ဖြစ်၍။ ကမ္မဇရုပ်ကေန်-၉-ခုလည်းမည်ကုန်၏။ ကေဇရုပ် လည်းမည်ကုန်၏။ ။ဝိညတ်ရုပ်-၂-ခုသည်။စိတ်တည်းဟူသော၊ အကြောင်းတပါးကြောင့်သာ၊ဖြစ်ပေါ်လာရသည်ဖြစ်၍၊ စိတ္တဇ ရုပ်ကေန်-၂-ခုတို့မည်ကုန်၏။ကေဇရုပ်လည်းမည်ကုန်၏။ သဒ္ဒ ရုပ်တခုသည်။စိတ်၊ဥတု-၂-ပါးကြောင့်၊ဖြစ်ပေါ်လာရသည့်ဖြစ် ၍။ဒွိဇရုပ်မည်ကုန်၏။ ။လှုပသလဟုတာ၊မုဒုတာ၊ကမ္မညတာ ဟုဆိုအပ်သောရုပ်-၃-ခုတို့သည်။ စိတ်၊ဥတု၊အာဟာရတည်း ဟူသောအကြောင်း-၃-ပါးကြောင့်၊ဖြစ်ပေါ်လာရသည်ဖြစ်၍။တိ ဇရုပ်မည်ကုန်၏။ ။မဟာဘုတ်ရုပ်ကြီး-၄-ပါး၊ ဝဏ္ဏ၊ဂန္ဓ၊ရ သ၊ဩဇာဟူသောရုပ်-၈-ပါးတွင်။ အာကာသဓာတ်၊ ပရိစ္ဆေဒ ရုပ်တခုကိုထည့်၍။ ၉-ပါးသောရုပ်တို့သည်။ကံ၊စိတ်၊ဥတု၊အာ ဟာရတည်းဟူသော၊ အကြောင်းတရား-၄-ပါးတို့ကြောင့်၊ ဖြစ် ပေါ်လာရသည်ဖြစ်၍၊ စတုဇရုပ်တို့မည်ကုန်၏။ ။ကမ္မဇရုပ် အနေကန်-၉-ခုလည်းခေါ်၏။ စိတ္တဇရုပ် အနေကန်-၉-ခုလည်း ခေါ်၏။ ဥတုဇရုပ်အနေကန်-၉- ခုလည်းခေါ်၏။ အာဟာရဇ ရုပ်အနေကန်-၉-ခုလည်းခေါ်၏။ ။ကမ္မဇရုပ်ကေန်-၉-ခု။ အ နေကန်-၉-ခုကိုပေါင်း၍။ ကမ္မဇရုပ်-၁၈-ပါးဖြစ်၏။ ။စိတ္တဇ ရုပ်ကေန်-၂-ခု။အနေကန်-၉-ခု။ဤ-၁၁-ခုတွင်။အကြောင်း-၂- ပါးကြောင့်ဖြစ်သော၊ သဒ္ဒရုပ်တခု။ အကြောင်း-၃-ပါးကြောင့် ဖြစ်သော၊ လဟုတာ၊မုဒုတာ၊ကမ္မညတာ ဟုဆိုအပ်သောရုပ်- ၃-ခု။ဤ-၄-ခုကိုထည့်ပြန်၍။စိတ္တဇရုပ်-၁၅-ပါးဖြစ်၏။ ။ဥတု ဇရုပ်၌၊ကေန်မရှိ။ ဥတုဇရုပ်အနေကန်-၉-ခု။ သဒ္ဒရုပ်တခု။လဟု တာ၊စသောရုပ်-၃-ခု။ ပေါင်းဥတုဇရုပ်-၁၃-ပါးဖြစ်၏။ ။အာ ဟာရဇရုပ်၌လည်းကေန်မရှိ။ ။အာဟာရဇရုပ်အနေကန်-၉-ခု။

လဟုတာ၊ စသောရုပ်-၃-ခု။ပေါင်းအာဟာရဇရုပ်-၁၂-ပါးဖြစ်၏။ ။၎င်းရုပ်တို့ကို၊ အကြောင်းတူရာစု၍၊ ကလာပ်စည်း ပြန်သော်။မဟာဘုတ်-၄-ပါး၊ဝဏ္ဏ၊ဂန္ဓ၊ရသ၊ဩဇာ၊ဇီဝိတ။ဤ-၉-ခုသောရုပ်တို့တွင်၊စက္ခုပသာဒရုပ်တခုကိုထည့်၍။စက္ခုဒသကရုပ်ကလာပ်တစည်း။ ။၎င်းစက္ခုပသာဒကိုနုတ်၍၊သောတပသာဒရုပ်တခုကိုထည့်၍ သောတဒသက ရုပ်ကလာပ်တစည်း။ ။၎င်းသောတပသာဒကိုနုတ်၍။ ဃာနပသာဒကိုထည့်ပြန်သဖြင့်။ဃာနဒသကရုပ်ကလာပ်တစည်း။ ။၎င်းဃာနပသာဒကိုနုတ်၍။ ဇိဝှါပသာဒကိုထည့်ပြန်သဖြင့်။ ဇိဝှါဒသက ရုပ်ကလာပ်တစည်း။ ။၎င်းဇိဝှါပသာဒကိုနုတ်၍၊ ကာယပသာဒကိုထည့်ပြန်သဖြင့်။ကာယဒသကရုပ်ကလာပ်တစည်း။ ။၎င်းကာယပသာဒကိုနုတ်၍။ ဣတ္ထိဘာဝရုပ်တခုကိုထည့်ပြန်သဖြင့်။ ဣတ္ထိဘာဝဒသကရုပ်ကလာပ်တစည်း။ ။၎င်းဣတ္ထိဘာဝရုပ်ကိုနုတ်၍။ ပုရိသဘာဝရုပ်တခုကိုထည့်ပြန်သဖြင့်၊ ပုရိသဘာဝဒသက ရုပ်ကလာပ်တစည်း။ ။၎င်းပုရိသဘာဝရုပ်ကိုနုတ်၍၊ဟဒယဝတ္ထုရုပ်တခုကိုထည့်ပြန်သဖြင့်။ ဝတ္ထုဒသကကလာပ်တစည်း။ ။ယခင်အရင်းခံဖြစ်သော၊ မဟာဘုတ်-၄-ပါး၊ဝဏ္ဏ၊ဂန္ဓ၊ရသ၊ဩဇာ။ဤရုပ် ၈-ပါး။ဇီဝိတရုပ်တခုကိုထည့်၍၊ဇီဝိတနဝကရုပ်ကလာပ်တစည်း။ ဤသို့အားဖြင့်၊ ကမ္မဇရုပ်ကလာပ်-၉-စည်း တို့တည်း။ ။ယခင်ဓာတ်-၄-ပါး၊ ဝဏ္ဏ၊ဂန္ဓ၊ရသ၊ဩဇာ။ ဤရုပ်-၈-ခုကို၊တစုရှု၍၊ သုဒ္ဓဋ္ဌကရုပ်ကလာပ်တစည်း။ ။၎င်းရုပ်ရှစ်ခုတွင်၊ကိုယ်လှုပ်ရှားခြင်းကာယဝိညတ်တခုကိုထည့်၍။ ကာယဝိညတ္တိနဝကရုပ်ကလာပ်တစည်း။ ။၎င်းကာယဝိညတ်ကိုနုတ်၍။ ဝစီဝိညတ်ရုပ်၊သဒ္ဒရုပ်-၂-ခုကိုထည့်ပြန်သဖြင့်။ ဝစီဝိညတ္တိသဒ္ဒဒသကရုပ်၊ကလာပ်တစည်း။ ။၎င်းဝစီဝိညတ်၊သဒ္ဒကိုနုတ်၍။လဟုတာစသော ရုပ်-၃-ခုကိုထည့်ပြန်သဖြင့်။ လဟုတာဒိဧကာဒသက ရုပ်ကလာပ်တစည်း။ ။၎င်းလဟုတာဒိဧကာဒသကရုပ်ကလာပ်တွင်။ကာယဝိညတ်တခုကိုထည့်ပြန်သဖြင့်၊ ကာ

ယဝိညတ္တိလဟုတာဒိဒွါဒသက ရုပ်ကလာပ်တစည်း။ ။၎င်းကာယဝိညတ္တိလဟုတာဒိဒွါဒသကရုပ်ကလာပ်တွင်။ ကာယဝိညတ်ကိုနုတ်၍။ဝစီဝိညတ်၊သဒ္ဒရုပ်-၂-ခုကိုထည့်ပြန်သဖြင့်။ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသက ရုပ်ကလာပ်တစည်း။ ။ဤသို့အားဖြင့် စိတ္တဇရုပ် ကလာပ်-၆-စီး တို့ဘည်း။ ။ယခင်မဟာဘုတ်-၄-ပါး၊ ဝဏ္ဏ၊ဂန္ဓ၊ရသ၊ဩဇာ။ ဤရုပ်ရှစ်ခုကို၊ တရပရ၍၊ သုဒ္ဓဋ္ဌက ရုပ်ကလာပ်တစည်း။ ။၎င်းသုဒ္ဓဋ္ဌက ကလာပ်တွင်၊ သဒ္ဒရုပ်တခုကိုထည့်၍ သဒ္ဒနဝကရုပ်ကလာပ်တစည်း။ ။၎င်းသဒ္ဒရုပ်ကိုနုတ်၍၊လဟုတာ၊စသောရုပ်-၃-ခုကိုထည့်ပြန်သဖြင့်၊ လဟုတာဒိဧကာဒသကရုပ်ကလာပ်တစည်း။ ။၎င်းလဟုတာဒိဧကာဒသကကလာပ်တွင်၊သဒ္ဒရုပ်တခုကိုထည့်ပြန်သဖြင့်၊သဒ္ဒလဟုတာဒိဒွါဒသက ရုပ်ကလာပ်တစည်း။ ။ဤသို့အားဖြင့် ဥတုဇရုပ်ကလာပ်-၄-ပါးတို့တည်း။ ။ယခင်က၊ရုပ်ရှစ်ခုကိုပ၍၊သုဒ္ဓဋ္ဌကကလာပ်တစည်း။ ။၎င်းသုဒ္ဓဋ္ဌကကလာပ်တွင်၊လဟုတာ၊စသောရုပ်-၃-ခုကိုထည့်၍။လဟုတာဒိဧကာဒသကကလာပ်တစည်း။ ။ဤသို့အားဖြင့်၊ အာဟာရဇရုပ်ကလာပ်-၂-စည်းတို့တည်း။ ။ဤသို့ပြခဲ့ပြီးသောနည်းအားဖြင့်၊ ကမ္မဇရုပ်ကလာပ်-၉-စည်း။ စိတ္တဇရုပ်ကလာပ်-၆-စည်း။ ဥတုဇရုပ် ကလာပ်-၄-စည်း။အာဟာရဇရုပ်ကလာပ်-၂-စည်း အားဖြင့်။ရုပ်ကလာပ်တို့သည်-၂၁-စည်းရှိကုန်၏။ ။သို-၄ ပါးသောရုပ်တို့၏ ဖြစ်ပေါ်လာရခြင်း၏၊ အကြောင်းသရဋ္ဌာန်ကို၎င်း။ ထို-၄-ပါးသောရုပ်တို့၏ဖြစ်စဉ်ကို၎င်းပြဦးမည်။ ။ကာမာဝစရ ကုသိုလ် စေတနာ-၈-ခု။ ရူပါဝစရကုသိုလ်စေတနာ-၅-ခု။ အကုသိုလ်စေတနာ-၁၂-ခုအားဖြင့်။ ၂၅-ပါးသောစေတနာကံသည်။ ဘဝသစ်၌၊ ဖြစ်သစ်စ၊ပဋိသန္ဓေစိတ်၏ဥပါဒ်ကစ၍။ ဥပါဒ်တိုင်း၊ဌီတိုင်း၊ဘင်တိုင်း၊ကမ္မဇရုပ်တို့ကို၊အသစ်အသစ်ထပ်၍ထင်၍၊ မသေသေးသမျှကာလပတ်လုံး။ စုတိစိတ်မှပြန်၍ရေသော်။ ၁၇-ချက်မြောက်သောစိတ်၏ဥပါဒ်သို့ကျအောင်ဖြစ်စေ၏။ ။ဖြစ်ပြီးသော ကမ္မ

ဇရုပ်တို့သည်။ စိတ္တက္ခဏ-၁၇-ချက်စေ့ရာ စေ့ရာ၌၊ အစဉ်အ
တိုင်း၊ ခဏတိုင်းချုပ်၊ ခဏတိုင်းဖြစ်ပေါ်၍သွားကြကုန်၏။ ။အ
ရူပဝိပါက်စိတ်-၄-ခု။ ဒွေပဉ္စဝိညာဏ်-၁၀-ကြဉ်သော၊ ၇၅-ပါး
သောစိတ်တို့သည်။ ပဋိသန္ဓေစိတ်ချုပ်ဆုံးပြီးသည့်နောက်။ ဖြစ်
ပေါ်လာသောပဌမဘဝင်စိတ်မှစ၍။ စိတ်၏ဥပါဒ်တိုင်းဥပါဒ်တိုင်း၊
အဋ္ဌကလာပ်ရုပ်မှစ၍၊ စိတ္တဇရုပ်တို့ကိုဖြစ်စေကြကုန်၏။ ။စိတ်
တို့၏သဘောမှာ၊ ဥပါဒ်ခဏ၌သာအားရှိသည်ဖြစ်၍၊ ဥပါဒ်ခဏ၌
သာ၊ ရုပ်ကိုဖြစ်စေနိုင်သည်။ ဌီခဏ၊ ဘင်ခဏတို့၌၊ ရုပ်ကိုမဖြစ်
စေနိုင်။ ရဟန္တာတို့၏စုတိစိတ်ကိုကြဉ်၍၊ ပုထုဇန်သေက္ခတို့၏စု
တိစိတ်သို့ကျအောင်၊ ရုပ်ကိုဖြစ်စေနိုင်သည်။ ။အေး၊ အပူ၊ တေ
ဇောဓာတ်ဟုဆိုအပ်သောဥတုသည်။ ပဋိသန္ဓေစိတ်၏ဌီခဏမှစ
၍။ မိမိ၏ဌီသို့ရောက်တိုင်း၊ ဌီသို့ရောက်တိုင်း၊ ဥတုဇအဋ္ဌကလာပ်
ရုပ်တို့ကို၊ စုတိစိတ်သို့ကျအောင်ဖြစ်စေကြကုန်၏။ ရုပ်တို့၏သ
ဘောမှာဌီခဏ၌သာအားရှိသည်ဖြစ်၍၊ ဌီခဏ၌သာ၊ ရုပ်ကိုဖြစ်
စေ၏။ ဥပါဒ်ခဏ၊ ဘင်ခဏတို့၌၊ အားမရှိသည်ဖြစ်၍၊ ရုပ်ကိုမဖြစ်
စေနိုင်။ ။အချိုအချဉ်စသောအရသာတို့၏ တည်ရာဖြစ်သောအ
ဆီအနှစ်၊ အစေးအချွဲဟုဆိုအပ်သော ဩဇာအာဟာရသည်။ မျို
သောကာလမှစ၍။ မိမိ၏ဌီသို့ရောက်တိုင်းရောက်တိုင်း။ အာဟာ
ရဇအဋ္ဌကလာပ်ရုပ်တို့ကို၊ စုတိစိတ်သို့ကျအောင်ဖြစ်စေ၏။ ။
ကမ္မဇရုပ် တို့သည်၊ ပဋိသန္ဓေ စိတ်၏ ဥပါဒ်ကာလကစ၍၊ ဖြစ်
ပေါ်ကြကုန်၏။ စိတ္တဇရုပ်တို့သည်။ ပဋိသန္ဓေစိတ်နောင် ဖြစ်ပေါ်
လာသောပဌမဘဝင်စိတ်၏ဥပါဒ်ကစ၍၊ ဖြစ်ပေါ်ကြကုန်၏။ ဥတု
ဇရုပ်တို့သည်၊ ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍၊ ဖြစ်ပေါ်ကြကုန်၏၊
အာဟာရ ဇရုပ်တို့သည်။ ပဋိသန္ဓေစိတ်ဖြစ်ပြီးသည့်နောက်-၇-
ရက်-၂-လီ-၂-သတ္တာဟလွန်မြောက်၍။ သုံးသတ္တာဟသို့ရောက်
လျှင်။ အမိမျိုသော ဩဇာအာဟာရသည်။ သူငယ်ကိုအပြင်မှလှည့်
ပတ်၍။ အထောက်အပံ့ကိုပေးသဖြင့်။ သူငယ်၏ သန္တာန်၌တည်
သောဩဇာသည်၊ အားရှိသည်ဖြစ်၍။ အာဟာရဇရုပ်ကိုဖြစ်စေ၏၊

တနည်း၊အဓိမျိုသောဘြဲ့ဓာရည်သည်၊ သူငယ်၏ ချက်ပေါက်မှ ဝင်၍ရုပ်ကိုဖြစ်စေ၏။ ။စိတ်စေတသိက်တို့၏။ ၁၇-ကြိမ်၊ခဏ ငယ်-၅၁-ချက်စေ့အောင်။ကွယ်လွန်ချုပ်ဆုံးကြပြီးမှ။ရုပ်တို့မှာ။ တခါဖြစ်၊တခါချုပ်ရသော ခဏ-၃-ပါးမျှရသဥ္ဖြစ်၍။စိတ်စေတ သိက်တို့ထက်။ရုပ်တို့၏အသက်ရှည်သည်ဖြစ်၍။လုံးရပ်သဏ္ဍာန် အရှည်အတို၊အစိုင်အခဲ၊ အချိန်အတွယ်ပမာဏကို ရကောင်း သည်။နာမ်တရားတို့မှာ၊အလွန်အသက်တိုလှသည်ဖြစ်၍ အချိန် အတွယ်ပမာဏကိုမရချေ။ ကာမဘုံ၌ပြည့်စုံသော ဇာနေ့ရှိကုန် သော၊ ဥပပတ်သတ္တဝါ၊ သံသေဒဇသတ္တဝါတို့မှာ။ ပဋိသန္ဓေအ ခါ၌၊စက္ခုဒသက၊သောတဒသက၊ဃာနဒသက၊ဇိဝှါဒသက၊ကာ ယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသကဟုဆိုအပ်သော -၇-ပါး သောကမ္မဇရုပ်ကလာပ်တို့ကိုရအပ်ကုန်၏။ ။အဓိဝမ်းတွင်း၌။ ကိန်းအောင်းရသောဂဗ္ဘသေယျကသတ္တဝါတို့မှာ။ ပဋိသန္ဓေအ ခါ၌။ကာယဒသက၊ဘာဝဒသက၊ ဝတ္ထုဒသကဟုဆိုအပ်သော ကမ္မဇရုပ်ကလာပ်-၃ စည်းတို့ကိုသာ၊ရအပ်ကုန်၏။ပဝတ္တိအခါ၌ ကား။အလုံးစုံသောကလာပ်-၂၁-ပါး။ရုပ်-၂၈-ပါးတို့ကိုရအပ် ကုန်၏။ ။အသညသတ်ကြဉ်သော၊ရူပဖြဟ္မာ-၁၅-ဘုံတို့၌။ပဋိ သန္ဓေအခါ၊စက္ခုဒသက၊သောတဒသက၊ဝတ္ထုဒသက၊ဇီဝိတန ဝကဟုဆိုအပ်သော ကမ္မဇကလာပ်-၄-စည်းတို့ကိုရအပ်ကုန် ၏။ပဝတ္တိအခါ၌ကား။ဃာနပသာဒ၊ဇိဝှါပသာဒ၊ကာယပသာဒ၊ ဘာဝရုပ်-၂-ခု။ပေါင်း-၅-ပါးသောရုပ်တို့ကိုနုတ်၍။ကျန်-၂၃- ပါးသောရုပ်တို့ကိုသာရအပ်ကုန်၏။အာဟာရဇရုပ်ကိုလည်းမရ။ ရုပ်အသီးအခြားနုတ်ရန်မရှိချေ။ အသညသတ်ဘုံ၌။ပဋိသန္ဓေအ ခါ၊ ဇီဝိတနဝကကလာပ်ဟုဆို အပ်သောရုပ်-၉-ခုတို့ကိုသာရ အပ်ကုန်၏။ပဝတ္တိအခါ၌ကား။၎င်းဇီဝိတနဝကကလာပ်ရုပ်-၉- ခုတွင်။ဥပစယ၊ သန္တတိ၊ဇရတာ၊ အနိစ္စတာဟုဆိုအပ်သောလ က္ခဏာရုပ်-၄-ခု။ ရူပသလဟုတာ၊ မုဒုတာ၊ ကမ္မညတာဟုဆို အပ်သောဝိကာရရုပ်-၃-ခု။ပရိစ္ဆေဒရုပ်တခု။ ပေါင်းရုပ်-၈-ခု

ကိုထည့်၍၊၁၇-ပါးသောရုပ်တို့ကိုသာရအပ်ကုန်၏။ ။သုဂတိဘုံ၌၊ကြီးသောအာနုဘော်ရှိသော၊ကံသည်ဖြစ်စေအပ်သည်ဖြစ်၍ဥပပတ်ပုဂ္ဂိုလ်တို့အား။ စက္ခုစသော ဓာနဇ္ဈိမချိုင့်ကောင်းချေ။ ကမ္ဘာဦးသူ၊လူဥပပတ်တို့မှာ။ ပဋိသန္ဓေအခါ၌၊ ဘာဝရုပ်ကိုမရကြကုန်။သံသေဒဇ၊ ဂဗ္ဘသေယျတို့မှာ။စက္ခု၊ သောတ၊ဃာန-၃-ပါးချိုင့်ကောင်းကုန်၏။ ဒုဂ္ဂတိဘုံ၌ ဥပပတ်ပုဂ္ဂိုလ်တို့မှာ။ စက္ခု၊သောတ၊ဘာဝ၊ ချိုင့်ကောင်းကုန်၏။သံသေဒဇ၊ ဂဗ္ဘသေယျတို့မှာ။စက္ခု၊သောတ၊ဃာန၊ဘာဝ၊ချိုင့်ကောင်းကုန်၏။ ။ဤသို့ပြဆိုအပ်ခဲ့ပြီးသော၊အကြောင်းတရား-၄-ပါးတို့ကြောင့်ဖြစ်သောရုပ်ကလာပ်တို့သည်။ အရူပ-၄-ဘုံတို့၌ ဖြစ်သောအခါ၊ ခေတ္တချုပ်ငြိမ်း၍။ ကြွင်းသော ဘုံတို့၌။ ဆီမီးလျှံရေအလျဉ်ကဲ့သို့။ အစဉ်မပြတ်။တပတ်ပတ်တလည်လည်။ ကျင်လည်ခဲ့ရသောရုပ်ကလာပ်တို့၏အစကို။ သဗ္ဗညုရွှေဉာဏ်သော်မှ၊ ရှာ၍မရသဖြင့်။ အစမရှိကုန်။အဆုံးမူကား။မဟာအာသဝ်တ၊ နိဗ္ဗာန်သို့ရောက်လျှင်။ နေဝံဘဝသစ်၌။အသစ်မချွဲ၊အကြွင်းမဲ့လုံး။ကုန်ဆုံးခြင်းသို့သာရောက်ကြသဖြင့်၊အဆုံးရှိသောတရားဟူ၍၊မှတ်ရမည်။ ။ရုပ်ပရမတ်ပြီး၏။

နိဗ္ဗာန်ပရမတ်ဟူသည်အဘယ်နည်း။နိဗ္ဗာန်ဟူသည်ကား။သတ္တဝါတို့ကို၊သံသရာ၌၊ ချုပ်စပ်၍ထားတတ်သောကြောင့်။ ဝါနဟူသောတဏှာမှ၊လွတ်ငြိမ်းရာ။အလုံးစုံသောကိလေသာအာသဝေါဟူသော်အကြောင်းမျိုးစေ့တို့၏ကုန်ခန်းခြောက်သွေ့ရာ။စိတ်၊စေတသိက်၊ ရုပ်ပရမတ်တို့၏၊ ပြတ်စဲကုန်ဆုံးရာ။ အလွန်ငြိမ်းခြင်းသန္တိ လက္ခဏာရှိသော၊ လောဘ၏ နှစ်သက်ခြင်းလုပ္ပနသဘော။ဒေါသ၏ ပြစ်မှားခြင်းဒုဿနသဘော။ မောဟ၏တွေဝေမျှလွင့်ခြင်းရယ်ှနသဘောတို့သည်။သတ္တဝါတို့၏ သန္တာန်၌၊အစဉ်ကိန်းလျက် အထင်အရှား၊ ပရမတ်အားဖြင့် ရှိကုန်သကဲ့သို့။ ထို့အတူ၊အဘိသုခ၊နိစ္စ၊ထာဝရ၊အမြဲတည်သော။သမထဘာဝနာ၏အစွမ်းကြောင့်။အသစ်စက်စက်။ ဆိုက်ရောက်ဖြစ်ပေါ်လာ

သော ပဋိဘာဂနိမိတ်ကဲ့သို့။ ပဥ္စမ သောတာပတ္တိမဂ်စိတ်ကျ
ရောက်ဥပါဒ်သောအခိုက်၌။ဆိုက်ရောက်ဖြစ်ပေါ်လာသည်ဖြစ်၍။
ပကွယ်ကုန်ပျောက်။အဆုံးရောက်သည့်မရှိကောင်းသော၊သဘော
ဝတ္ထုတရသည်။နိဗ္ဗာန်ပရမတ်မည်၏။ ။ထိုနိဗ္ဗာန်ပရမတ်သည်။
လောဘစသောတရားတို့၏။ လုဉ္စနစသောသဘောတို့ကဲ့သို့၊ချုပ်
တုံ၊ပျက်တုံနေသော သဘောမဟုတ်။ ပဥ္စမမဂ်အခိုက်၌။ ဆိုက်
ရောက်ဖြစ်ပေါ်လာသည်မှ စ၍။ ချုပ်ငြိမ်းကွယ်ပျောက်ခြင်းဟူ
သောဘင်မရှိ။အမြဲတည်သောချမ်းသာနှစ်တရဖြစ်သည်။ ။ထို
နိဗ္ဗာန်သည်၊ ရှေးအတိတ်က။ရှိနှင့်၊ ဖြစ်နှင့်သောတရားလည်း မ
ဟုတ်။အနာဂတ်၌ရှိ၍ နေနှင့်သောတရားလည်းမဟုတ်။ယခုပစ္စု
ပ္ပန်၊ အဇ္ဈတ္တသန္တာန်၌လည်းမရှိ။ ဗဟိဒ္ဓအပ၌လည်းမရှိ။ ဝိပဿ
နာဘာဝနာတရားကို၊ ပွါးများအားထုတ်သော ယောဂါဝစရပု
ဂ္ဂိုလ်၏သန္တာန်၌၊ဝိပဿနာဉာဏ်၊ရင့်သန်ခြင်းကိုအရင်းခံ၍။မဂ်
ဉာဏ်၊ဖိုလ်ဉာဏ်၊ကျရောက်သဖြင့်။ ထိုမဂ်ဖိုလ်တို့၏အာရုံ။ထို
မဂ် ဖိုလ်တို့သည်။၎င်းနိဗ္ဗာန်ကိုအာရုံပြုရသည်ဖြစ်၍၊ လောဘစ
သောကိလေသာမျိုးစေ့တို့ကို၊သန္တာန်၌မပြန်လာရအောင်။အနုသ
ယနှင့်တကွ၊ဖုတ်ဖြိုက်ပယ်ရှားနိုင်ကြကုန်သည်။ယင်းကဲ့သို့၊အ
ဝိဇ္ဇာ၊တဏှာ၊ဥပါဒါန်၊ကံဟူသောမျိုးစေ့တို့၏၊ကုန်ခန်းသွေ့ခြော်
ခြင်းကြောင့်။ နောင်ဘဝသစ်၌၊ အညွှန့်အညှောက်။ခန္ဓာတပင်မ
ပေါက်မူ၍။၎င်းခန္ဓာပင်ကိုမှီ၍သီးသော၊ဇာတိအစရှိသော-၁၂-
ပါးသောဒုက္ခသီးတို့သည်။ပြီးဆုံးကုန်ငြိမ်းရကြကုန်သည်။ ။သော
တာပတ္တိမဂ်ပုဂ္ဂိုလ်အစရှိသောအရိယာပုဂ္ဂိုလ်တို့သည်။ပဥ္စမမဂ်
အခိုက်၌၊ဆိုက်ရောက်လာသော နိဗ္ဗာန်ကိုပင်။အာရုံပြုကာ။ငြိမ်း
ချမ်းသာ နေတော်မူကြပြီးမှ။ ပရိနိဗ္ဗာန်စံယူတော်မူကြသောအ
ခါ၊ ရုပ်နာမ်ခန္ဓာဟူသော၊သင်္ခတတရားတို့သည်။အကြွင်းမဲ့ လုံး၊
အဆုံးသို့ရောက်သဖြင့်ကွယ်ပျောက်ကြကုန်၏။ ပဥ္စမမဂ်အခိုက်
၌၊ဆိုက်ရောက်လာသောနိဗ္ဗာန်အစစ်၊ချမ်းသာနှစ်သာ၊ကျန်ရစ်ခဲ့
ကုန်၏။ထိုနိဗ္ဗာန်အစစ်၊ချမ်းသာနှစ်မှုကား၊ဘယ်နံ့မှ၊ ပကွယ်ကုန်

ပျောက်၊အဆုံးရောက်သည်ဟူ၍မရှိကုန်။ ။ဂင်္ဂါဝါဠု။သဲစုမကာ။ ပွင့်တော်မူသမျှသောဘုရားရှင်တို့၏ နိဗ္ဗာန်သည်လည်းကောင်း။ တဆူတဆူလျှင်၊ ကျွတ်တမ်းဝင်ပါသော-၂၄-သင်္ချေ၊ ကုဋေခြော်ဆယ်၊ ဗိုလ်ခြေတသိန်းမျှလောက် ကျွတ်တမ်းဝင်ပါသော ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏မျက်မှောက်ပြုအပ်သော နိဗ္ဗာန်သည် လည်းကောင်း။ထင်ရှားရှိကြကုန်၏။ ။အရိယာအရှင်သခင်တို့သည်။ ပရိနိဗ္ဗာန်မစံခင်။ ထင်ထင်ကွက်ကွက်၊ မျက်မှောက်အားဖြင့်၊ စံစားတော်မူကြသောနိဗ္ဗာန်သည်၊ခန္ဓာ-၅-ပါး။မချုပ်မငြိမ်းသေး။ အကြွင်းရှိသေးသည်ဖြစ်၍။ ပရိနိဗ္ဗာန်မစံခင်မြင်ရသော နိဗ္ဗာန်သည်။ သဥပါဒိသေသနိဗ္ဗာန်မည်၏။ ပရိနိဗ္ဗာန်စံ၍ရုပ်နာမ်ချုပ်ငြိမ်းပြီးသည်နောက်။ယခင်က၊ မြင်နှင့်ခံစားနှင့်ရသော နိဗ္ဗာန်အစစ်၊ချမ်းသာနှစ်အရ၊တခုသာဖြစ်၍၊ကျန်ရစ်သောနိဗ္ဗာန်သည်ခန္ဓာ-၅-ပါးအကြွင်းမရှိပြီဖြစ်သောကြောင့်၊အနုပါဒိသေသနိဗ္ဗာန်မည်၏။ ။နိဗ္ဗာန်၏အရသာကို၊ ငါခံစား၍၊နေရသည်ဟု၊ ဆိတ်မှတ်တတ်သောပုဂ္ဂိုလ်သတ္တဝါ၊ငါသူတပါးဟူ၍မရှိတော့ပြီ။နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သောယောကျ်ား၏။ချမ်းသာခြင်းကဲ့သို့။ ၁၂-ပါးသောဒုက္ခအစုတို့၏၊ကုန်းခန်း၍၊ကြည်ငြိမ်းချမ်းခြင်းကိုပင်၊နိဗ္ဗာန်ချမ်းသာဆိုသည်။ ။စက်ဆုပ်ရွံရှာဘွယ်ရှိသော၊ ကာမဂုဏ်အပုဒ်ဆိုးတို့ကို။ မြတ်နိုးနှစ်သက်တတ်သော၊ လောဘ၊ ကိလေသာ၊တဏှာ၊ရာဂ၊ကုန်ခန်းသွေ့ခြောက်ခြင်းသို့၊မရောက်ကြရသေးသောပုထုဇဉ်သတ္တဝါတို့မှာမူကား။လောဘ၊တဏှာ၊ကိလေသာတို့၏အာရုံ၊ကာမဂုဏ်တို့နှင့်၊ တွေ့ကြုံပေါင်းဆုံ၍နေရမှ၊ပျော်ပိုက်နှစ်ခြိုက်ကြ၏။ ၎င်းကာမဂုဏ်ကိုမရလျှင်၊ အလွန်ဒုက္ခဖြစ်ကြ၏။၎င်းကာမဂုဏ်ကို ရပါလိုခြင်းငှာ ရှာဖွေကြံစည်ရသော ဒုက္ခလည်းအလွန်ပင်များပြားကျယ်ဝန်းလှ၏။ ကာမဂုဏ်တို့နှင့်တကွ၊မနေရရာအရပ်ဟုဆိုလျှင်။မလိုချင်မတောင့်တနိုင်ကြကုန်။ ။စက်ဆုပ်ရွံရှာဘွယ်ရှိသော ခွေးကောင်ပုပ်ကို၊ နှစ်သက်တတ်ကြသောသဘာဝမျှ။ ပဋိသန္ဓေအတွင်းက၊ပါရင်းရှိ

ကြသော၊လင်းတတ်ကုန်သော်သာ၊သံဒွေအတွင်း၌။ ဆွေးကောင်ပုပ်နှင့်တွေ့ကြုံ၍နေရလျှင်၊အာလွန်နှစ်မြိုက်၊ပျော်မိုက်ကြ၏။ဆွေးကောင်ပုပ်ကိုမရလျှင်အလွန်ဒုက္ခဖြစ်ကြ၏။ ဆွေးကောင်ပုပ်ကို မတွေ့တွေ့အောင်၊ ရှာဖွေရသော ဒုက္ခလည်းအလွန်ပင်များပြားကျယ်ဝန်းလှ၏။ဆွေးကောင်ပုပ်မရှိရာအရပ်ဟုဆိုလျှင်။မလိုချင်မတောင့်တမနှစ်သက်နိုင်ကြကုန်။ ။ဆွေးကောင်ပုပ်ကိုနှစ်သက်တတ်သောသဘာဝဓမ္မ။ပဋိသန္ဓေအတွင်းက။ကင်းပြီးသောလူသတ္တဝါတို့မှာ။ဆွေးကောင်ပုပ်နှင့်တွေ့ကြုံသော်လည်းမပျော်မိုက်၊မနှစ်မြိုက်နိုင်။ ဆွေးကောင်ပုပ်ကိုမရသော်လည်း ဒုက္ခမဖြစ်။ ဆွေးကောင်ပုပ်ကို ရှာဖွေရခြင်းကြောင့်ဖြစ်သောဒုက္ခလည်းမရှိ။ ဆွေးကောင်ပုပ်မရှိရာအရပ်ကိုသာမျှော်လင့်တောင့်တ၍ ပြေးသွားချင်ဘိသကဲ့သို့။ထို့အတူ။ဝတ္ထုအာရုံကာမဂုဏ်အပူအိုးတို့ကို။မြတ်နိုးစုံမက်။ နှစ်သက်တတ်သောလောဘ၊တဏှာ၊ကိလေသာဟူသောအစေးကုန်ခန်း၍။ ရဟန္တာဖြစ်ပြီးသော အရှင်မြတ်တို့မှာမူကား။ ကာမဂုဏ်တို့နှင့်တွေ့ကြုံသော်လည်း။မပျော်မိုက်မနှစ်မြိုက်နိုင်၊မရသော်လည်းဒုက္ခမဖြစ်။၎င်းကာမဂုဏ်ကို ရှာဖွေရခြင်းကြောင့်ဖြစ်သော ဒုက္ခလည်းမရှိ။ ဗဟိဒ္ဓအာရုံ၊ ကာမဂုဏ်နှင့်တကွ။ စက်ဆုပ်ရွံရှာ။၍ ကိုယ်ခန္ဓာ။ ဝန်ထုပ်ကိုပင်။ စွန့်သွန်ပယ်ချ၍။ အနုပါဒိသေသ၊နိဗ္ဗာန်ကမ်းကိုသာ၊မျှော်လှမ်းတောင့်တလျက်နေနိုင်တော်မူကြပေကုန်၏။ ။နိဗ္ဗာန်ပရမတ်ပြီး၏။

ယင်းကဲ့သို့ပြဆိုအပ်ခဲ့ပြီးသောပရမတ္ထတရား-၄-ပါးတို့ကို။ငါးပါးခွဲခြား၍။ခန္ဓာအားဖြင့်။ ဝေဘန်ပြန်သည့်ရှိသော်။ ရုပ်-၂၈-ခုသည်၊ရူပက္ခန္ဓာမည်၏။ ။ဝေဒနာစေတသိက်တခုသည်၊ဝေဒနက္ခန္ဓာမည်၏။ ။သညာစေတသိက်တခုသည်၊သညက္ခန္ဓာမည်၏။ ။ကြွင်းသောစေတသိက်-၅၀-သည်၊သင်္ခါရက္ခန္ဓာမည်၏။ ။စိတ်တခုယုတ်ကိုးဆယ်။ အကျယ်-၁၂၁-ပါးသည်၊ဝိညာဏက္ခန္ဓာမည်၏။ ။နိဗ္ဗာန်သည်၊ခန္ဓာဟူသောရေတွက်ခြင်းမှလွတ်၏။ ။အဘယ်ကြောင့်ရုပ်-၂၈-ခုကို၊ ရူပက္ခန္ဓာဟုဟောတော်မူပါသ

နည်း။ ။ရုပ်တို့သည်။လွန်ခဲ့ပြီးချုပ်ခဲ့ပြီးသောအတိတ်ကာလ၌တည်
သောရုပ်-၂၈-ခု။ မဖြစ်မပေါ်လာသေး၊ ဖြစ်လာလတ္တံ့၊ပေါ်လာ
လတ္တံ့ဖြစ်သောအနာဂတ်ကာလ၌တည်သောရုပ်-၂၈-ခု။ချောံ
ပတ်သော အကြောင်းကိုစွဲ၍။ ဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန် ကာလ၌
တည်သော ရုပ်-၂၈-ခု။ ဤသို့အားဖြင့်၊ အလွန်များသော်လည်း။
ဖေါက်ပြန့်ကွဲပြို။ ဖရိုဖရဲ။ကြဲခြင်းလက္ခဏာတခု၌၊ ရဆင်ခြင်၍။
မြင်အပ်သောကြောင့်ရင်း။ ဇာတိ၊ဇရာ၊ဗျာဓိ၊မရဏတို့၏။အစား
ကိုခံရသောကြောင့်ရင်း။ ရူပက္ခန္ဓာမည်၏။ ။ဝေဒနာစေတသိက်
သည်။ ဆိုခဲ့ပြီးသောကာလ-၃-ရပ်၌တည်သောအားဖြင့်၊အလွန်
များသော်လည်း။သုခ၊ဒုက္ခ၊စသည်တို့ကို၊ခံစားခြင်းလက္ခဏာတ
ခု၌၊ရဆင်ခြင်၍မြင်အပ်သောကြောင့်ရင်း။ ဇာတိ၊ဇရာ၊ဗျာဓိ၊မရ
ဏတို့၏ အစားကိုခံရသောကြောင့်ရင်း။ ဝေဒနက္ခန္ဓာမည်၏။ ။
သညာစေတသိက်တခုသည်။ဆိုခဲ့ပြီးသောကာလ-၃-ရပ်၌တည်
သောအားဖြင့်၊ အလွန်များပြားလေငြားသော်လည်း။ အမှတ်ပြု၍၊
သိခြင်းလက္ခဏာတခု၌၊ ရဆင်ခြင်၍ မြင်အပ်သောကြောင့်ရင်း။
ဇာတိ၊ဇရာ၊ဗျာဓိ၊ မရဏတို့၏အစားကိုခံရသောကြောင့်ရင်း။သ
ညာက္ခန္ဓာမည်၏။ ။ဝေဒနာ၊သညာမှကြွင်းသောစေတသိက်-၅၀-
တို့သည်။ ဆိုခဲ့ပြီးသောကာလ -၃-ရပ်၌ တည်သောအားဖြင့်၊အ
လွန်များသော်လည်း၊ပြုပြင်စီရင်ခြင်းဟူသောလက္ခဏာတခု၌၊ရ
ဆင်ခြင်၍၊မြင်အပ်သောကြောင့်ရင်း။ဇာတိ၊ဇရာ၊ဗျာဓိ၊မရဏတို့
၏အစားကိုခံရသောကြောင့်ရင်း။သင်္ခါရက္ခန္ဓာမည်၏။ ။စိတ်တ
ခုယုတ်ကိုးဆယ်၊အကျယ်-၁၂၁-ပါးတို့သည်။ဆိုခဲ့ပြီးသောကာ
လ-၃-ရပ်၌တည်သောအားဖြင့်၊အလွန်များငြားသော်လည်း။အာ
ရုံကို သိခြင်းငြိတွယ်ခြင်းဟူသော လက္ခဏာတခု၌၊ ရဆင်ခြင်၍
မြင်အပ်သောကြောင့်ရင်း။ ဇာတိ၊ဇရာ၊ဗျာဓိ၊မရဏတို့၏အစား
ကိုခံရသောကြောင့်ရင်း။ဝိညာဏက္ခန္ဓာမည်၏။ ။နိဗ္ဗာန်သည်။
ဆိုအပ်ခဲ့ပြီးသောကာလ-၃-ရပ်ကိုမရသည်ဖြစ်၍၊မရအပ်သော
ကြောင့်ရင်း။ဇာတိ၊ဇရာ၊ဗျာဓိ၊ မရဏတို့၏အစားကိုမခံရသော

ကြောင့်ဝှင်း၊ ခန္ဓာ၏အတွင်းသို့၊ ထည့်သွင်း၍၊ ဟောတော်မမူလေ
သတည်း။ ။ဝှင်းခန္ဓာ-၅-ပါးတို့တွင်။ ရူပက္ခန္ဓာသည်။ ရေမြုပ်နှင့်
တူ၏။ ဝေဒနက္ခန္ဓာသည်။ ရေပွက်နှင့်တူ၏။ သညာက္ခန္ဓာသည်။ တံ
လှပ်နှင့်တူ၏။ သင်္ခါရက္ခန္ဓာသည်။ ငှက်ပျောတုံး၊ လက်ပံတုံးနှင့်တူ
၏။ ဝိညာဏက္ခန္ဓာသည်။ မျက်လှည့်သည်နှင့်တူ၏။ ။အသညာ
သတ်ဘုံ၌၊ ရူပက္ခန္ဓာတခုမျှသာ ရှိ၍။ ဧကဝေါကာရ ဘဝဟုခေါ်
သည်။ ။အရူပ-၄-ဘုံ၌နာမက္ခန္ဓာ-၄-ပါးမျှသာရှိ၍။ စတုဝေါကာ
ရဘဝဟုခေါ်သည်။ ။ကြွင်းသောဘုံတို့၌။ ခန္ဓာ-၅-ပါးလုံးရှိကြ
သောကြောင့်။ ပဉ္စဝေါကာရဘဝဟုခေါ်သည်။ ။ဤဆိုအပ်ခဲ့
ပြီးသော်ဘဝ-၃-ပါး၌ကျရောက်သမျှသင်္ခါရတို့၌၊ မိန်းမ၊ ယောကျ်ား၊
ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါးမရှိ။ ခန္ဓာ-၅-ပါးအစုအဝေးမျှသာရှိ
သည်ဟု၊ သိကြကုန်ပြီးလျှင်။ ဖေါက်ပြန်မှားယွင်းသဖြင့်၊ မှတ်ထင်
သောသညာဝိပလ္လာသ၊ အမှတ်မှားတို့မှ၊ လွတ်ကွာ၍၊ ခန္ဓာငါးပါး
အစုမျှသာယူဆလျက်။ ယထာဘူတဉာဏ်ကို၊ ရကြစေခြင်းငှာ၊
ခန္ဓာကို ဟောတော်မူရသည်။ ခန္ဓာငါးပါးပြီး၏။ ။ဝှင်းပရမတ္ထ
တရား-၄-ပါးတို့ကိုပင်။ ၁၂-ပါးခွဲခြား၍။ အာယတနအားဖြင့်ဝေ
ဘန်ပြန်သည်ရှိသော်။ စက္ခုပသာဒဝတ္ထုရုပ်သည်။ စက္ခာယတန
မည်၏။ သောတပသာဒဝတ္ထုရုပ်သည်။ သောတာယတနမည်၏။
ဃာနပသာဒဝတ္ထုရုပ်သည်။ ဃာနာယတနမည်၏။ ဇိဝှါပသာဒဝ
တ္ထုရုပ်သည်။ ဇိဝှါယတနမည်၏။ ကာယပသာဒဝတ္ထု ရုပ်သည်။
ကာယာယတနမည်၏။ စိတ်တခုယုတ်ကိုးဆယ်။ အကျယ်-၁၂၁-
ပါးသည်။ မနာယတနမည်၏။ ဤအာယတန-၆-ပါးတို့ကို။ အဇ္ဈ
တ္တိကာယတန -၆-ပါး ဟုခေါ်သည်။ ။အဆင်းဟူသော ရူပါရုံ
သည်၊ ရူပါယတနမည်၏။ အသံဟူသောသဒ္ဒါရုံသည်၊ သဒ္ဒါယတ
နမည်၏။ အနံ့ဟူသောဂန္ဓာရုံသည်၊ ဂန္ဓာယတနမည်၏။ အရသာ
အချိုအချဉ်ဟူသောရသာရုံသည်၊ ရသာယတနမည်၏။ အထိအ
တွေ့ဟူသောဖေါဋ္ဌဗ္ဗာရုံသည်၊ ဖေါဋ္ဌဗ္ဗာယတနမည်၏။ ဤပသာ
ဒရုပ်-၅-ပါး။ ဝိသယရုပ်-၇-ပါး။ ပေါင်း-၁၂-ပါးသောရုပ်တို့မှ

ကြွင်းသော-၁၆-ပါးသောသုခုမရုပ်၊စေတသိက်-၅၂-ပါး၊နိဗ္ဗာန်၊ ဤတရားစုသည်၊ဓမ္မာယတနမည်၏။ဤရူပါယတန၊စသောအာယတန-၆-ပါးတို့ကို။ဗါဟိရာယတန-၆-ပါးဟုခေါ်သည်။ ။၎င်းအဇ္ဈတ္တိကာယတန-၆-ပါး။ဗါဟိရာယတန-၆-ပါး။၂-ရပ်ကိုပေါင်း၍၊အာယတန-၁၂-ပါးဟုဆိုသည်။ ။ပရမတ္ထတရား-၄-ပါးအကြွင်းအကျန်မရှိ၊ ကုန်၏။ ။ထို-၁၂-ပါးတို့တွင်။စက္ခုပသာဒစသည်တို့ကို။ အဘယ်ကြောင့်အာယတနခေါ်ပါသနည်း။ ။ရှည်လျားလှစွာ သံသရာဒုက္ခကို ဖြစ်စေတတ်သောကြောင့်၎င်း။ ခပ်သိမ်းသော ဒုက္ခအပေါင်းတို့၏ တည်ရာဖြစ်သောကြောင့်၎င်း။ စက္ခုဝိညာဏ်အစရှိသောစိတ်စေတသိက်တို့၏။ ၎င်းစက္ခုပသာဒမှ၊ထွက်၍၊ရူပါရုံအစရှိသေါအာရုံတို့ကို၊အာရုံပြုကြရသဖြင့်။၎င်းစက္ခုဝိညာဏ်အစရှိသောစိတ်၊ စေတသိက်တို့၏၊ စုဝေး၍တည်ရာအရပ်ဖြစ်သောကြောင့်၎င်း။ အာယတနဟုခေါ်သည်။ ။အာယတန-၁၂-ပါးပြီး၏။ ။၎င်းပရမတ္ထတရား-၄-ပါးတို့ကိုပင်-၁၈-ပါးခွဲခြား၍။ဓါတ်အားဖြင့်၊ဝေဘန်ပြန်သည်ရှိသော်။စက္ခုပသာဒသည်၊စက္ခုဓါတ်မည်၏။ သောတပသာဒသည်၊ သောတဓါတ်မည်၏။ဃာနပသာဒသည်၊ဃာနဓါတ်မည်၏။ ဇိဝှါပသာဒသည်၊ ဇိဝှါဓါတ်မည်၏။ ကာယပသာဒသည်၊ ကာယဓါတ်မည်၏။ ။ရူပါရုံသည်၊ရူပဓါတ်မည်၏။ သဒ္ဒါရုံသည်၊သဒ္ဒဓါတ်မည်၏။ဂန္ဓာရုံသည်၊ဂန္ဓဓါတ်မည်၏။ရသာရုံသည်၊ ရသဓါတ်မည်၏။ဖေါဋ္ဌဗ္ဗာရုံသည်၊ဖေါဋ္ဌဗ္ဗဓါတ်မည်၏။ ။ကြွင်းသောသုခုမရုပ်-၁၆-ပါး။ စေတသိက်-၅၂-ပါး။နိဗ္ဗာန်သည်၊ ဓမ္မဓါတ်မည်၏။ ။စက္ခုဝိညာဏ်စိတ်သည်၊ စက္ခုဝိညာဏ ဓါတ်မည်၏။ သောတဝိညာဏ်စိတ်သည်၊သောတဝိညာဏဓါတ်မည်၏။ဃာနဝိညာဏ်စိတ်သည်၊ဃာနဝိညာဏဓါတ်မည်၏။ ဇိဝှါဝိညာဏ်စိတ်သည်၊ ဇိဝှါဝိညာဏ ဓါတ်မည်၏။ ကာယဝိညာဏ် စိတ်သည်၊ကာယဝိညာဏဓါတ်မည်၏။ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းဒွေ။ ဤ-၃-ခုသောစိတ်သည်၊ မနောဓါတ်မည်၏။ ပဉ္စဝိညာဏ

ခေတ်၊မနောခေတ်မှ၊ကြွင်းသမျှသောစိတ်သည်၊မနောဝိညာဏ
ခေတ်မည်၏။ ။နာမ်ခေတ်-၇-ပါး။ရုပ်ခေတ် ၁၀-ပါး။ရုပ်၊နာမ်-
၂-ပါးရောသောခေတ်တပါး။ ။ဤသို့အားဖြင့်ခေတ်-၁၈-ပါး
တည်း။ ။ဋင်း-၁၈-ပါးသောတရားတို့ကို၊အဘယ်ကြောင့်။ခေတ်
ဟုဆိုပါသနည်း။ ။မိမိတို့၏သဘောလက္ခဏာကို၊ဆောင်ရွက်
တတ်သောကြောင့်ဋင်း။တပါးမက၊များလှစွာသောသံသရာဒုက္ခ
ကို၊စီရင်တတ်သောကြောင့်ဋင်း။ မြဲခြင်းဟူသောနိစ္စနိမိတ်၊ ချမ်း
သာခြင်းဟူသော သုခနိမိတ်၊ ငါဟူသောအတ္တနိမိတ်မှ၊ ဆိတ်
သောကြောင့်ဋင်း။ခေတ်ဟူ၍ခေါ်သည်။ ။ယင်းသို့ပြဆိုအပ်ခဲ့ပြီး
သော၊ခန္ဓာ၊ အာယတန၊ခေတ်တို့တွင်။ ခန္ဓာ-၅-ပါး၌။ ရူပက္ခန္ဓာ
သည်၊ဒိုးခွက်နှင့်တူ၏။ဝေဒနက္ခန္ဓာသည်၊ထမင်းနှင့်တူ၏။သညာ
က္ခန္ဓာသည်၊ဟင်းလျာနှင့်တူ၏။ သင်္ခါရက္ခန္ဓာသည်၊ထမင်းဟင်း
ချက်သမားနှင့်တူ၏။ ဝိညာဏက္ခန္ဓာသည်၊ထမင်းစားသမားနှင့်
တူ၏။ ။ဝေဒနာစေတသိက်၊သညာစေတသိက်တို့ကို။အဘယ်
ကြောင့်။ခန္ဓာတပါးစီအသီးအခြားဟောကြားတော်မူပါသနည်း
ဟူမူ။တေဘူမကတရားတို့တွင်။သာယာသည်၏အစွမ်းအားဖြင့်
ဖြစ်သောတရားသည်၊ ဝေဒနာသာလျှင်အရင်းဖြစ်၍။ ဝဋ်တရား
တို့၌ အလွန်ကျေးဇူးများသောတရားဖြစ်၍။ ဝေဒနာစေတသိက်
တခုကို။ ခန္ဓာတပါး၊ အသီးအခြား ထား၍ ဟောကြားတော်မူ
သည်။ ။အသုဘစသည်ကို။သုဘစသည်ဖြင့်၊ မှတ်ထင်ခြင်း၊
သညာဝိပလ္လာသကြောင့်၊ ထိုဝေဒနာသည်၊ သာယာသော အ
ခြင်းအရာဖြစ်ရခြင်းအား။အလွန်ကျေးဇူးများသောတရားဖြစ်၍။
သညာစေတသိက်တခုကို၊ခန္ဓာတပါးအသီးအခြားထား၍ဟော
ကြားတော်မူသည်။ ။ကြွင်းသော စေတသိက်တရားတို့ကား။
ဤကဲ့သို့ကျေးဇူးမများခြင်းကြောင့်-၅၀-လုံးရ၍။ခန္ဓာတပါးအား
ဖြင့်ဟောကြားတော်မူသည်။ ။ပရမတ္ထတရား-၄-ပါးတို့ကိုပင်။
ခန္ဓာအားဖြင့်ဝေဘန်။အာယတနအားဖြင့်ဝေဘန်။ခေတ်အားဖြင့်
ဝေဘန်။ဤကဲ့သို့ထပ်ခါထပ်ခါ၊အဘယ်ကြောင့်ဝေဘန်တော်မူ

ပါသနည်းဟူမူ။နာမ်၌တွေဝေယုံမှားသောသတ္တဝါဝေနေယျတို့၏အလို့ငှာ။နာမ်ကို-၄-ပါး။ရုပ်ကိုတပါးထား၍။ ခန္ဓာအားဖြင့်ဝေဘန်တော်မူသည်။ ။ရုပ်၌တွေဝေယုံမှားသော သတ္တဝါဝေနေယျတို့၏အလို့ငှာ။ရုပ်သက်သက်ကိုဆယ်ပါး။နာမ်သက်သက်ကိုတပါး။ရုပ်နာမ်ရောသောအာယတနကို၊တပါးထား၍။ အာယတနအားဖြင့်ဝေဘန်တော်မူသည်။ ။ရုပ်နာမ်နှစ်ပါး၌ရော၍တွေဝေသောသတ္တဝါဝေနေယျတို့၏အလို့ငှာ။ ရုပ်သက်သက်ကိုဆယ့်ပါး။နာမ်သက်သက်ကို-၇-ပါး။ရုပ်နာမ်ရောဓာတ်ကို၊တပါးထား၍ဟောကြားတော်မူသည်။ ။တနည်းကား။ ထက်သောဣန္ဒြေရှိသော ဝေနေယျတို့၏ အလို့ငှာ။ ခန္ဓာအားဖြင့်-၅-ပါးမျှထား၍ဟောကြားတော်မူသည်။ဣန္ဒြေမထက်လွန်း၊မနုလွန်းသော၊နာတိတိက္ခဝေနေယျတို့၏အလို့ငှာ။အာယတနအားဖြင့်-၁၂-ပါးထား၍၊ဟောကြားတော်မူသည်။ ။ဣန္ဒြေနုမုဒိန္ဒြိယ၊ ဝေနေယျတို့၏အလို့ငှာ။ ဓာတ် အားဖြင့်-၁၈-ပါးထား၍၊ ဟောကြားတော်မူသည်။ ။တနည်းကား။အကျဉ်းအားဖြင့်၊ဟောကြားမှု၊နှစ်သက်တတ်သော၊သံခိတ္တရုစိပုဂ္ဂိုလ်တို့၏အလို့ငှာ။ အကျဉ်းအားဖြင့်၊ခန္ဓာ-၅-ပါးကို၊ ဟောကြားတော် မူသည်။ ။မကျဉ်းမကျယ်ဟောကြားမှု၊ နှစ်သက်တတ်ကြသော မဇ္ဈိမရုစိ ပုဂ္ဂိုလ်တို့၏အလို့ငှာ။ မကျဉ်းမကျယ်အားဖြင့်၊ အာယတန-၁၂-ပါးကိုဟောကြားတော်မူသည်။ ။အကျယ်အားဖြင့်၊ဟောကြားမှု၊နှစ်သက်တတ်ကြသော၊ဝိတ္ထာရရုစိပုဂ္ဂိုလ်တို့၏အလို့ငှာ၊ အကျယ်အားဖြင့်။ဓာတ်-၁၈-ပါးကိုဟောကြားတော်မူသည်။ ။ယင်းကဲ့သို့၊ပြဆိုအပ်ခဲ့ပြီးသော၊ခန္ဓာ၊အာယတန၊ဓာတ်တို့၏ မပြတ်လည်၍လာသော၊ အစဉ်ဟု ဆိုအပ်သော သံသရာသည်။ မသိအပ်သောအစရှိ၏၊ အစကိုရှာ၍မရချေ။ ထို့ကြောင့်။ အနာဒိကောယံသံသာရော၊ပုဗ္ဗကောဋိနနာယတိ၊ဟုဟောတော်မူသည်။ ။အယံသံသာရော၊ ဤခန္ဓာ အာယတန ဓာတ်တို့၏၊ မပြတ်လည်၍လာသော သံသရာသည်။ အနာဒိကော၊ မသိအပ်သော အစရှိ

၏။ ဝါ၊ ဿဲအပ်သော အစကားမရှိ။ ပုဗ္ဗကောဋိ၊ အစရှည်ဝေး၊ ရှေး ဖြစ်သော အစွန်းအမြိတ်ကို။ နနာယတိ၊ မထင်နိုင်။ ။ဤကဲ့သို့ သဗ္ဗညုရွှေဉာဏ်သော်မှ။ အစကိုရှာ၍ မရအောင်။ ရှည်ဝေးလှ သော သံသရာစက်၊ ဒုက္ခထက်တို့မှ၊ မထွက်နိုင်ဘဲ။ ခိုင်တည်မြဲ လျက်၊ ဆင်းရဲစွာနေကြရခြင်းသည်၊ အဘယ်ကြောင့်နည်းဟုဆို လျှင်။ သစ္စာ-၄-ပါးတို့ကို၊ မသိနိုင်ကြခြင်းကြောင့်ဖြစ်ချေသည်။ ။

ထို့ကြောင့်။ စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာအ ပ္ပဋိဝေဓာ ဧဝမိဒံဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။ ။စတုကင်္ဂုတ္တရပါဠိတော်၌ဟောတော်မူသည်။ ။

ဘိက္ခဝေ၊ ချစ်သားတို့။ စတုန္နံ၊ ၄-ပါးကုန်သော။ အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို၊ အနနုဗောဓာ၊ အနုဗောဓဉာဏ်ဖြင့် မသိခြင်း ကြောင့်၊ ဝါ၊ ကာမာဝစရဉာဏ်ဖြင့်မသိခြင်းကြောင့်။ အပ္ပဋိဝေ ဓာ၊ ပဋိဝေဓဉာဏ်ဖြင့်မသိခြင်းကြောင့်။ ဝါ၊ လောကုတ္တရာမဂ် ဉာဏ်ဖြင့်မသိခြင်းကြောင့်။ ဧဝံဒီဃမဒ္ဓါနံ၊ ဤရှည်လျားလှစွာသံ သရာကာလပတ်လုံး။ မမဉ္စေဝ၊ ငါဘုရားသည်လည်းကောင်း။ တု မှာကဉ္စ၊ သင်ချစ်သားတို့သည်လည်းကောင်း။ သန္ဓာဝိတံ၊ ဤဘဝ မှထိုဘဝ၊ ထိုဘဝမှဤဘဝသို့၊ ကျင်သည်မျောပါးပြေးသွားရလှ လေပြီ။ သံသရိတံ၊ တဘဝတည်း၌၊ ထပ်ခါ၊ ထပ်ခါ၊ ကျင်လည်ရ လှလေပြီ။ ။သစ္စာ-၄-ပါးဟူသည်ကား။ ဒုက္ခသစ္စာ၊ သမုဒယ သစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူ၍-၄-ပါးအပြားရှိကုန်၏။ ထို- ၄-ပါးတို့တွင်။ လောကီစိတ်-၈၁-ပါး။ လောဘကြဉ်သောစေတ သိက်-၅၁-ပါး။ ရုပ်-၂၈-ပါး။ ဤတရားအစုတို့သည်၊ ဆင်းရဲဧ ကန်မှန်သော တရားတို့ဖြစ်ခြင်းကြောင့်၊ ဒုက္ခသစ္စာမည်ကုန်၏။ လောဘစေတသိက်တခုသည်။ ယခင်ဒုက္ခသစ္စာတရားတို့၏ဖြစ် ပေါ်လာရခြင်းအကြောင်းဧကန်မှန်သော တရားဖြစ်ခြင်းကြောင့် သမုဒယသစ္စာမည်၏။ မဟာအသင်္ခတဓာတ်၊ မြတ်သောနိဗ္ဗာန် သည်။ ယခင်ဒုက္ခ၊ သမုဒယတရား-၂-ပါးတို့၏ချုပ်ငြိမ်းကုန်ပျော် ရာဧကန်မှန်သော တရားဖြစ်ခြင်းကြောင့်၊ နိရောဓသစ္စာမည်၏။

သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပ၊သမ္မာဝါစာ၊သမ္မာကမ္မန္တ၊ သမ္မာအာဇီ
ဝ၊သမ္မာဝါယာမ၊ သမ္မာသတိ၊သမ္မာသမာဓိ ဟုဆိုအပ်သောမ
ဂ္ဂင်တရားကိုယ်ရှစ်ပါးသည်။နိရောဓသစ္စာနိဗ္ဗာန်သို့ရောက်ကြောင်း
ကောင်းမွန်သောကြောင့်၊မဂ္ဂသစ္စာမည်၏။ ဤသစ္စာ-၄-ပါးတရား
တို့ကို၊ ကာမာဝစရ အနုဗောဓဉာဏ်ဖြင့်၊ သိမြင်အောင် အား
ထုတ်ရမည်မှာ။ယခင်ကပြခဲ့ပြီးသော၊စိတ်ပရမတ်။ စေတသိက်
ပရမတ်။ရုပ်ပရမတ်တို့ကို။ စေ့စေ့ငုငု၊မြင်အောင်ရှု၍၊ ဤတရား
ကား-ဤကိစ္စတပ်၏။ဤဝတ္ထုရုပ်ကိုမှီ၍ဖြစ်၏။ ဤဒွါရမှထွက်၍။
ဤအာရုံကို၊ အာရုံပြု၍ဖြစ်၏။ တကြိမ်၊နှစ်ကြိမ်စသည်ဖြင့် ဖြစ်
ကောင်း၏။ဤဘုံ၌ဖြစ်ထိုက်၏။ဤပုဂ္ဂိုလ်သန္တာန်၌သာဖြစ်ကောင်း
၏။ဤသို့သောအကျိုးကိုပေး၏၊ စသည်ဖြင့်ပရမတ္ထသဘာဝတို့
ကို။စိတ်စိတ်မွမွ။သရုပ်အားဖြင့်ရေတွက်၍သော်လည်းကောင်း။
သဘောကိုစူးစိုက်၍သော်လည်းကောင်း။မိမိစိတ်၌၊ နီဝရဏတို့
ကိုဆိတ်စေပြီးမှ။ ဆင်ခြင်စဉ်းစားပွါးများအားထုတ်၍နေသော
အခါ။ပညာပြဋ္ဌာန်းသော၊ ကာမာဝစရဉာဏသမ္ပယုတ်ကုသိုလ်
စိတ်တည်းဟူသော ဘာဝနာဇော ဖြစ်ပေါ်၍နေ၏။ ထိုဘာဝနာ
ဇော၌ပါသောပညာသည်။ရင်းပရမတ္ထသဘာဝတို့ကို၊စူးစိုက်၍
သိမြင်သည်ဖြစ်သောကြောင့်၊ဒုက္ခသစ္စာကိုပိုင်းခြား၍ သိသည်
မည်၏။ယင်းကဲ့သို့၊ သိမြင်၍နေသောအခါ။ သာယာတောင့်တ၊
ဗျာပါရပြုတတ်သော လောဘစေတသိက်နှင့်တကွသော လော
ဘမူဇောစိတ်သည်။သန္တာန်၌ဝင်၍။ကိန်းခွင့်မရ။ ချုပ်ပျောက်၍
နေရသည်ဖြစ်သောကြောင့်၊ သမုဒယသစ္စာကိုပယ်သည်မည်၏။
ယင်းကဲ့သို့၊ ပရမတ္ထသဘာဝဖြစ်သောနာမ်ရုပ်တို့ကို အာရုံပြု၍
ဖြစ်သော၊ ကာမာဝစရ ဉာဏသမ္ပယုတ်စိတ်၌၊ ယှဉ်ပါသောပ
ညာသည်။သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။ရင်းနာမ်ရုပ်အာရုံသို့၊သမ္ပယုတ်
တရားတို့ကို၊တင်ပေးတတ်သောဝိတက်စေတသိက်သည်။သမ္မာ
သင်္ကပ္ပမဂ္ဂင်မည်၏။ ထိုခဏ၌။ဝစီဒုစ္စရိုက်-၄-ပါး။ ကာယဒုစ္စ
ရိုက်-၃-ပါးတို့မှ၊ကင်းလွတ်၍နေသည်ဖြစ်သောကြောင့်။သမ္မာဝါ

စာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟူသောမဂ္ဂင်-၃-ပါးလည်း။ ထိုက်သည့်အားလျော်စွာ ပါကြ၏။ ၎င်းနာမ်၊ရုပ်ပရမတ်တို့ကို အာရုံပြု၍နေသောအခါ၊ပျင်းရိတွန့်တိုခြင်းဟူသော၊ထိန၊ မိဒ္ဓကို လေသာတို့ကိုမဝင်လာရအောင်၊ ထောက်ပံ့တတ်သော ဝီရိယ စေတသိက်သည်။သမ္မာဝါယာမမဂ္ဂင်မည်၏။၎င်းနာမ်၊ရုပ်အာရုံ ၌၊ပြေးဝင်အောက်မေ့သောသတိစေတသိက်သည်၊သမ္မာသတိ မဂ္ဂင်မည်၏။၎င်းနာမ်၊ရုပ်အာရုံ၌၊ တည်နားအောင်၊သမ္ပယုတ်တ ရားတို့ကိုထားတတ်သော ဧကဂ္ဂတာစေတသိက်သည်၊ သမ္မာသ မာဓိမဂ္ဂင်မည်၏။ ၎င်းမဂ္ဂင်-၈-ပါးတို့သည်။ ထပ်ခါထပ်ခါ၊ဖြစ် လျက်ရှိနေသောကြောင့်၊ မဂ္ဂသစ္စာကို၊ပွါးသည်မည်၏။ ၎င်းသ စ္စာ-၃-ပါးပွါးများ၍ နေသောအခါ၊ နိရောဓသစ္စာသို့၊ ကိုင်းရှိုင်း သည်မည်သောကြောင့်၊ နိရောဓသစ္စာနိဗ္ဗာန်ကို၊ မျက်မှောက်ပြု သည်မည်၏။ဤသို့သောနည်းအားဖြင့်၊ကာမာဝစရ၊အနုဗောဓ ဉာဏ်ဖြင့်သစ္စာ-၄-ပါးကို၊ သိသည်မည်သောကြောင့်။ သေသ ဖြင့်လည်းအပါယ်-၄-ပါးသို့လားရန်မရှိ။သောတာပန်ကြီးနှင့်အ လားတူသောကြောင့်။စူဠသောတာပန်ဟူ၍လည်းခေါ်ထိုက်၏။ ။ ဤကဲ့သို့ ကာမာဝစရအနုဗောဓဉာဏ်ဖြင့်။ သစ္စာ-၄-ပါးကိုသိ မြင်ရန်။ ကြိမ်ဘန်များစွာ၊ ပွါးများအားထုတ်ကြပါမှ။ တဘဝ ထက်၊တဘဝ။ဘဆင့်တဆင့်။ ဉာဏ်ကြီးရင့်၍။ သစ္စာ-၄-ချက် တို့ကို၊ထင်ထင်ကွက်ကွက်။ တပြိုင်နက်တချက်တည်းပြီးစေနိုင် သောလောကုတ္တရာပဋိဝေဓဉာဏ်ကို၊ ရနိုင်ကြရန်အကြောင်း ဖြစ်ချေမည်။လောကုတ္တရာပဋိဝေဓဉာဏ်သည်။လောကီကာမာ ဝစရအနုဗောဓဉာဏ်နှင့်ကင်း၍ မဖြစ်နိုင်ခြင်းကိုလည်း။ ။ဒုဝိ ဓံဟိသစ္စဉာဏံအနုဗောဓဉာဏဉ္စ ပဋိဝေဓဉာဏဉ္စ။ တတ္ထ အနုဗောဓဉာဏံလောကိယံ။ အနုဿဝါဒိဝသေန နိရောဓေမ ဂ္ဂေစပဝတ္တတိ။ ပဋိဝေဓဉာဏံလောကုတ္တရံ။ နိရောဓမာရမ္မဏံ ကတွာကိစ္စတောစတ္တာရိပိသစ္စာနိပဋိဝိဇ္ဈတိ။ ။ဟုသစ္စဝိဘင်းအ ဋ္ဌကထာ၌ဆို၏။ ။ဟိ-သစ္စံ၊မှန်၏။အနုဗောဓဉာဏဉ္စ၊အဘန်

တလဲလဲဆင်ခြင်မှုသိသောကာမာဝစရအနုဗောဓညာဏ်လည်း
ကောင်း။ဝါ၊တဆင့်ကြားခြင်းအခြင်းအရာကိုယူ၍၊ ကြံစည်သ
ဖြင့်သိခြင်းဟူသောကာမာဝစရအနုဗောဓဉာဏ်လည်းကောင်း။
ပဋိဝေဓညာဏာ၊ထိုးထွင်း၍ သိတတ်သော လောကုတ္တရာမဂ်
ဉာဏ်လည်းကောင်း။ဉာတိ၊ဤသို့။သစ္စဉာဏံ၊သစ္စာကိုသိသော
ဉာဏ်သည်။ဒုဝိဓံ၊နှစ်ပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။ ။တတ္ထ၊
ထိုနှစ်ပါးသောဉာဏ်တို့တွင်။လောကိယံ၊လောကီဖြစ်သော။အနု
ဗောဓဉာဏံ၊ကာမာဝစရအနုဗောဓဉာဏ်သည်။ အနုဿဝါဒိ
ဝသေန၊တဆင့်ကြားခြင်းစသည်တို့၏အစွမ်းအားဖြင့်။ နိရောဓေ
စ၊နိရောဓသစ္စာ၌၎င်း။မဂ္ဂေစ၊မဂ္ဂသစ္စာ၌၎င်း။ပဝတ္တတိ၊ဖြစ်၏။ ။
လောကုတ္တရံ၊လောကုတ္တရာဖြစ်သော။ပဋိဝေဓဉာဏံ၊ပဋိဝေဓ
ဉာဏ်သည်။နိရောဓံ၊နိဗ္ဗာန်ကို။အာရမ္မဏံကတွာ၊အာရုံပြု၍။ကိစ္စ
တော၊ကိစ္စအားဖြင့်။စတ္တာရိပိ၊၄-ပါးလည်းဖြစ်ကုန်သော။သစ္စာ
နိ၊သစ္စာတို့ကို။ပဋိဝိဇ္ဈတိ၊ထိုးထွင်း၍သိ၏။ ။အနုဗောဓဉာဏ်၊ပ
ဋိဝေဓဉာဏ်အားဖြင့်၊သစ္စဉာဏ်-၂-ပါးတို့တွင်။အနုဗောဓမည်
သောကာမာဝစရ၊ လောကီဉာဏ်သည်။ ဒုက္ခသစ္စာ၊ သမုဒယ
သစ္စာ-၂-ပါးကို။အာရုံပြုသောအားဖြင့်သိ၏။ နိရောဓသစ္စာ၊မဂ္ဂ
သစ္စာ-၂-ပါးကို။တဆင့်ကြားခြင်းစသည်တို့၏အစွမ်းဖြင့်သိ၏၊
ပဋိဝေဓမည်သော လောကုတ္တရာမဂ်ဉာဏ်သည်။ ဒုက္ခသစ္စာကို
ပိုင်းခြားခြင်း။သမုဒယသစ္စာကိုပယ်ခြင်း။ နိရောဓသစ္စာကိုမျက်
မှောက်ပြုခြင်း။မဂ္ဂသစ္စာကိုပွါးစေခြင်းအားဖြင့်ကိစ္စ-၄-ပါးကို။
ဆီမီးကဲ့သို့ တပြိုင်နက်။နိဗ္ဗာန်ကို။ အာရုံပြုသောအားဖြင့်၊ ကြွင်း
သစ္စာ-၃-ပါးကို၊မတွေဝေသောအားဖြင့်သိ၏ဟူလိုသည်။

ယသ္မာအနုဗောဓပုဗ္ဗကော ပဋိဝေဓော အနုဗောဓေနဝိနာ နဟော
တိ။အနုဗောဓောပိ ဧကစ္စောပဋိဝေဓသမ္ဗန္ဓော။တဒုဘယာဘာဝ
ဟေတုကဉ္စ ဝဋ္ဋေသံသရဏံ။တသ္မာဝုတ္တံအနနုဗောဓာအပ္ပဋိဝေ
ဓာမမဉ္စေဝတုမှာကဉ္စာတိ။ ။တေရသကဏ်ဋီကာ။ ။ယသ္မာ၊အ
ကြင်ကြောင့်။အနုဗောဓပုဗ္ဗကော၊ အနုဗောဓမည်သောကာမာ

ဝစရဉာဏ်ရှေ့သွားရှိသော။ပဋိဝေဓော၊ပဋိဝေဓလောကုတ္တရာ
ဉာဏ်သည်၊ အနုဗောဓေန၊ အနုဗောဓဖြစ်သော ကာမာဝစရ
ဉာဏ်နှင့်။ဝိနာ၊ကင်း၍။နဟောတိ၊မဖြစ်ကောင်း။ ။ဧကစ္စော၊အ
ချို့သော။ အနုဗောဓောပိ၊ အနုဗောဓဂေါတြဘူစသောကာမာဝ
စရဉာဏ်သည်ကား။ပဋိဝေဓသမ္ဗန္ဓော၊ ပဋိဝေဓဖြစ်သောလော
ကုတ္တရာဉာဏ်နှင့်စပ်၍။ ။အာဒဘာယာဘာဝဟောတုကာမ္ဗ၊ ထို
ဉာဏ်နှစ်ပါးတို့၏မရှိခြင်းကြောင့်သာလျှင်။ဝဋ္ဋေ၊သံသရာဝဋ်၌။
သံသရဏံ၊ကျင်လည်ရခြင်းသည်။ဟောတိ၊ဖြစ်၏။ ။တဆွာ၊
ထို့ကြောင့်။အနနုဗောဓာအပ္ပဋိဝေဓာမမဋ္ဌဝ တုမှာကဋ္ဌာတိ၊
ဟူ၍။ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်
၏။ ။ဤကား။အနနုဗောဓာ အပ္ပဋိဝေဓာဟူသောပါဠိတော်၌၊
ရအပ်သော။ အနုဗောဓဉာဏ်၊ ပဋိဝေဓဉာဏ်-၂-ပါးတို့ ပေ
တည်း။ ။ဧဝမိဒံဒိဇိသမဋ္ဌါနံ၊စသောပါဠိတော်၏ အဓိပ္ပါယ်ကား။
ဤသို့သစ္စာ-၄-ပါးတရားတို့ကို။ နှစ်ပါးသောဉာဏ်တို့ဖြင့်၊ မသိ
ခြင်းကြောင့်။သံယောဇဉ်။ဓမ္မဆယ်စင်း။သံကွင်းကြောညွှတ်ဖြင့်။
လုပ္ပတ်နှောင်တုပ်၍။ အယုတ်အမြတ်အားဖြင့်-၂-ပါးသောလော
ကီကုသိုလ်၊ အကုသိုလ်ဓမ္မသည်၊ ပဋိစ္စသမုပ္ပါဒ်စက်ဖြင့်။ ဝန်း
ရှက်ရံကာ၍။အဝိဇ္ဇာတည်းဟူသော၊ကျည်းရွက်တံခါးဖြင့်။ပိတ်
ထားသေသပ်လှစွာ။ တဏှာရာဂတည်းဟူသော၊ မင်းတုပ်ဖြင့်။
ချုပ်ချုပ်ကိုက်ချလျက်။ဘဝ-၃-ပါးတည်းဟူသော နှောင်အိမ်
တိုက်ချက်၌။ကန့်ကွက်စီရင်၊ဆွဲငင်ပစ်ချသောကြောင့်။ ထိုဘဝ
မှသည်၊ဤဘဝ။ဤဘဝမှသည်၊ထိုဘဝ။ဆုံးစမရှိ၊ပဋိသန္ဓေ၏အ
စွမ်းအားဖြင့်၊ယောင်ယမ်းပြေးသွားကြလျက်။ရာဂ၊ဒေါသ၊မော
ဟ၊ မာန၊ ဒိဋ္ဌိအားဖြင့်။ ငါးပါးသောဆူးငြောင့်တံသင်းတို့သည်။
ထုတ်ချင်းပေါက် စူးရှလျက်။ များလှသောင်းသောင်း။ မီးခိုးစုအ
ပေါင်းတို့သည်။တခြောင်းခြောင်းတက်ပျံ၍။အလျှံပြောင်ပြောင်။
တောက်လောင်စွဲငြိ။ရဲရဲညီသော၊အဝိစိမီးမျှမက။ ပူပြင်းလှစွာသော
ရာဂ၊ဒေါသ၊ မောဟ၊ဇာတိ၊ ဇရာ၊မရဏ၊ သောက၊ ပရိဒေဝ၊

ဒုက္ခ၊ဒေါမနဿ၊ ဥပါယာသအားဖြင့်-၁၁-ပါးသောမီးတို့သည်၊ တညီးညီးတပြောင်ပြောင်။တောက်လောင်ရှိန်ပြင်း။ဝန်းမကင်း၍။ ညွတ်ကွင်းရစ်ပတ်။စက်ရဟတ်ချား။ယန္တရားနှင့်။သွားလ ည့် လည့်ရသော နွားတို့နှင့်အတူတမျှ၊ ။အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ န ပညာယတိ။ ဟူသောအနမတဂ္ဂသုတ္တန် ဒေသနာ၊ပါဠိတော်မြွက်နှင့်အညီ၊မုံစိဖြန့်ချဲ့။အကြွင်းမဲ့ဖြင့်၊ပြံ့ပြံ့ ထင်ထင်၊ရှုမြင်သိစွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်ကွန်ရွက် ကိုဖွင့်၍။ရှုသော်မှလည်း။တခုသောအစအမြွတ်ကိုမသိရသဖြင့်။ အစမထင်။မမြင်နိုင်ဘဲ။ တလဲလဲသွားလာရသော ဘဝသံသရာ နှင့်။ရှည်ကြာမြဲမြံ။အဖန်ဖန်ပင်။ပူပန်ပြင်းပြ။ငရဲစသည်။ ဒုက္ခမျိုးပုံ။ အသဲတုန်မျှ။အဖုံဖုံခံစားရ၍၊ငါဘုရားသည်ရှင်း။ သင်ချစ်သားတို့ သည်ရှင်း။မရပ်မနား။ ရဟတ်ချားသို့။ ပြေးသွားကျင်လည်ကြရ လှလေပြီဟူလိုသတည်း။ ။ယင်းသို့ဖြစ်၍၊သစ္စာ-၄-ပါးတရား တို့ကို၊နှစ်ပါးသောဉာဏ်တို့ဖြင့်။ ဝေဘန်ခွဲခြမ်း၍၊ သိစွမ်းနိုင်ကြ အောင်။ဒါန၊သီလ၊ဘာဝနာ၊သိက္ခာ-၃-ပါးတို့ကို။ ကြိုးစားအား ထုတ်စောင့်ရှောက်ကြရမည်ဟူလိုသည်။ ။မကျဉ်းမကျယ်။ သိလွယ်မှတ်သားနိုင်လောက်အောင်။ ရေးသားပြုပြင်။ စီရင်အပ် သော၊ ပရမတ္ထပကာသနီ။သညီမည်မှန်း။ ဤသည့်ကျမ်းသည်။ ခါးပန်းဤတွင်သတ်လတ်ပြီ။

ပရမတ္ထပကာသနီကျမ်းပြီး၏။